# ရခိုင်ပြည်နယ်

# ကျောက်ဖြူမြို့နယ်

# ၏

# ဖြစ်စဉ်သမိုင်း

# မှတ်တမ်း

ကျောက်ဖြူ ၁၀၊ ၅၊ ၈၂

## ကျောက်ဖြူမြို့နယ်သမိုင်း-မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၏အမှာစာ | | |
| ၂။ | နိဒါန်း | | |
| ၃။ | သမိုင်းဖြစ်စဉ် | | |
| | (က) မြို့စတင်တည်ထောင်ခြင်း | ၁ | ၁ |
| | (ခ) ထင်ရှားသောဘုရားပုထိုးများ | ၂ | ၂ |
| | (ဂ) ဗြိတိသျှခေတ်အုပ်ချုပ်ရေး | ၂ | ၃ |
| | (ဃ) ဗြိတိသျှခေတ်လူနေမှုဘဝနှင့် စီးပွားရေးဘဝ | ၃ | ၃ |
| | (င) ဗြိတိသျှခေတ်မြို့နှင့် မြို့နယ်စည်ပင်သာယာရေး | ၃ | ၃ |
| | (စ) တည်နေရာနှင့်အကျယ်အဝန်း | ၄ | ၆ |
| | (ဆ) ရာသီဥတု | ၆ | ၈ |
| | (ဇ) သဘာဝပေါက်ပင် | ၈ | ၈ |
| | (ဈ) တိရစ္ဆာန်များ | ၈ | ၈ |
| | (ည) လူဦးရေ | ၉ | ၁၅ |
| ၄။ | နိုင်ငံရေးဖြစ်စဉ် | | |
| | (က) ကိုလိုနီခေတ် နိုင်ငံရေးဖြစ်စဉ် | ၁၆ | ၁၉ |
| | (ခ) ပါလီမန်ဒီမိုကရေစီခေတ် နိုင်ငံရေးဖြစ်စဉ် | ၁၉ | ၂၁ |
| | (ဂ) ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေး နိုင်ငံရေးအခြေအနေ | ၂၁ | ၂၈ |
| | ၁။တော်လှန်ရေးကောင်စီကာလ နိုင်ငံရေးအခြေအနေ | | |
| | ၂။ အမြိုတေပါတီကာလနိုင်ငံရေးအခြေအနေ | | |
| | ၃။ ပြည်သူ့ပါတီကာလ နိုင်ငံရေးအခြေအနေ | | |
| ၅။ | စီးပွားရေးဖြစ်စဉ် | | |
| | (က) လယ်ယာကဏ္ဍ | ၂၉ | ၃၁ |
| | (ခ) သားငါးကဏ္ဍ | ၃၁ | ၃၂ |
| | (ဂ) သစ်တောကဏ္ဍ | ၃၂ | ၃၂ |
| | (ဃ) သတ္တုကဏ္ဍ | ၃၂ | ၃၃ |
| | (င) စက်မှုကဏ္ဍ | ၃၃ | ၃၆ |

<u>ကျောက်ဖြူမြို့နယ်သမိုင်း-မာတိကာ</u>

| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | (စ) လျှပ်စစ်ကဏ္ဍ | ၃၆ | ၃၆ |
| | (ဆ) ဆောက်လုပ်ရေးကဏ္ဍ | ၃၇ | ၃၇ |
| | (ဇ) ကုန်သွယ်ရေးကဏ္ဍ | ၃၇ | ၃၈ |
| | (ဈ) ပြည်သူ့ဘဏ္ဍာရေးကဏ္ဍ | ၃၉ | ၄၂ |
| | (ည) ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ | ၄၃ | ၄၉ |
| ၆။ | <u>လူမှုရေးဖြစ်စဉ်</u> | | |
| | (က) ပညာရေး | ၅၀ | ၅၉ |
| | (ခ) ကျန်းမာရေး | ၆၀ | ၆၄ |
| | (ဂ) သီးခြားလူမှုရေး | ၆၅ | ၈၄ |
| ၇။ | <u>ယဉ်ကျေးမှုဖြစ်စဉ်</u> | | |
| | (က) တိုင်းရင်းသားရိုးရာယဉ်ကျေးမှု | ၈၅ | ၈၆ |
| | (ခ) ရိုးရာအားကစား | ၈၆ | ၈၈ |
| | (ဂ) ပန်းချီပန်းပုအနုပညာ | ၈၉ | ၈၉ |
| | (ဃ) ဘာသာရေးနှင့် ယုံကြည်ကိုးကွယ်မှု | ၈၉ | ၈၉ |
| | (င) စာပေ | ၈၉ | ၉၀ |
| ၈။ | <u>နိဂုံး ။ ။</u> | ၉၁ | ၉၁ |

## အမှာစာ

ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ၏ ညွှန်ကြားချက်အရ၊ မြို့နယ်ပြည်သူ့ကောင်စီများသည် မိမိတို့၏ မြို့နယ်သမိုင်း ကို ရေးသားပြုစုရန် စီစဉ်ကြရပေသည်။ မြို့နယ်တစ်ခု၏သမိုင်းကို ရေးသားပြုစုရာတွင် အချက်အလက် အထောက် အထား သာမက၊ လိုအပ်သောအချိန်ကာလကိုလည်း ထားရှိ၍ ရေးသားပြုစုရပေသည်။ ဤကျောက်ဖြူမြို့နယ် သမိုင်းကို ၁၉၈၁-ခုနှစ်၊ ဩဂုတ်လမှ စတင်၍၊ ပင်မကော်မတီနှင့် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းကာ ဌာနဆိုင် ရာများ၊ လူပုဂ္ဂိုလ်များ၊ အထောက်အထားစာအုပ်စာတမ်းများတို့ဖြင့် စတင်စုစည်းပြီး ဆောင်ရွက်ခဲ့ပါသည်။ ဤသို့စုစည်း ဆောင်ရွက်ရာတွင် အချို့သောအချက်အလက်များကို အခိုင်အမာရရှိနိုင်သော်လည်း၊ အချို့သောအချက်အလက်များမှာ အခိုင်အမာမရှိပဲ သက်ကြီးစကား သက်ငယ်ကြားဆိုသကဲ့သို့ အဆင့်ဆင့် နှုတ်စကားအရသာ ရရှိခဲ့ပါသည်။ ဤကဲ့သို့ အဖြစ်အပျက်များကို တွေ့ရှိရသောအခါ ပိုမိုခိုင်မာစေရန် ကျယ်ကျယ်ပြန့်ပြန့် မေးမြန်းရယူပြီး လူအများကြားဘူးခြင်း၊ ယုတ္တိအစဉ်ရှိခြင်းတို့ကို၊ ထည့်သွင်းဖော်ပြခဲ့ရပါသည်။ ကိန်းဂဏန်းများကို ထည့်သွင်းဖော်ပြရာတွင်လည်း အချို့သော ဇယားများမှာ ဌာနဆိုင်ရာများမှ တိကျပြည့်စုံစွာ ရရှိနိုင်သော်လည်း၊ အချို့သောကိန်းဂဏန်းများမှာ ဌာနဆိုင်ရာအနေဖြင့် ကိုင်တွယ်ကောက်ယူသော ကိန်းဇယားများမဟုတ်သဖြင့်၊ အနီးစပ်ဆုံးနှင့် အမှန်ကန်ဆုံးကို စုံစမ်းမေးမြန်း၍ ဖော်ပြထားခြင်းများရှိပါသည်။

ကျောက်ဖြူမြို့နယ် နိုင်ငံရေးလှုပ်ရှားမှုကဏ္ဍတွင် ခေတ်အပိုင်းအခြားအလိုက်လည်းကောင်း၊ ပါတီအသင်းအဖွဲ့ အလိုက်လည်းကောင်း၊ လှုပ်ရှားမှုကို ဖော်ပြရာတွင်၊ လူပုဂ္ဂိုလ်၏အမည်နာမများကို၊ ယှဉ်တွဲဖော်ပြရပါသည်။ ထိုသို့ဖော်ပြရာတွင် ဦးစီးခေါင်းဆောင်အဖြစ်လည်းကောင်း၊ အထင်အရှားအဖြစ်လည်းကောင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး စသည်ဖြင့် ထိပ်ပိုင်းတာဝန်ကို ထမ်းဆောင်ခဲ့သူများကိုသာ ဖော်ပြခဲ့နိုင်ပြီး၊ ကျန်ရှိသောအဖွဲ့ဝင်များ၊ ကော်မတီများ ကို အလွန်ကျယ်ပြန့်သွားမည်စိုး၍၊ ဖော်ပြနိုင်ခဲ့ခြင်းမရှိပါ။ ၎င်းပြင် နိုင်ငံရေးအဖွဲ့အစည်းများ၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ လှုပ်ရှားဆောင်ရွက်ခဲ့ကြသော လုပ်ငန်းများကိုလည်း အသေးစိတ် အချက်အလက်များထက် အဓိကကျသော ဆောင်ရွက်ချက်များနှင့်၊ ထင်ရှားသော ညီလာခံကြီးများ၊ လူထုစည်းဝေးပွဲကြီးများကိုသာ ဖော်ပြနိုင်ပါသည်။ နိုင်ငံရေးအသင်းအဖွဲ့များအပေါ်တွင်လည်း အယူအဆရေးရာအရ ဝေဖန်ဖော်ပြခြင်းမပြုပဲ၊ ပကတိဖြစ်ပျက်ခဲ့သော ကိစ္စများကိုသာ အရင်းခံအတိုင်း ဖော်ပြထားပါသည်။

ဤကျောက်ဖြူမြို့နယ်သမိုင်းစာတမ်းကို ကျောက်ဖြူမြို့နယ် ပြည်သူ့ကောင်စီအနေဖြင့် တာဝန်ယူပြုစုရာတွင် ပါဝင်ဆောင်ရွက်ကြသော အထောက်အကူပြု ကော်မတီအသီးသီးများအားလည်းကောင်း၊ အချက်အလက်များကိုလည်းကောင်း၊ စာရင်းဇယားများကို ရှာဖွေပြုစုပေးကြသော ဌာနဆိုင်ရာများကိုလည်းကောင်း၊ သမိုင်းမှတ်တမ်းအချက်အလက်များကို ပြောပြခဲ့ကြသော ရှေးမှီ-နောက်မှီ ပုဂ္ဂိုလ်များကိုလည်းကောင်း၊ အထောက်အထား စာအုပ်စာတမ်းများ၊ ငှားရမ်းပြုစုပေးကြသော သမိုင်းပြုစုရေးအဖွဲ့ကိုလည်းကောင်း၊ ဤစာအုပ်ပြီးစီးသည်အထိ အစအဆုံးပါဝင် တာဝန်ယူခဲ့ကြသည့် မြို့နယ်ပြည်သူ့ကောင်စီရုံး၊ ရုံးအဖွဲ့ကို လည်းကောင်း၊ မြို့နယ်ပြည်သူ့ကောင်စီအနေဖြင့်၊ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**(အလုပ်အမှုဆောင်အဖွဲ့)**
**မြို့နယ်ပြည်သူ့ကောင်စီ-ကျောက်ဖြူမြို့**

---------***---------

## နိဒါန်း

အတိတ်ကဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို မျက်မှောက်ကာလ လူများက သမိုင်းအဖြစ် လေ့လာကြသည်။ တဖန်ပစ္စုပ္ပန်ကာလ ဆောင်ရွက်ချက်များသည် အနာဂတ်ကာလအတွက် သမိုင်းဝင်ကိစ္စရပ်များ ဖြစ်လာပြန်သည်။ ဤသို့လျှင် လူသားတို့၏လှုပ်ရှားကြိုးပန်းမှုများသည် သမိုင်းရေစီးကြောင်းထဲသို့ ရောက်ရှိသွားကြစမြဲဖြစ်ပေသည်။ လူ့သမိုင်း၏အနာဂတ်ကို တိကျစွာမျှော်မှန်းမရနိုင်သော်လည်း အတိတ်သမိုင်းကိုမူ မှတ်သားစရာ၊ သင်ခန်းစာယူစရာ၊ မြောက်များစွာဖြင့် တွေ့ရှိကြရသည်။

သမိုင်းကို လေ့လာသောအခါ ဖြစ်ပျက်စဉ်များကို တွေ့ရပေသည်။ အဖြစ်အပျက်တိုင်းတွင် အကြောင်းတရားနှင့် အကျိုးတရား ဒွန်တွဲလျှက်ရှိရာ သမိုင်းဟူသည် ကြောင်းကျိုးဖြစ်စဉ်သာ ဖြစ်ပေသည်။ နိုင်ငံတော်၏အရေးအခင်းသည် နိုင်ငံရေးပင်ဖြစ်သည်။ သမိုင်းနှင့်နိုင်ငံရေးကို ခွဲခြား၍မရပေ။ အဘယ်ကြောင့်ဟူမူ သမိုင်းမသိဘဲ နိုင်ငံရေးကိုအလေ့လာနိုင်သကဲ့သို့ နိုင်ငံရေးလေ့လာရင်းနှင့်၊ သမိုင်းကိုလေ့လာပြီး ဖြစ်နေပေသည်။ သမိုင်းဖြစ်စဉ်သည် နိုင်ငံရေးဖြစ်စဉ်ဖြစ်သကဲ့သို့ နိုင်ငံရေးဖြစ်စဉ်သည်လည်း သမိုင်းဖြစ်စဉ်ပင် ဖြစ်ပေသည်။

ကျောက်ဖြူမြို့သမိုင်းကို လေ့လာလျှင်၊ ကျောက်ဖြူမြို့နယ်၏ နိုင်ငံရေးကို လေ့လာပြီးဖြစ်ပေသည်။ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုသည် နိုင်ငံရေး၏ကိုယ်ခွဲဆောင်ရွက်ချက်များ ဖြစ်ကြသည်။ သို့ဖြစ်၍ ကျောက်ဖြူမြို့နယ်သမိုင်းတွင် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုတို့ပါ စုံညီစွာ ထည့်သွင်းဖော်ပြထားရပေသည်။ ဤကျောက်ဖြူမြို့နယ် အတိတ်သမိုင်းကို ယနေ့ပစ္စုပ္ပန်တွင် တည်ဆောက်နေသောဆိုရှယ်လစ် တော်လှန်ရေးအတွက် အထောက်အကူပြုစေရန် အထူးရည်ရွယ်၍ ရေးသားအပ်ပါသည်။ ၎င်းပြင် အနာဂတ်ကျောက်ဖြူမြို့နယ်အတွက် တင့်တယ်ခိုင်မာသော သမိုင်းသစ်ကို ဆက်လက်ဖန်တီးထူထောင်နိုင်ရန်အတွက်လည်း အုတ်မြစ်ဖြစ်ပါစေရန် ရည်သန်အပ်ပါကြောင်း✱✱✱

# သမိုင်းဖြစ်စဉ်

ကျောက်ဖြူမြို့နယ်သမိုင်းကို ရေးသားပြုစုရာတွင်၊ ရှေးကရှိခဲ့သော မှတ်တမ်းအထောက်အထား၊ စာအုပ်စာတမ်းများ၊ သမိုင်းဝင်အဖြစ်အပျက်များ၊ ရှေးလူကြီးများ၏ အဆိုအမိန့်များနှင့် သမိုင်းဝင်ဖြစ်ရပ်များကို လက်လှမ်းမှီသမျှ ကိုးကား၍ ရေးသားပြုစုရပါသည်။

အထူးသဖြင့် အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲ (၁၈၂၄-၁၈၂၆)ကာလနောက်ပိုင်း အဖြစ်အပျက်များသည်သာ၊ မှတ်တမ်းမှတ်ရာများနှင့် တိကျခိုင်လုံပြည့်စုံစွာ တွေ့ရှိနိုင်ပါသည်။ သို့အတွက် ဤကျောက်ဖြူမြို့နယ်သမိုင်းကို ပြည့်စုံခိုင်လုံစေရန်အတွက် တတ်စွမ်းသမျှ အကူအညီများ ရယူ၍ ပြုစုလိုက်ရပေသည်။

## (က) ကျောက်ဖြူမြို့စတင်တည်ထောင်ပုံ

ယခုတည်ရှိနေသော ကျောက်ဖြူမြို့သည် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ ခန့်က တည်ဆောက်ခဲ့သော မြို့တစ်မြို့ပင်ဖြစ်ပါသည်။ ကျောက်ဖြူမြို့တည်နေရာသည် အေဒီ ၁၈၀၀ ကာလ မတိုင်မီကပင် ရေလွှမ်းမိုးနေသောကုန်းများ၊ ချိုင့်ဝှမ်းများနှင့်၊ ဆားငံရေများ လွှမ်းမိုးခဲ့သော နေရာတစ်ခု ဖြစ်ပါသည်။ ယခုစေတီတောင်ရပ်ကွက်နေရာသည် လှေကြီး၊ သမ္ဗာန်ကြီးများ ဝင်ထွက်ခဲ့သောဆိပ် ဖြစ်ပါသည်။

မြန်မာသက္ကရာဇ် ၇၉၃ ခုနှစ်တွင် မင်းစောမွန်ကြီးသည်၊ အမတ်ကြီးအနန္တသူရိယနှင့် မြင်းစည်ပါ ပညာရှိတို့ကို တိုင်ပင်၍ ရမ်းဗြဲ၊ သံတွဲ၊ မာန်အောင် ဒေသများသို့ မြို့ရွာတည်စေရန် စေလွှတ်ချက်အရ၊ အမတ်ကြီးနှစ်ဦးသည် စနဲရွာမှ စတင်တက်ရောက်ပြီး၊ အစီအစဉ်အတိုင်း ရွာတည်ထောင်ခဲ့ရာ၊ ယခုကျောက်ဖြူမြို့ အနောက်တောင်ဘက်ရှိ ကျောက်ဖြူတောင်ပေါ်တွင်ရှိသော သန့်ရှင်းသည့် ကျောက်သလင်းဖြူကြီး(၂)လုံးကို အစွဲပြု၍ ယခုဂုံးချိန်ရွာ၏ အရှေ့မြောက်ဘက် (စည်ဘုတ်သေ)ကျေးရွာနေရာတွင် ကျောက်ဖြူရွာကို တည်ထားစေခဲ့ပါသည်။

ပထမအင်္ဂလိပ်မြန်မာစစ်ပွဲ မဖြစ်မီ အေဒီ ၁၇၈၄ ခုနှစ်ခန့်တွင်၊ ရခိုင်လူမျိုးများက မြန်မာဘုရင်ထံတွင်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတောင်းခံရန် ခွင့်မပြုသဖြင့် ပုန်ကန်ထကြွမှုများ ပေါ်ပေါက်ခဲ့သည်။ ရခိုင်မျိုးချစ်ပုဂ္ဂိုလ်များနှင့် အကြီးအကဲများတွင် ထင်ရှားခဲ့သော ပုဂ္ဂိုလ်များမှာ ဗိုလ်သံဒွေနှင့် ၎င်း၏သား ဗိုလ်ချင်းပျံတို့ ဖြစ်ကြသည်။ ဗိုလ်ချင်းပျံတို့ ဘင်္ဂလားပြည်နယ်သို့ ဝင်ရောက်ခိုလှုံကြသည်မှစ၍၊ ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ အာဏာပိုင်များနှင့်၊ မြန်မာဘုရင်များ စတင်စစ်ဖြစ်ပြီး ရန္တပိုစာချုပ်အရ ရခိုင်ဒေသသည် အရှေ့အိန္ဒိယကုမ္ပဏီလက်အောက်သို့ ကျရောက်ခဲ့ရသည်။ <u>အရှေ့အိန္ဒိယကုမ္ပဏီလက်နက်ကိုင်တပ်များကို ကွပ်ကဲအုပ်ချုပ်သူ ဗိုလ်ချုပ်ကြီး</u> ဆာအာဘောလ်ကင်ဘဲ(စ်)က ဦးဆောင်ပြီး ကျောက်ဖြူကျွန်းဦးသို့ တက်ရောက်တပ်စွဲခဲ့လေသည်။ ပင်လယ်ကမ်းခြေရှိ အလွန်လှပသော ချိုင်နေရာကို နှစ်သက်စွဲလမ်းပြီး တပ်စွဲ၍ နေခဲ့ရာမှ အရောင်းအဝယ်ဈေး ဖြစ်လာသည်ကို အကြောင်းပြု၍၊ ကုမ္ပဏီဈေးရွာဟု ခေါ်တွင်ခဲ့ပါသည်။

ယခုကျောက်ဖြူမြို့ အရှေ့မြောက်ဘက်တွင် တံငါရွာလေးတစ်ရွာ တည်ရှိခဲ့ပါသည်။ ၎င်းရွာသည် မြစ်ရေတိုက်စားမှုကြောင့်၊ ကျောက်ဖြူမြစ်ရေအောက်သို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။ ၎င်းတံငါရွာလေးမှ အနောက်တောင်ဘက် ကုန်းမြင့်နေ့ရာကို ရွေးချယ်ပြီး (၁၈၃၇)ခုနှစ်တွင် ဗြိတိသျှအစိုးရသည် ကျောက်ဖြူမြို့ကို စတင်တည်ထောင်ခဲ့ပါသည်။

## (ခ) ထင်ရှားသော စေတီပုထိုးများ

### ၁။ ကျောက်တလုံးဘုရား

ကျောက်ဖြူမင်းပြင်သွား ကားလမ်းတွင် တည်ရှိပြီး၊ ကျောက်ဖြူမြို့မှ (၃)မိုင်(၃)ဖာလုံအကွာတွင် တည်ရှိပါသည်။ သက္ကရာဇ် ၈၉၃-ခုတွင် နန်းတက်သော မင်းဗာကြီးလက်ထက်တွင် ကျောက်တလုံးစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ကြောင်း သိရှိရပါသည်။ ၎င်းနောက် ရေနံ့ဗိုလ်ဦးပန်းလှ။ ကုန်သည်ကြီး ဦးအောင်လှ၊ ပညာဝန် ဦးကုလား၊ ရှေ့နေကြီး ဦးစံထွန်းတို့က ကျောက်တလုံးကြီးကို၊ ဂူပေါက်များထွင်းထုပြီး၊ ပန်းချီပန်းနွယ်များဖြင့် ဘုရားရုပ်ပွားတော်များ တည်ထားကိုးကွယ်ခဲ့ပါသည်။

### ၂။ <u>ဂန့်ဂေါ်တောဘုရား</u>

ကျောက်ဖြူမြို့မှ (၅)မိုင်အကွာ ဂုံးချိန်ရွာအလွန်တွင် တည်ရှိပါသည်။ ဂုံးချိန်ရွာအောက်ချောင်းငယ်မှ ပေါ်တော်မူ ဆင်းထုတော်ဘုရား ဖြစ်ပါသည်။ မူလကိုးကွယ်ခဲ့သည့်ရွာမှာ ပျဉ်းလှေကားတစ်ထောင်ရွာ ဖြစ်ခဲ့ပါသည်။

### ၃။ စနဲကံပြင်စုလျောင်းတော်မူဘုရား

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀)ခန့်က တည်ထားခဲ့သော လျောင်းတော်မူဘုရားကြီး ဖြစ်ပါသည်။

### ၄။ အရှေ့ထိန်ဒွေရွာစာတ်တော်စေတီ

စနဲရွာ၊ အရှေ့ထိန်ဒွေရွာတွင် တည်ရှိသည့် ထင်ရှားသောမြေစိုက်စေတီ တစ်ဆူဖြစ်ပါသည်။

### ၅။ စေတီတော်ဘုရား

၁၉၃၀-ခုနှစ်တွင် တည်ထားသော လျောင်းတော်မူဘုရားကြီး ဖြစ်ပါသည်။ ကျောက်ဖြူမြို့၏တောင်ဘက်တွင် ရှိပါသည်။

### ၆။ စေတယ္ယတောင်ဘုရား

ကျောက်ဖြူမြို့ အနောက်ဘက်ကုမ္ပဏီကျေးရွာအနီးတွင် တည်ရှိသည်။ သာသနာရေးဝန်ကြီးဟောင်း ဦးဘစော နှင့် ဒါယကာမများက စုပေါင်းတည်ထားခဲ့သော ဓာတ်ပေါင်းစုစေတီတစ်ဆူပင် ဖြစ်ပါသည်။

## (ဂ) ဗြိတိသျှခေတ်အုပ်ချုပ်မှု

ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီသည် စီရင်စုအုပ်ချုပ်ရေးနယ်ပယ်များ သတ်မှတ်၍၊ ကျောက်ဖြူ ရမ်းဗြဲ၊ မာန်အောင်စသော မြို့များကို အုပ်ချုပ်စေသည်။ (ရမ်းဗြဲဒိစတြိတ်) ခေါ် ခရိုင်ရုံးကို ရမ်းဗြဲမြို့တွင်ထား၍ အုပ်ချုပ်ခဲ့ပါသည်။ ၎င်းအချိန်တွင် အမ်းမြို့သည်လည်း ခရိုင်မြို့ဖြစ်ခဲ့ရာ၊ အမ်းမြို့တွင် ရောဂါဝေဒနာအဖျားအနာထူပြောလှသဖြင့် အမ်းခရိုင်ကို ဖျက်သိမ်းပြီး ၁၈၄၅-ခုတွင် ကျောက်ဖြူမြို့သို့ ပြောင်းရွှေ့ခဲ့ပါသည်။ တဖန် ရမ်းဗြဲခရိုင်နှင့် ပူးပေါင်းကာ ခရိုင်အုပ်ချုပ်ရေးကို ၁၈၅၂-ခုနှစ်တွင် ကျောက်ဖြူမြို့သို့ ပြောင်းရွှေ့အုပ်ချုပ်စေခဲ့ပါသည်။

ကျောက်ဖြူမြို့တွင် ခရိုင်အုပ်ချုပ်ရေးရုံး (ခရိုင်အဆင့်အတန်းနှင့်ညီသော အုပ်ချုပ်ရေးရုံး)များ၊ ခရိုင်ရာဇဝတ်ရုံးများ(ပြည်သူ့ရဲ)၊ ရာဘက်ခရိုင် တရားမရုံးနှင့်၊ စက်ရှင်တရားသူကြီးရုံးများကို တစတစတိုးချဲ့ဖွဲ့စည်းပြီး၊ အကျဉ်းထောင်များကို တည်ထောင်ဖွဲ့စည်းခဲ့သည်။ အထက်တန်းစာသင်ကျောင်းများကိုလည်း တည်ထောင်ဖွဲ့စည်းခဲ့ သည်။ ဗြိတိသျှကိုလိုနီခေတ်တွင် ခရိုင်ဝန်(အရေးပိုင်)ကို အဓိကမဏ္ဍိုင်ထား၍ ဖွဲ့စည်းသောအုပ်ချုပ်ရေးဖြစ်ခဲ့ရာ၊ ကျောက်ဖြူခရိုင်ဝန်များသည် အများအားဖြင့် မျက်နှာဖြူလူမျိုးများသာ ဖြစ်ခဲ့ပါသည်။ ၎င်းထဲတွင် ရခိုင်အမျိုးသား ဦးမြတ်ထွန်းအောင် (၁၈၅၆-၁၉၁၉)သည် မြန်မာလူမျိုးထဲတွင် ပထမဦးဆုံး အရေးပိုင်ရာထူးကို ခန့်အပ်ခြင်းခံရသူဖြစ်ပြီး ငွေဓား၊ ရွှေစလွယ်နှင့် သူရဲကောင်းဘွဲ့ထူးဂုဏ်ထူး၊ သူရဲကောင်းဓားရမင်း (TDM)၊ ကြက်သရေဆောင် ရွှေစလွယ်ရမင်း (KSM)၊ Companion of India Empire အကောက်တော်ရမင်း (ATM) စသည့် အမှုထမ်းကောင်း ဘွဲ့တံဆိပ်များကို ချီးမြှင့်ခြင်းခံရသည်။

## (ဃ) ဗြိတိသျှခေတ် လူနေမှုဘဝနှင့် စီးပွားရေးဘဝ

ဗြိတိသျှကိုလိုနီ အုပ်ချုပ်ရေးစနစ်အောက်တွင် တလမ်းသွား ကျွန်ပညာရေးအစီအမံဖြင့်သာ ပညာသင်ကြားကြရပြီး လူနေမှုဘဝကို နိမ့်ကျစွာဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ နေထိုင်ခဲ့ကြရသည်။ စီးပွားရေးဘဝအနေနှင့်လည်း ထူးခြားစွာမရှိဘဲ၊ ဆင်းရဲပင်ပမ်းစွာ နေထိုင်ခဲ့ရပေသည်။

## (င) ဗြိတိသျှခေတ် မြို့နှင့် မြို့နယ်စည်ပင်ရေး

၁၈၈၅-ခုနှစ်တွင် ကျောက်ဖြူနယ်နိမိတ်ကို သတ်မှတ်၍ မြူနီစီပါယ်အဖွဲ့ဖြင့် အုပ်ချုပ်စေခဲ့သည်။ ဗြိတိသျှခေတ်တွင် အရေးပိုင်က မြူနီစီပါယ်အဖွဲ့ကို မိမိသဘောကျ ခန့်ထားပြီး၊ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မှ မြို့လူထုမှ ရွေးချယ်

တင်မြှောက်ကာ အုပ်ချုပ်ခဲ့ပါသည်။

ဤကား ကျောက်ဖြူမြို့နယ်သမိုင်းအတွက် ပဏာမအနေဖြင့် ရေးသားတင်ပြအပ်သော အချက်အလက်အချို့ အကျဉ်းမျှပင် ဖြစ်ပါသည်။ နောက်တွင် ကဏ္ဍအလိုက် အကျယ်တဝင့် ဆက်လက်တင်ပြထားပါသည်။

## (စ) တည်နေရာနှင့်အကျယ်အဝန်း

ကျောက်ဖြူမြို့နယ်သည် ၁၉၇၄-ခုနှစ်တစ် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း(၁၇)ခုအနက်မှ မြို့နယ်တစ်ခု ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၏ အလယ်ကျကျတွင် တည်ရှိပြီး ရခိုင်ကမ်းရိုးတန်းတလျှောက်ရှိ ကျွန်းကြီးများအနက် ရမ်းဗြဲကျွန်း၏ မြောက်ပိုင်းနှင့် အနီးပါတ်ဝန်းကျင်ရှိ ကျွန်းငယ်များတွင် ပါဝင်ပါသည်။ ကျောက်ဖြူမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၃ဒီဂရီ ၃၀မိနစ်အတွင်းတွင် တည်ရှိသည်။

ကျောက်ဖြူမြို့နယ်၏အကျယ်အဝန်းမှာ ဧရိယာအားဖြင့် (၄၃၄၁၄၄)ဧက (သို့မဟုတ်) (၆၇၈. ၃၅)စတုရန်းမိုင်ဖြစ်ပါသည်။ ကျောက်ဖြူမြို့နယ်တွင် ကျေးရွာပေါင်း (၂၇၇)ရွာ၊ ကျေးရွာအုပ်စုပေါင်း(၅၄)အုပ်စုနှင့် မြို့မရပ်ကွက်ပေါင်း (၁၀)ရပ်ကွက် ပါဝင်ပါသည်။ မြို့နယ်တစ်ခုလုံး၏ အရှေ့ဘက်နှင့် အနောက်ဘက်အကျယ်ဆုံးနေရာသည် (၂၅မိုင်)ဖြစ်ပြီး၊ တောင်နှင့်မြောက်ဘက်အကျယ်ဆုံးနေရာသည် (၃၈)မိုင် ဖြစ်ပါသည်။

## နယ်နိမိတ်

ကျောက်ဖြူမြို့နယ်၏နယ်နိမိတ်မှာ အရှေ့ဘက်တွင် အမ်းမြို့နယ် အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ တောင်ဘက်တွင် ရမ်းဗြဲမြို့နယ်နှင့် မြောက်ဘက်တွင် မြေပုံမြို့နယ်တို့ ဖြစ်ပါသည်။ အနောက်ဘက် နယ်နိမိတ်ကို ရေပြင်အနိမ့်ဆုံးနေရာမှ ပင်လယ်ပြင်ထဲသို့ ၁၂ မိုင်အကွာအဝေးထိ သတ်မှတ်ထားပါသည်။

## မြေမျက်နှာသွင်ပြင်

ကျောက်ဖြူမြို့နယ်အား ရမ်းဗြဲကျွန်းကမ်းခြေပိုင်းဒေသနှင့် ကျွန်းစုပိုင်းဒေသ(ကျွန်းစဉ်)ဟူ၍ နှစ်ပိုင်းခွဲခြားနိုင်ပါ သည်။ ကျောက်ဖြူမြို့နယ်တွင် တောတောင်များ၊ မြေပြန့်များ၊ ဒီရေကျမြေများနှင့် မြစ်ချောင်းများ ပါဝင်ပါသည်။

ကျောက်ဖြူမြို့နယ်ရှိ တောင်များမှာ အမြင့်ဆုံးပေပေါင်း (၁၂၅၂)ပေရှိ နတ်ကန်တောင်(မြို့ချောင်းကျွန်း)၊ ဒုတိယအမြင့်ဆုံးမှာ ပေပေါင်း(၇၁၇)ပေရှိသော မင်းပြင်တောင်တို့ ဖြစ်ပါသည်။ ထို့အပြင် အခြားတောင်ကုန်းများလည်း ပါဝင်ပါသည်။ အဆိုပါတောင်များမှာ ကျောက်တောင်များ၊ ရွှံ့မီးတောင်များနှင့် ထုံးကျောက်တောင်များ ဖြစ်ကြပါသည်။ အထူးသဖြင့် ရမ်းဗြဲကျွန်းပေါ်တွင် ထုံးကျောက်တောင်များ ပေါများပါသည်။

ကျောက်ဖြူမြို့နယ်အတွင်းရှိ မြေနိမ့်လွင်ပြင် အကျယ်အဝန်းမှာ ဧရိယာအားဖြင့် (၅၈၈၃၆)ဧကခန့် ရှိပါသည်။ ၎င်းမြေများမှာ စိုက်ပျိုးလုပ်ကိုင်နိုင်သောမြေများနှင့် ပြုပြင်ဆည်ဖို့၍ စိုက်ပျိုးလုပ်ကိုင်နိုင်သော မြေများ ပါဝင်ပါသည်။ ဒီရေကျမြေများကို ရေငံလွှမ်းမိုးခြင်းမှ ကာကွယ်နိုင်ရန် တာတမံ(ကာရီ)ဆည်ဖို့၍ စိုက်ပျိုးလုပ်ကိုင်နိုင်သော မြေအဖြစ်လုပ်ကိုင်နိုင်သော မြေမျက်နှာသွင်ပြင် လက္ခဏာများ ဖြစ်ကြပါသည်။

ကျောက်ဖြူမြို့နယ်တွင် ကျွန်း(၇၁)ကျွန်းရှိသည့်အနက် ထင်ရှား၍ လူနေစည်ကားသော ကျွန်းကြီးများနှင့် လူသူမနေထိုင်သော ကျွန်းများရှိသည့် ကျေးရွာအုပ်စုအလိုက် တည်ရှိသော ကျွန်းကြီးများကို ဇယား(၁)ဖြင့် ဖော်ပြထားပါသည်။ ယင်းတို့သည် ရမ်းဗြဲကျွန်းကြီးနှင့် အမ်းမြို့နယ်တို့ကြားတွင် တည်ရှိကြပါသည်။

ကျောက်ဖြူမြို့နယ်အတွင်းရှိ ထင်ရှားပြီး ကူးသန်းသွားလာရေးအတွက် အဓိကအသုံးကျသော မြစ်ချောင်းများမှာ လက်ခွါဒွေမြစ်၊ သံဇင်မြစ်(သံဇပ်ရေလက်ကြား)နှင့် အုန်းချောင်း(၎/လပွေ့ချောင်း) မင်းရပ်ချောင်း၊ သိုင်းချောင်း၊ ဘယာချောင်း၊ ပန်းတောပြင်ချောင်း၊ စနဲချောင်း၊ ဂန့်ဂါချောင်း၊ ဝါးတောင်ချောင်း၊ မြို့ချောင်း၊ ရေနံတွေချောင်း၊ ရမ်းပေါက်ချောင်းတို့ဖြစ်ကြပါသည်။

**ဘူမိရုပ်သွင်/ဘူမိဗေဒ**

ကျောက်ဖြူမြို့နယ်၏ ဘူမိရုပ်သွင်မှာ သက်နုကျောက်များ၊ ကျောက်မီးသွေးကျောက်များ(သက်နု)နှင့် နံရံမတ်စောက်သောလွှာတွန့်ခုံး-တောင်စဉ်တောင်တန်းများ၊ လွှာတွန့်ချိုင့်ဝှမ်းများ၊ သလင်းကျောက်မြေများ၊ ယေ့လကျောက်များ၊ သဲကျောက်မြေများ၊ လချေးကျောက်မြေများ၊ ကျောက်စရစ်ဖြူမြေများ၊ မီးတောင်များ၊ ဂဝံဆန်သောမြေဆီရှိသည့် တောင်များ၊ ဝါညိုမဲညို့မြေဆီလွှာများရှိသော တောင်စောင်းများ၊ ရေစိမ့်သဲမြေရှိ ပင်လယ်ကမ်းစပ်များ၊ ဆားပေါက်မြေလွှာ ရှိသည့် ပင်လယ်ဒီရောက်မြေများ ဖြစ်ကြပါသည်။

ကလန်ကြမ်းတောင်၊ ကာတန်းတောင်များမှာ လွှာတွန့်ခုံးတောင်များဖြစ်ပြီး၊ ရေချမ်းကြီးချိုင့်၊ ကုလားဘုန်းချိုင့်၊ ကျောက်ဆည်တောင်ချိုင့်၊ မဒေးကျွန်းကုလားဘာတောင်ချိုင့်၊ ကျောက်ပြောက်ချိုင့်တို့မှာ လွှာတွန့်ချိုင့်များ ဖြစ်ကြပါသည်။ ၎င်းပြင် သန္တာကျောက်များကို ပင်လယ်ကမ်းခြေဒေသများတိုင်းတွင် တွေ့ရှိရပါသည်။

ယေ့လှကျောက်များဖြင့် ဖွဲ့စည်းထားသောမြေများတွင် ရေနံထွက်ရှိသဖြင့် ရှေးခေတ်ရိုးရာ လက်တွင်းများဖြင့် တူးဖော်ခဲ့ရာမှ ယခုအခါ မြန်မာ့ရေနံကော်ပိုရေးရှင်းတို့မှ စက်တွင်းများဖြင့် တူးဖော်နိုင်ရန်အတွက် စမ်းသပ်စီစဉ်လျက်ရှိပါသည်။

## (ဆ) ရာသီဥတု

ကျောက်ဖြူမြို့နယ်သည် အီကွေတာ၏ မြောက်လတ္တီတွဒ် ၁၉ဒီဂရီနှင့် ၂၃½ ဒီဂရီအကြား တည်ရှိသဖြင့် အပူပိုင်းဇုံအတွင်း ကျရောက်ပါသည်။ သို့ရာတွင် ပင်လယ်နှင့်နီးကပ်စွာ တည်ရှိနေခြင်း၊ အမြဲစိမ်းလန်းသော ရခိုင်ရိုးမတောင်ကြောကြီးနှင့် နီးကပ်စွာတည်ရှိနေခြင်း၊ ဆောင်းရာသီတွင် စီးဝင်လာသော အီကွေတာ ရေစီးကြောင်းများ ရှိခြင်း စသည်တို့ကြောင့် ရာသီဥတုမှာ ညီညွတ်မျှတပါသည်။

အမြင့်ဆုံးအပူချိန်မှာ ၁၈၆ဒီဂရီ ဖာရင်ဟိုက်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၇၂ဒီဂရီ ဖာရင်ဟိုက်တို့ ဖြစ်ကြပါသည်။ တနှစ်တာပျမ်းမျှအပူချိန်မှာ ၈၀ဒီဂရီ ဖာရင်ဟိုက်ဖြစ်ပါသည်။ ကျောက်ဖြူမြို့နယ်၏ အပူချိန်အများဆုံးလမှာ မေလဖြစ်ပါသည်။ အပူချိန်မှာ ၁၉၆. ၈ဒီဂရီ ဖာရင်ဟိုက်ဖြစ်သည်။ အအေးဆုံးလမှာ ဇန်နဝါရီလဖြစ်ပါသည်။ အနိမ့်ဆုံးအပူချိန်မှာ ၁၅၁. ၈ဒီဂရီ ဖာရင်ဟိုက်ဖြစ်သည်။

ကျောက်ဖြူမြို့နယ်အတွင်း မုတ်သုန်ရာသီဥတုဒေသအတွင်း ကျရောက်သောကြောင့် မိုးများ ဒေသဟု ခေါ်ဆိုနိုင်ပါသည်။ အနောက်တောင်မုတ်သုန်လေသည် ကျောက်ဖြူမြို့နယ်သို့ ဇွန်လပထမပါတ်တွင် စတင်ဝင်ရောက်လျှက်ရှိသည်။ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ထွက်ခွာလျှက်ရှိပါသည်။ ရွာသွန်းမြဲ မိုးရေချိန်လက်မမှာ ၁၆၂. ၃၂လက်မ ဖြစ်ပါသည်။ နှစ်အလိုက် ရွာသွန်းသော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | | |
|---|---|---|---|
| ၁၉၇၁-ခုနှစ်တွင် | ၁၉၇. ၈၁ | လက်မ | |
| ၁၉၇၂-ခုနှစ်တွင် | ၁၃၀. ၈၂ | လက်မ | |
| ၁၉၇၃-ခုနှစ်တွင် | ၁၇၂. ၆၂ | လက်မ | |
| ၁၉၇၄-ခုနှစ်တွင် | ၂၀၀. ၂၆ | လက်မ | |
| ၁၉၇၅-ခုနှစ်တွင် | ၁၇၃. ၈၃၀ | လက်မ | |
| ၁၉၇၆-ခုနှစ်တွင် | ၁၅၈. ၅၅ | လက်မ | |
| ၁၉၇၇-ခုနှစ်တွင် | ၁၈၂. ၈၄ | လက်မ | |
| ၁၉၇၈-ခုနှစ်တွင် | ၁၆၄. ၄၃ | လက်မ | |
| ၁၉၇၉-ခုနှစ်တွင် | ၁၅၂. ၃၃ | လက်မ | |
| ၁၉၈၀-ခုနှစ်တွင် | ၁၆၂. ၃၃ | လက်မ | တို့ဖြစ်ကြပါသည်။ |

နွေရာသီဖြစ်သော မတ်လမှ မေလအထိ အနောက်မြောက်လေ (ဒေသအခေါ်-ရမ်းပေါက်လေ၊ သတ္တရယ်လေ)၊ မိုးရာသီဖြစ်သော ဇွန်လမှ အောက်တိုဘာလအထိ အနောက်တောင်လေနှင့် ဆောင်းရာသီအချိန်တွင် အရှေ့နှင့် အရှေ့မြောက်လေ(ဒေသအခေါ်-သင်ခေါင်းလေ/စုန်လေ)တို့ တိုက်ခတ်ပါသည်။

သဘာဝဘေးအန္တရာယ်များမှာ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဇုံအတွင်း ကျရောက်တည်ရှိနေသဖြင့်

ကျောက်ဖြူမြို့နယ်အတွင်း မုန်တိုင်းသဘာဝဘေးအန္တရာယ်နှင့် နှစ်စဉ်နှစ်တိုင်း တွေ့ကြုံနေရပါသည်။ ထင်ရှားသော မုန်တိုင်းကြီးမှာ-

(က) ၁၉၃၀ ခု မေလမုန်တိုင်း

(က) ၁၉၃၆ ခု ဧပြီလမုန်တိုင်း

(က) ၁၉၆၇ ခု မေလ ၁၇ ရက် မုန်တိုင်း

(က) ၁၉၆၈ ခု မေလမုန်တိုင်း

(က) ၁၉၇၈ ခု မေလ(၁၇)ရက် မုန်တိုင်းများ ဖြစ်ကြပါသည်။

လေဆင်နှာမောင်းနှင့် လေနီကြမ်းများသည်လည်း ရာသီဥတုအကူးအပြောင်းများတွင် တိုက်ခတ်လျက် ရှိပါသည်။ ၎င်းပြင် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်တတ်သော လေဖိနှိပ်အားနည်း ရပ်ဝန်းများမှ မုန်တိုင်းငယ်များ ဖြစ်ပေါ်လာတတ်ပါသည်။ သာမန်လေတိုက်ခတ်နှုန်းမှာ တနာရီလျှင်မိုင် (၂၀)ခန့်ရှိပြီး မိုးသက်လေပြင်းများမှာ တနာရီလျှင် မိုင် (၃၀မှ ၅၀)အတွင်း တိုက်ခတ်လေ့ရှိပါသည်။

ရခိုင်ပြည်နယ်တွင် ဆိုင်ကလုန်မုန်တိုင်းကြီးများ အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့သဖြင့် ၎င်းမုန်တိုင်းကြီးများ ဘေးရန်မှ ကြိုတင်ကာကွယ်နိုင်ရန် ခေတ်မှီမုန်တိုင်းဖွေရှာ ရေဒါစခန်းကို ကျောက်ဖြူမြို့မှ (၁၅)မိုင်ခန့်ဝေးသော မင်းပြင်ကျေးရွာ အနီးတွင် ဘင်္ဂလားပင်လယ်ကို မျက်နှာမူလျက် တည်ဆောက်ထားရှိပါသည်။ ၎င်းရေဒါစခန်းကို ၁၉၇၇ ခုနှစ်မှစတင် တည်ဆောက်ပြီး ၁၉၇၉ ခုနှစ်တွင် စတင်အသုံးပြုလျက်ရှိပါသည်။ ဤရေဒါစခန်းမှ မိုင်(၂၅၀)ပတ်ဝန်းကျင် အကွာအဝေး ရှိ မိုးလေဝသအခြေအနေကို ဖမ်းယူနိုင်ပြီး၊ (၁၂၅)မိုင်မှ မိုးရွာနှုန်းကို သိရှိနိုင်ပါသည်။ ၎င်းပြင် မုန်တိုင်းများ ပုံသဏ္ဍာန်၊ နေရာအကွာအဝေးအင်အားနှင့်၊ ရွေ့လျားမှု စသည်တို့ကို အသေးစိတ် သိရှိနိုင်ပါသည်။

### မြေဆီလွှာ

ကျောက်ဖြူမြို့နယ်တိုင်းရှိ ရွှံ့မီးတောင်များမှာ ဝိုင်ခြုံရွှံ့မီးတောင်၊ ကြွတ္တိန်မီးတောင်၊ ဇင်ချောင်းမီးတောင်၊ ချောင်းမော်ရွာမီးတောင်များ ရှိကြပေသည်။ ရွှံ့မီးတောင်လမ်းကြောင်းသည် ကျောက်ဖြူမြို့နယ် မြေအောက်တွင် ကျရောက်သဖြင့် ရွှံ့မီးတောင်များ ပေါများပြီး ရေနံများ ထွက်ရှိကြသည်။ ဝိုင်ခြုံရွှံ့မီးတောင်သည် မကြာခဏ ပေါက်ကွဲပြီး မီးလောင်သည့် အလေ့အထ ရှိပါသည်။ ၎င်းအဆိုပါ မီးတောင်သည် ရေနံငွေ့များ လွှတ်မှုတ်နေသဖြင့် မီးတောင်ရှင်ဟု ခေါ်ဆိုကြပါသည်။ ဒေသအခေါ်အားဖြင့် မီးတောင်ပေါက်ကွဲသည့်အတွက် နဂါးမီးတောင်ဟု ခေါ်ဝေါ်ပြီး ကိုးကွယ်ပသလေ့ ရှိကြသည်။

## (၈) သဘာဝပေါက်ပင်

ကျောက်ဖြူမြို့နယ်တွင် သစ်တောအမျိုးအစားအားဖြင့် အစိုးရသစ်တောကြိုးဝိုင်းဟူ၍ သတ်မှတ်ချက် မရှိပါ။ ကြိုးဝိုင်းပြင်ပ(ကြိုးမဲ့)သစ်တောများအဖြစ်သာ တည်ရှိပါသည်။ ဧရိယာအားဖြင့် (၂၂၀၆၀၀)ရှိရာ ဒီရေဝင်ရောက်လွှမ်းမိုးသော ဒီရောက်တော(ပြားတော)များလည်း ပါဝင်ပါသည်။

သစ်ပင်များ ပေါက်ရောက်ပုံအားဖြင့် ကျောက်ဖြူမြို့နယ်သည် အပူပိုင်းဇုံအတွင်း ကျရောက်သဖြင့် အမြဲစိမ်းလမ်း သစ်တောများ ပေါက်ရောက်သည်။ ၎င်းတို့မှာ ပျဉ်းကတိုး၊ သက်န်း၊ ကညင်၊ ခမောင်း(ပျဉ်းမ)၊ ပန်းနဲ၊ ပိတောက်၊ ရှောက်ချောင်းသစ်ပင်နှင့် တောင်သရက်၊ သီဟိုသရက်များအပြင် ဝါးပင်၊ ကြိမ်ပင်များနှင့် သလူပင်အစရှိသည့် သဘာဝ ပေါက်ပင်များ ပေါက်ရောက်လာသည်။ ဒီရေလွှမ်းသော သစ်တောများတွင်မူကား ကပိုင်(မဓမ) ပြူးပြာပင်၊ ကနစို၊ ပြားဇီး စသည်တို့ ပေါက်ရောက်ပါသည်။

## (၉) တိရစ္ဆာန်များ

သဘာဝတောနေတိရစ္ဆာန်များမှာ ကျား၊ တောဝက်၊ ချေ၊ ဆတ်၊ တောကြောင်၊ ခဲဝါ(ခွေးအ)၊ မျောက်၊ ခွေးတူ ဝက်တူ၊ မြွေအမျိုးမျိုး၊ တောင်လိပ်၊ ဖွတ်၊ ရှဉ့်၊ စွေ့(စ္ဂီ)စသည်တို့ ဖြစ်ကြပါသည်။

ငှက်တိရစ္ဆာန်များမှာ တောဘဲ၊ တောင်ချွန်း၊ မောက်တင်၊ ဘဲပြောက်၊ စစ္စလီ၊ ဘဲဟသ်ာ၊ ဇင်ယော်၊ ဗျိုင်းငှက်၊ တောငှက်မျိုးစုံနှင့် တောင်ငှက်မျိုးစုံ ရှိကြပြီး ငှက်ကြီးမျိုးစုံတို့ ကျက်စားလျက် ရှိကြပါသည်။

အိမ်မွေးတိရစ္ဆာန်များမှာ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ဘဲ၊ ကြက်၊ ခွေး၊ ကြောင်နှင့် အိမ်မွေးငှက်မျိုးစုံတို့ ဖြစ်ကြပါသည်။ ရေတိရစ္ဆာန်များမှာ ပင်လယ်တွင် သွားလာကျက်စားနေကြသော ငါးမန်းကြီးမျိုးစုံနှင့်၊ လိပ်ကျောက်မျိုးစုံ၊ လိပ်ကြီးမျိုးစုံ၊ လင်းရှူးခေါ် လင်းပိုင် ငါးအမျိုးမျိုး၊ ငါး/လက်ခွာ(ကက္ကူရံ)၊ ငါးသတစ်(ကကတစ်)၊ ငါးသလောက်၊ ငါးညို့၊ ပုဇွန်မျိုးစုံ၊ ရေကြက်မျိုးစုံ၊ ရေမျောက်မျိုးစုံ၊ ပင်လယ်ခရုမျိုးစုံ။ ရေခူ၊ ရေဖန်ခွက်၊ ရေတန်း၊ ပင်လယ်မျှော့နှင့် သင်းပေါင်းထိုးငါးခေါ် ငါး/ရွှေ စသည်တို့ကို တွေ့ရှိရပါသည်။

## (ည) လူဦးရေ

ကျောက်ဖြူမြို့နယ်အတွင်းရှိ လူဦးရေမှာ (၁၁၃၂၉၇)ရှိပြီး၊ ကျား (၅၄၅၆၃)၊ မ(၅၈၇၃၄)ယောက် ရှိပါသည်။

ကျောက်ဖြူမြို့နယ်အတွင်း မြို့မရပ်ကွက်များနှင့် ရေလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဆားလုပ်ငန်းများ ကောင်းစွာဖြစ်ထွန်းသော ကျေးရွာအုပ်စုကြီးများတွင် လူဦးရေထူထပ်သိပ်သည်းစွာ နေထိုင်လျက်ရှိကြပါသည်။ ကျောက်ဖြူမြို့နယ်အတွင်းရှိ လူဦးရေကို ကျေးရွာအုပ်စုအလိုက် ခွဲခြားပြီး ဇယား(၂)ဖြင့် ဖော်ပြထားပါသည်။

ကျောက်ဖြူမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော လူဦးရေအများစုမှာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြပြီး၊ လူအနည်းစုတို့မှာ အစ္စလာမ်၊ ခရာဇ်ယာန်၊ ဟိန္ဒူဘာသာတို့ကို ကိုးကွယ်ယုံကြည်ကြပါသည်။ ဗုဒ္ဓဘာသာဝင်များမှာ မြို့နယ်တစ်ခုလုံးအတွင်း ပျံ့နှံ့နေထိုင်ကြပြီး ကျန်ဘာသာကိုးကွယ်မှုများမှာ မြို့ပေါ်ရပ်ကွက်အတွင်း အမျိုးအစားအလိုက် စုဝေးလျက် နေထိုင်ကြပါသည်။ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာအလိုက် ခွဲခြားချက်ကို ဇယား(၃)ဖြင့် ဖော်ပြထားပါသည်။

**ကျောက်ဖြူမြို့နယ် ဖြစ်စဉ်သမိုင်း** ၁၂

<u>ကျောက်ဖြူမြို့နယ်အတွင်း ကျွန်းစုများပေါ်ရှိ ကျေးရွာအုပ်စုများ တည်ရှိပုံကို ဖော်ပြသည့်ဇယား</u>

| စဉ် | ကျေးရွာအုပ်စု အမည် | စဉ် | ကျွန်းအမည် | စဉ် | ကျေးရွာအုပ်စု အမည် | စဉ် | ကျွန်းအမည် |
|---|---|---|---|---|---|---|---|
| ၁ | တဲချောင်း | - | မရှိ | ၁၅ | ဘယာ | ၁ | သင်ပုန်းတွန်ကျွန်း |
| ၂ | ဇင်ကျွန်း | ၁ | အဝိုင်းကြီး | ၁၆ | သံချောင်း | - | မရှိ |
| | ။ | ၂ | င/သန့်သာကျွန်း | ၁၇ | လေးပုံကျောက် | ၁ | ပိုးရိတ်တွန်ကျွန်း |
| | ။ | ၃ | ချော်ကျွန်းကြီး | | ။ | ၂ | အထက်မညင်းတွိန် |
| | ။ | ၄ | ကျွန်းသစ် | | ။ | ၃ | အောက်မညင်းတွိန် |
| | ။ | ၅ | ဝက်ရေကျွန်း | ၁၈ | ။ | - | မရှိ |
| | ။ | ၆ | ဇင်ကျွန်း | ၁၉ | ဂုံးချိန် | ၁ | ဆိတ်ကျွန်း |
| | ။ | ၇ | ကင်ကျွန်း | | ။ | ၂ | မြွေကျွန်း |
| | ။ | ၈ | ကသစ်ကျွန်း | ၂၀ | တောင်ရင်း | - | မရှိ |
| | ။ | ၉ | ကျွန်းကြီးအင်း | ၂၁ | အုန်းတော | ၁ | င/တံခါးကျွန်း |
| ၃ | ကျောက်ကြီးပြင်ဘ | ၁ | ကျွန်းခလောက် | | ။ | ၂ | သစ်ပေါက်ကမ်းကျွန်း |
| | ။ | ၂ | ကသစ်ကျွန်း | ၂၂ | ပြင်ဖြူမော် | - | မရှိ |
| | ။ | ၃ | မလကျွန်း | ၂၃ | ကမ်းဒီး | ၁ | ပန်းတောကမ်းကျွန်း |
| | ။ | ၄ | ဒုံကျွန်း | ၂၄ | ဂန့်ဂါ | ၁ | ဂန့်ဂါကျွန်း |
| ၄ | ရွှေညိုမ | - | - | | ။ | ၂ | ကျွဲခိုတွိန်ကျွန်း |
| ၅ | မင်းဂံ | - | - | | ။ | ၃ | သရက်ကျွန်း |
| ၆ | သဲတန်း | ၁ | နခေါင်းပေါက် | | ။ | ၄ | ဖရုံသီးကျွန်း |
| | ။ | ၂ | မြောက်ဖြူကျွန်း | ၂၅ | မင်းချောင်း | ၁ | ကျွန်းယားရှည်ကျွန်း |
| | ။ | ၃ | ပုလဲကျွန်း | ၂၆ | အလံချွန် | ၁ | အထက်မဒေးကျွန်း |
| | ။ | ၄ | ဝက်ကျွန်း | ၂၇ | ဖြင်ကြီး | - | မရှိ |
| | ။ | ၅ | ကျကျွန်း | ၂၈ | ရတန | ၁ | င/ကြပြိန်ကျွန်း |
| | ။ | ၆ | တန်းခရိုးကျွန်း | ၂၉ | ပန်းတောပြင် | ၁ | ခညင်းတွိန်ကျွန်း |
| | ။ | ၇ | ကျောက်ပန်းတူကျွန်း | ၃၀ | ကျောက်ငူ | ၁ | ငန်းကျွန်း |
| | ။ | ၈ | လက်ညှိုးငုံကျွန်း | ၃၁ | ခြုံတွဲ့ | - | မရှိ |
| ၇ | သဲချောင်း | ၁ | ကျိတ်ကျွန်း | ၃၂ | င/စိမ့်ပြင် | ၁ | မီးချောင်းရေသောက်ကျွန်း |
| | ။ | ၂ | ပေါက်နက်ကြီးကျွန်း | | ။ | ၂ | ညောင်ပင်ကျွန်း |
| | ။ | ၃ | ပေါက်နက်ချေကျွန်း | | ။ | ၃ | သရက်တွိန် |
| ၈ | ဝါးတောင် | ၁ | ချီကျွန်း | | ။ | ၄ | ဝိတ်တွိန် |
| | ။ | ၂ | အုန်းကျိုန်ကျွန်း | | ။ | ၅ | တကောင်တင် |
| ၉ | လဟာကြီး | - | မရှိ | | ။ | ၆ | ဖျိုင်းကျွန် |
| ၁၀ | ကင်းမြောက် | ၁ | ကျွန်းကြီးကျွန်း | | ။ | ၇ | သတင်းသုံးကျွန် |
| ၁၁ | ကလန့်ဘဲ | - | မရှိ | | ။ | ၈ | ဘရပုတ်ကျွန်း |
| ၁၂ | ဇင်ချောင်း | - | မရှိ | | ။ | ၉ | ညောင်ပင်လှကျွန်း |
| ၁၃ | ကျောက်ပြောက် | - | မရှိ | ၃၃ | မဒေးကျွန်း | ၁ | ထိုးကျွန်း |
| ၁၄ | မင်းရပ် | ၁ | ဝက်ရပ်ကျွန်း | | ။ | ၂ | ကရဖေကျွန်း |
| | ။ | ၂ | သံတောင်ကျွန်း | | ။ | ၃ | ဂုန်းကျွန်း |
| | ။ | ၃ | ဝေကြီးကျွန်း | | ။ | ၄ | အညင်းကျွန်း |

။ = ဇယား(၁)= ။ က။

<u>ကျောက်ဖြူမြို့နယ်အတွင်း ကျွန်းစုများပေါ်ရှိ ကျေးရွာအုပ်စုများ တည်ရှိပုံကို ဖော်ပြသည့်ဇယား</u>

| စဉ် | ကျေးရွာအုပ်စု အမည် | စဉ် | ကျွန်းအမည် | စဉ် | ကျေးရွာအုပ်စု အမည် | စဉ် | ကျွန်းအမည် |
|---|---|---|---|---|---|---|---|
| ၃၃ | မဒေးကျွန်း | ၅ | မျှိုင်သမားတောင် | | | | |
| | ။ | ၆ | မဒေးကျွန်း | | | | |
| ၃၄ | င/လုံးစု | ၁ | ချချားကျွန်း | | | | |
| | ။ | ၂ | ကျောက်ကျွန်း | | | | |
| ၃၅ | ဆင်ဘုတ် | - | မရှိ | | | | |
| ၃၆ | စနဲ | ၁ | ကုလားမကျွန်း | | | | |
| | ။ | ၂ | ဘသားကျွန်း | | | | |
| | ။ | ၃ | ပိန်နဲတွိန်ကျွန်း | | | | |
| ၃၇ | ဝပြေ | ၁ | ကြိန်တွိန်ကျွန်း | | | | |
| | ။ | ၂ | အဝတွိန်ကျွန်း | | | | |
| ၃၈ | အလယ်ဒွန် | ၁ | ၁ကျွန်းခလောက် | | | | |
| ၃၉ | အဝတောင် | - | -ကျွန်း | | | | |
| ၄၀ | မြောချောင်း | - | - | | | | |
| ၄၁ | စနဲမင်းပြင် | - | - | | | | |
| ၄၂ | ရေမျက် | - | - | | | | |
| ၄၃ | တဘက် | - | - | | | | |
| ၄၄ | ကျောက်တောင်ပြိန် | - | - | | | | |
| ၄၅ | ကလန်ကြမ်း | - | - | | | | |
| ၄၆ | ကပ်သပြေ | - | - | | | | |
| ၄၇ | စိုင်ခြုံ | - | - | | | | |
| ၄၈ | စစ်ဘေည | - | - | | | | |
| ၄၉ | ဦးကင်း | - | - | | | | |
| ၅၀ | ကြတ္တိန် | - | - | | | | |
| ၅၁ | ဒိုးမတောင် | - | - | | | | |
| ၅၂ | သိုင်းချောင်း | - | - | | | | |
| ၅၃ | ချောင်းဝ | - | - | | | | |
| ၅၄ | မင်းပြင် | - | - | | | | |

စ = ဇယား (၁) = . ခ.

ဇယား(၂) (က)

## ၁၉၈၀-၈၁ ခုနှစ်၊ ကျောက်ဖြူမြို့နယ်အတွင်းရှိ လူဦးရေစာရင်း

| စဉ် | ရက်ကွက်/ကျေးရွာအုပ်စုအမည် | ကျား | မ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | အရာရှိရပ်ကွက် | ၁၁၄၈ | ၁၂၇၁ | ၂၄၁၉ | |
| ၂ | အစိုးရရပ်ကွက် | ၁၀၈၁ | ၉၀၃ | ၁၉၈၄ | |
| ၃ | သန်ပန်ချောင်းရပ်ကွက် | ၄၂၄ | ၇၈၅ | ၁၂၀၉ | |
| ၄ | အနောက်ပိုင်းရပ်ကွက် | ၄၈၆ | ၆၀၉ | ၁၀၉၅ | |
| ၅ | အလယ်ပိုင်းရပ်ကွက် | ၃၀၀ | ၃၆၉ | ၆၆၉ | |
| ၆ | အရှေ့ပိုင်းရပ်ကွက် | ၃၉၁ | ၅၁၆ | ၉၀၇ | |
| ၇ | မြစ်နားတန်းရပ်ကွက် | ၅၄၆ | ၆၅၅ | ၁၂၀၁ | |
| ၈ | ရခိုက်ပိုက်ဆိပ် | ၈၉၂ | ၉၉၆ | ၁၈၈၈ | |
| ၉ | ကုလားပိုက်ဆိပ် | ၉၀၃ | ၈၉၅ | ၁၇၉၈ | |
| ၁၀ | စေတီတောင်ရပ်ကွက် | ၁၂၅၆ | ၁၃၈၁ | ၂၆၃၇ | |
| ၁၁ | ပြင်ဖြူမော်ကျေးရွာ | ၂၅၂ | ၃၀၁ | ၅၅၃ | |
| ၁၂ | တောင်ရင်းကျေးရွာအုပ်စု | ၂၁၂၀ | ၂၄၃၃ | ၄၅၅၃ | |
| ၁၃ | သဲတန်းကျေးရွာအုပ်စု | ၃၃၇ | ၃၄၈ | ၆၈၅ | |
| ၁၄ | သဲချောင်းကျေးရွာအုပ်စု | ၉၄၁ | ၁၀၂၈ | ၁၉၆၉ | |
| ၁၅ | မဒေးကျွန်းကျေးရွာအုပ်စု | ၉၃၆ | ၁၀၂၁ | ၁၉၅၇ | |
| ၁၆ | ဂုံးချိန်ကျေးရွာအုပ်စု | ၈၄၄ | ၁၀၄၈ | ၁၈၉၂ | |
| ၁၇ | အုန်းတော်ကျေးရွာအုပ်စု | ၈၇၀ | ၉၅၄ | ၁၈၂၄ | |
| ၁၈ | တန္ဒီးကျေးရွာအုပ်စု | ၄၂၄ | ၅၀၁ | ၉၂၅ | |
| ၁၉ | ချောင်းဝကျေးရွာအုပ်စု | ၁၀၄၁ | ၁၁၆၃ | ၂၂၀၄ | |
| ၂၀ | မင်းပြင်ကျေးရွာအုပ်စု | ၈၈၇ | ၉၀၅ | ၁၇၉၂ | |
| ၂၁ | လိပ်ခမော်ကျေးရွာအုပ်စု | ၉၆၅ | ၁၁၀၀ | ၂၀၆၅ | |
| ၂၂ | ကျောက်ပြောက်ကျေးရွာအုပ်စု | ၁၂၈၅ | ၁၃၈၃ | ၂၆၆၈ | |
| ၂၃ | ကပ်သပြေကျေးရွာအုပ်စု | ၆၂၂ | ၆၈၈ | ၁၃၁၀ | |
| ၂၄ | ကြတ္တိန်(ပြပ်တိန်)ကျေးရွာအုပ်စု | ၃၉၄ | ၄၁၅ | ၈၀၉ | |
| ၂၅ | စစ်တောကျေးရွာအုပ်စု | ၇၃၀ | ၇၃၃ | ၁၄၆၃ | |
| ၂၆ | သိုင်းချောင်းကျေးရွာအုပ်စု | ၁၃၃၃ | ၁၃၄၄ | ၂၆၇၇ | |
| ၂၇ | ဒုံးမတောင်ကျေးရွာအုပ်စု | ၂၁၁ | ၂၁၁ | ၄၂၂ | |
| ၂၈ | စိုင်ခြံချကျေးရွာအုပ်စု | ၇၆၀ | ၇၂၁ | ၁၄၈၁ | |
| ၂၉ | ဦးကင်းကျေးရွာအုပ်စု | ၇၅၀ | ၇၅၅ | ၁၅၀၅ | |
| ၃၀ | င/စိမ့်ပြင်ကျေးရွာအုပ်စု | ၁၆၄၅ | ၁၅၁၀ | ၃၁၅၅ | |
| ၃၁ | ဆင်ဘုတ်ကျေးရွာအုပ်စု | ၁၈၀၈ | ၁၈၁၀ | ၃၆၁၈ | |

(ခ)

## ၁၉၈၀-၈၁ ခုနှစ်၊ ကျောက်ဖြူမြို့နယ်အတွင်းရှိ လူဦးရေစာရင်း

| စဉ် | ရက်ကွက်/ကျေးရွာအုပ်စုအမည် | ကျား | မ | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| ၃၂ | င/လုံးစုကျေးရွာအုပ်စု | ၉၇၁ | ၁၀၅၁ | ၂၀၂၂ | |
| ၃၃ | ဇင်ချောင်းကျေးရွာအုပ်စု | ၁၁၂၈ | ၁၂၂၀ | ၂၃၄၈ | |
| ၃၄ | သံ့ချောင်းကျေးရွာအုပ်စု | ၄၁၉ | ၄၇၇ | ၈၉၆ | |
| ၃၅ | ကလန့်တဲကျေးရွာအုပ်စု | ၁၂၀၉ | ၁၄၉၂ | ၂၇၀၁ | |
| ၃၆ | တဘက်ကျေးရွာအုပ်စု | ၄၈၀ | ၅၅၉ | ၁၀၃၉ | |
| ၃၇ | မင်းရင်ကျေးရွာအုပ်စု | ၁၇၃၇ | ၂၀၂၉ | ၃၇၆၆ | |
| ၃၈ | ကင်းမြောက်ကျေးရွာအုပ်စု | ၆၂၅ | ၇၆၆ | ၁၃၉၁ | |
| ၃၉ | စနဲကျေးရွာအုပ်စု | ၁၉၆၁ | ၂၆၂၈ | ၄၅၈၉ | |
| ၄၀ | လေးပုံကျောက်ကျေးရွာအုပ်စု | ၆၇၅ | ၇၅၃ | ၁၄၂၈ | |
| ၄၁ | အလယ်ဒွိန်ကျေးရွာအုပ်စု | ၄၇၃ | ၅၂၀ | ၉၉၃ | |
| ၄၂ | စနဲမင်းပြင်ကျေးရွာအုပ်စု | ၉၅၁ | ၁၁၁၃ | ၂၀၆၄ | |
| ၄၃ | ကျောက်တောင်ပြိန်ကျေးရွာအုပ်စု | ၄၇၉ | ၅၄၃ | ၁၀၂၂ | |
| ၄၄ | ဘုလန်ကြမ်းကျေးရွာအုပ်စု | ၇၈၆ | ၉၇၆ | ၁၇၆၂ | |
| ၄၅ | မျှော်ချောင်းကျေးရွာအုပ်စု | ၃၂၉ | ၃၆၄ | ၆၉၃ | |
| ၄၆ | ရေမျက်ကျေးရွာအုပ်စု | ၇၆၀ | ၆၈၈ | ၁၄၄၈ | |
| ၄၇ | ဘယာကျေးရွာအုပ်စု | ၆၃၁ | ၇၃၀ | ၁၃၆၁ | |
| ၄၈ | အဝတောင်ကျေးရွာအုပ်စု | ၆၇၂ | ၇၄၂ | ၁၄၁၄ | |
| ၄၉ | ဝပြေကျေးရွာအုပ်စု | ၅၂၉ | ၅၄၇ | ၁၀၇၆ | |
| ၅၀ | မင်းချောင်းကျေးရွာအုပ်စု | ၁၀၀၈ | ၁၀၃၉ | ၂၀၄၇ | |
| ၅၁ | အလံချိန်ကျေးရွာအုပ်စု | ၇၉၀ | ၇၈၇ | ၁၅၇၇ | |
| ၅၂ | ရတနာကျေးရွာအုပ္ပူစု | ၁၅၇၇ | ၁၅၉၂ | ၃၁၆၉ | |
| ၅၃ | ဂန့်ဂါကျေးရွာအုပ်စု | ၇၉၀ | ၇၇၅ | ၁၅၆၅ | |
| ၅၄ | ပန်းတောပြင်ကျေးရွာအုပ်စု | ၁၃၆၂ | ၁၂၈၃ | ၂၆၄၅ | |
| ၅၅ | ခြုံဆွမ်ကျေးရွာအုပ်စု | ၃၇၆ | ၃၉၆ | ၇၇၂ | |
| ၅၆ | ကျောက်ငူကျေးရွာအုပ်စု | ၁၀၆၃ | ၁၀၆၁ | ၂၁၂၄ | |
| ၅၇ | ပြင်ကြီးကျေးရွာအုပ်စု | ၁၂၇၈ | ၁၂၅၁ | ၂၅၂၉ | |
| ၅၈ | မင်းဂံကျေးရွာအုပ်စု | ၁၀၀၄ | ၁၀၃၂ | ၂၀၃၆ | |
| ၅၉ | လဟာကြီးကျေးရွာအုပ်စု | ၃၅၈ | ၃၆၈ | ၇၂၆ | |
| ၆၀ | ရွှေညိုမကျေးရွာအုပ်စု | ၈၉၈ | ၈၇၃ | ၁၇၇၁ | |
| ၆၁ | ပါးတောင်ကျေးရွာအုပ်စု | ၇၉၀ | ၇၈၇ | ၁၅၇၇ | |
| ၆၂ | တဲချောင်းကျေးရွာအုပ်စု | ၆၃၁ | ၂၈၁ | ၉၁၂ | |
| ၆၃ | ကျောက်ကြီးပြင်ကျေးရွာအုပ်စု | ၈၂၄ | ၈၁၃ | ၁၆၃၇ | |
| ၆၄ | ဇင်ကျွန်းကျေးရွာအုပ်စု | ၄၂၄ | ၄၄၆ | ၈၇၀ | |
| | စုစုပေါင်း | ၅၄၅၆၃ | ၅၈၇၃၄ | ၁၁၃၂၉၇ | |

ကျောက်ဖြူမြို့နယ်အတွင်း လူမျိုးနှင့် ကိုးကွယ်မှုအလိုက် ဖော်ပြသည့် အခြေပြဇယား (၁၉၇၃)

| စဉ် | လူမျိုး | ပေါင်း | ဗုဒ္ဓဘာသာ | နတ် | ခရာဇ်ယာန် | ဟိန္ဒူ | အစ္စလာမ် | အခြား | ဘာသာမရှိသူ |
|---|---|---|---|---|---|---|---|---|---|
| ၁ | မြန်မာ | ၁၉၃၈ | ၁၉၁၁ | - | ၁၃ | - | ၁၄ | - | - |
| ၂ | မွန် | ၁၇ | ၁၁ | - | - | ၆ | - | - | - |
| ၃ | ရခိုင် | ၁၁၁၃၂၈ | ၁၀၈၈၀၀ | - | ၂၀ | ၅၈ | ၂၄၄၈ | - | ၂ |
| ၄ | ရှမ်း | ၁၆ | ၁၆ | - | - | - | - | - | - |
| ၅ | ကချင် | ၁၈ | ၁၃ | - | ၅ | - | - | - | - |
| ၆ | ချင်း | ၇၅၆ | ၄၂၉ | ၁ | ၃၂၆ | - | - | - | - |
| ၇ | ကရင် | ၁၄၇ | ၉၇ | - | ၄၉ | - | ၁ | - | - |
| ၈ | ကယား | ၃ | ၂ | - | ၁ | - | - | - | - |
| ၉ | အခြားတိုင်းရင်းသား | - | - | - | - | - | - | - | - |
| ၁၀ | မြန်မာနှင့်နိုင်ငံခြား (ကပြား) | ၈၁၉ | ၂၁၃ | - | ၄ | - | ၆၀၂ | - | - |
| ၁၁ | တရုပ် | ၉၃ | ၉၃ | - | - | - | - | - | - |
| ၁၂ | အိန္ဒိယနှင့်ဘင်္ဂလားဒေ့ချ် | ၃၀၆ | ၅၉ | ၁ | - | ၆၀ | ၁၈၀ | ၆ | - |
| ၁၃ | အခြားနိုင်ငံခြားလူမျိုး | ၁၃၉ | ၃ | - | - | - | ၁၃၆ | - | - |
| | စုစုပေါင်း | ၁၁၅၅၈၀ | ၁၁၁၆၄၇ | ၂ | ၄၁၈ | ၁၂၄ | ၃၃၈၁ | ၆ | ၂ |

# နိုင်ငံရေး

## ကိုလိုနီခေတ် နိုင်ငံရေးဖြစ်စဉ်

သက္ကရာဇ် ၁၈၂၄-၂၆ ပထမ အင်္ဂလိပ်မြန်မာ စစ်ပွဲပြီးဆုံးပြီးနောက် ဗြိတိသျှအရှေ့အိန္ဒိယကုမ္ပဏီ၏ လက်နက်ကိုင်တပ်များသည် ကျောက်ဖြူမြို့အနောက်ဘက် ကုမ္ပဏီဈေးကျေးရွာတွင် တပ်စွဲနေထိုင်ခဲ့သည်ကို အကြောင်းပြု၍၊ ၎င်းရွာအောက်ရှိ ပင်လယ်ချိုင့်ဝှမ်းကို ဗိုလ်ကြီးချိုင်ဟု ခေါ်တွင်ခဲ့သည်။ ၎င်းအချိန်မှစ၍၊ ကျောက်ဖြူနယ်တစ်ခုလုံးကို၊ ဗြိတိသျှကိုလိုနီအစိုးအမံအောက်သို့ ရောက်ရှိစေခဲ့သည်။ ၎င်းအချိန်မှစ၍ ကျောက်ဖြူနယ်တစ်ခုလုံးကို ဗြိတိသျှကိုလိုနီအစိုးအမံအောက်သို့ ရောက်ရှိစေခဲ့သည်။ ကျောက်ဖြူခရိုင်၏ ပထမဆုံးအရေးပိုင်မှာ ကပ္ပတိန်အင်ဒရူး(Capt Indrew) မှစတင်အုပ်ချုပ်ပြီး ခရိုင်ဝန်အဆက်ဆက် ရုံးစိုက်အုပ်ချုပ်စေခဲ့သည်။ ကိုလိုနီစနစ်၏လုပ်ရိုးလုပ်စဉ်အတိုင်း ကျောက်ဖြူမြို့နယ်သူ မြို့နယ်သားများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ၊ နိုင်ငံရေးဘဝ စသည်တို့မှာ တစတစ ညှိုးနွမ်းခမ်းခြောက်လာပြီး၊ သူ့ကျွန်ဘဝဖြင့် နေထိုင်ခဲ့ရသော အခြေအနေများသာ ရှိခဲ့သည်။ သို့ရာတွင် သူ့ကျွန်မခံ ဇာတိမာန်ရှိခဲ့သော အမျိုးသားရေးစိတ်ဓာတ်ကား ချိုးနှိမ်၍မရဘဲ၊ မီးခဲပြာဖုံးရှိခဲ့ရာမှ၊ တစ်စတစ်စကြီးထွား ပေါ်ပေါက်လာခဲ့ရပေသည်။

မြန်မာနိုင်ငံတွင် ကိုလိုနီအုပ်ချုပ်ရေး ဆန့်ကျင်မှုနှင့် အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ထင်ရှားသောမှတ်တိုင်ကြီးများဖြစ်သည့် ၁၉၂၀-ခုနှစ်၊ အမျိုးသားပညာရေး ကျောင်းသားသပိတ်ကြီး၊ ၁၉၃၆-ခုနှစ် ကိုလိုနီပညာရေး ဆန့်ကျင်သော ကျောင်းသားသပိတ်နှင့် ၁၉၃၈-ခု၊ (၁၃၀၀ပြည့် အရေးတော်ပုံ)အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု အရေးတော်ပုံ စသည့်လှုပ်ရှားမှုများသည် ကျောက်ဖြူမြို့နယ်သို့ တိုင်အောင် ရောက်ရှိလာခဲ့သည်။ ၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်တွင် ကျောက်ဖြူကျောင်းသားသမဂ္ဂမှ ခေါင်းဆောင်များဖြစ်ကြသည့် ကိုသာထွန်း (ယခု-သံအမတ်ကြီး အငြိမ်းစား)၊ ကိုသာဇံ (အငြိမ်းစား သမဝါယမဝန်ထောက်)၊ ကိုစံပေါ်(ရန်ကုန်တက္ကသိုလ်) ကိုအောင်ကြီး (ရတည-ကွယ်လွန်)၊ ကိုဘကြိုင် (အငြိမ်းစားရဲဝန်ထောက်)၊ ကိုလှကျော်၊ ကိုဘလှ၊ ကိုကျော်ရင်၊ မပုမေ၊ မလှလှတင်တို့က ဦးဆောင်ပါဝင် လှုပ်ရှားခဲ့ကြပါ သည်။ ယင်းလှုပ်ရှားမှုကို အဓိကအထောက်အကူပြုခဲ့ကြသူများမှာ ကျောက်ဖြူမြို့ ကျောင်းသားမိဘများနှင့်တကွ၊ ရမ္မာဝတီ ဦးဘထွန်း၊ သခင်မြဖေ၊ ဦးဘဖြူ၊ ဒေါ်အေးစော၊ ဒေါ်ဖွားမေ၊ ဒေါ်စံရွှီတို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံ တို့ဗမာအစည်းအရုံး လှုပ်ရှားမှုသည်လည်း ကျောက်ဖြူမြို့သို့ စတင်ရောက်ရှိလာကာ ၁၉၃၉-၄၀တွင် ကျောက်ဖြူမြို့နယ် တို့ဗမာအစည်းအရုံးကို ကိုမောင်လှကျော်၊ ကိုကောင်းစံလှ ကိုတင်မြင့်၊ ကိုမောင်ကောင်း၊ ကိုဘဟန်၊ ကိုကျော်ဟန် အစရှိသူတို့ဖြင့် ဖွဲ့စည်းလှုပ်ရှားခဲ့ကြပါသည်။ ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးမှ အာဏာပိုင်တို့သည်လည်း နည်းလမ်း အမျိုးမျိုးဖြင့် ဖိနှိပ်ချုပ်ချယ်ဖမ်းဆီး အရေးယူခဲ့ကြသည်။

နယ်ချဲ့အစိုးရသည် လွတ်မြောက်ရေးအတွက် ကြိုးပမ်းလာသော ပြည်သူလူထုများအား ခြိမ်းခြောက်၍တမျိုး၊ အလျှော့ပေး၍ တဖုံ နည်းပရိယာယ်မျိုးစုံသုံး၍ ချယ်လှယ်စိုးမိုးခဲ့ပေသည်။ မြန်မာနိုင်ငံဘုရင်ခံချုပ်၏ အတိုင်ပင်ခံလွှတ်တော်တွင် ကျောက်ဖြူမြို့နယ်မှ မင်းတိုင်ပင်ခံအမတ်အဖြစ် ဦးစောလှညို ပါဝင်ခဲ့ဘူးပါသည်။ ပထမကမ္ဘာစစ်ကြီးအတွင်း အင်္ဂလိပ်နိုင်ငံအတွက် ကျောက်ဖြူမြို့နယ်မှ စစ်သားစုဆောင်းရာတွင် ဦးဖော်သျှု၊ ဦးလှအောင်၊ ဦးစိန်ထွန်းအစရှိသော ပုဂ္ဂိုလ်များသည်လည်း လိုက်ပါ၍ တိုက်ခိုက်ပေးခဲ့ရပါသည်။

၁၉၃၉ ခုနှစ်တွင် ဝင်ရိုးတန်းနိုင်ငံများနှင့် မဟာမိတ်နိုင်ငံများ ဒုတိယကမ္ဘာစစ်ကို စတင်ဖြစ်ပွားကြရာ ၁၉၄၁ ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် စစ်ပြေးဘဝဖြင့် အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာခဲ့ကြရာ ကျောက်ဖြူမြို့နယ်မှ ရမ္မာဝတီ ဦးဘထွန်း၊ ဦးသာထွန်း၊ ဦးလှကျော်အစရှိသော ခေါင်းဆောင်များကို ဖမ်းဆီးခေါ်ယူ သွားခဲ့ကြသည်။ ဂျပန်အစိုးရသည် အရှေ့တောင်အာရှတခွင်လုံးကို၊ စတင်ဝင်ရောက်သိမ်းပိုက်လာခဲ့ရာ၊ ၁၈၂၆ ခုနှစ်မှစတင်စိုးမိုးခဲ့သော ဗြိတိသျှအုပ်ချုပ်မှုသည် ကျောက်ဖြူမြို့နယ်မှ ဆုတ်ခွာသွားခဲ့ရသည်။

ဗြိတိသျှအုပ်ချုပ်ရေး ပျက်ပြားပြီး အုပ်ချုပ်ရေးမတည်ငြိမ်သော အခြေအနေတွင် ကျောက်ဖြူမြို့ပေါ်၌ အိန္ဒိယနိုင်ငံသားများ၏ ဈေးဆိုင်များကို လုယက်ဖောက်ထွင်းကြခြင်း၊ လူမိုက်များ မင်းမူစပြုလာခြင်း စသောမင်းမဲ့စရိုက် အခြေအနေများ ပေါ်ပေါက်လာခဲ့ပါသည်။ ၁၉၄၁ ခု၊ မတ်လအတွင်းတွင် ဂျပန်စစ်လေယာဉ်များက မြို့ပေါ်သို့ လာရောက်ပြီး စစ်သေနတ်ဖြင့် ပစ်ခတ်ရာ မြို့နေလူထုများ ကြောက်ရွံ့၍ နီးစပ်ရာ ကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ အုပ်ချုပ်ရေးပျက်ပြားချိန်တွင် မြို့ရွာကို အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်နိုင်ရန် ဦးထွန်းမြဦး၊ ဦးဖိုးညွန့်၊ ဦးမောင်ကောင်း၊ ဦးမြဒင် စသော လူကြီးများက တာဝန်ယူ၍၊ မြို့ရွာငြိမ်ဝပ်ပိပြားရေးအတွက် လက်နက်ကိုင်များကိုပါ

စုစည်း၍၊ ဦးဖော်သူ၊ ဦးဖိုးဖြူ၊ ဦးမောင်စိန်၊ ဦးထွန်းခိုင်၊ ဦးကျော်ဇံလှ၊ ဦးဖိုးဟန်၊ စသည့်လူလတ်ပိုင်း ပုဂ္ဂိုလ်များက တာဝန်ယူ လုပ်ဆောင်ခဲ့ကြပါသည်။ ၎င်းအချိန်အထိ ကျောက်ဖြူမြို့နယ်ကို (၅၄)ဦးပါဝင်သော ကော်မတီအဖွဲ့က အုပ်ချုပ်နေခဲ့ပါသည်။ ၁၉၄၂ ခု စက်တင်ဘာလတွင်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ရခိုင်စစ်ကြောင်း တာဝန်ခံ ဗိုလ်ရန်အောင် မရောက်ရှိမီ၊ ၎င်းတပ်ရင်းမှ တပ်ခွဲမှူး ဗိုလ်မင်းလွင်နှင့် သခင်မောင်လှအောင်တို့ ရောက်ရှိလာပြီး၊ လက်နက်များကို သိမ်းယူရန် တောင်းဆိုသဖြင့်၊ (၅၄)ဦးကော်မတီနှင့် ပဋိပက္ခဖြစ်ကြရသည်။ ဆရာတော် ဦးစိန္တာခေါင်းဆောင်၍၊ ဦးကျော်မြ၊ ဦးအောင်ထွန်းမြတို့သည်၊ လက်နက်ကိုင်(၈၀)ကျော်ဖြင့်၊ ကျောက်ဖြူသို့ ရောက်ရှိလာပြီး၊ မြို့ရွာငြိမ်ဝပ်ပိပြားရေးနှင့်၊ အုပ်ချုပ်ရေးကို ဗိုလ်စံမောင် ဆိုသူအား လွှဲအပ်ခဲ့သည်။ ရခိုင်စစ်ကြောင်း တာဝန်ခံ ဗိုလ်ရန်အောင်က သခင်မောင်လှအောင်အား ကျောက်ဖြူစီရင်စု အုပ်ချုပ်ရေးတာဝန်ကို ပေးအပ်ပြန်ရာ ခေတ်ပျက်ကာလ ကျောက်ဖြူမြို့နယ် အုပ်ချုပ်ရေးသည် ပို၍မတည်မငြိမ် ပဋိပက္ခဖြစ်လာသည်။ ကျောက်ဖြူမြို့နယ် လူကြီးအဖွဲ့မှ ကိုယ်စားလှယ် ဦးမြဒင်၊ ဦးဖော်သူ၊ ဦးဖိုးဟန်တို့သည်လည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေ (BIA) မှ ဦးဘခင်၊ ဦးစံပေါ်၊ ဦးကောင်းစံလှ၊ ဦးစံပေါ်အောင်တို့သည် စစ်တွေမြို့ရှိ တပ်မဟာ(၁)တပ်ရင်းမှူး ဗိုလ်ရန်အောင်ထံသို့ သွားရောက်တင်ပြကြသည်။ ဗိုလ်ရန်အောင်ထံမှ ညွှန်ကြားချက်များ၊ ကြေငြာစာတမ်းများကို ပြန်ရောက်နောက် ကျောက်ဖြူမြို့တွင် ဦးကျော်ရင်၏အကူအညီဖြင့် ဖြန့်ဝေခဲ့ရသည်။ တဆက်တည်းပင် ဦးတင်နီအောင်(အုပ်ချုပ်ရေးမှူး)၊ ဦးစံကျော်ရွှေ(အတိုင်ပင်ခံ)၊ သခင်စံဖော်(အတွင်းရေးမှူး)၊ သခင်လှကျော် (တွဲဘက်အတွင်းရေးမှူး)၊ သခင်ဖေလှ(ဒုတွဲဘက် အတွင်းရေးမှူး)၊ ဦးမြဒင် (ဘဏ္ဍာရေးတာဝန်ခံ)၊ ဦးဘကျော် (အတိုင်ပင်ခံ)၊ ဦးသာနိုး (တရားရေးဌာန တာဝန်ခံ)၊ သခင်မြဖေ (အတိုင်ပင်ခံ)၊ ဦးဖိုးအောင်နှင့်သခင်ချမ်းထွန်း(ကျန်းမာရေးတာဝန်ခံ)၊ ဦးထွန်းမင်း (အတိုင်ပင်ခံ)၊ ဦးဖြူထွန်းနှင့် စင်ကာ ဦးမောင်စံလှ (ပညာရေးတာဝန်)၊ ဆရာဦးဘထွန်း (အတိုင်ပင်ခံ)၊ ဆရာမဒေါ်စောနှင့်၊ ဦးမောင်ဖြူ (ကာကွယ်ရေးတာဝန်ခံ)၊ ဦးမောင်သောင်း (အတိုင်ပင်ခံ)၊ ဦးစံရွှေမြနှင့် ဦးချက်ကြီး (လမ်းပန်းဆက်သွယ်ရေးတာဝန်ခံ)၊ ဦးဘိုးထွန်းအောင် (အတိုင်ပင်ခံ)၊ ဦးကျော်ထွန်းဦးနှင့် ဦးကျန်အောင် (စစ်သားစုဆောင်းရေးတာဝန်ခံ)၊ သခင်ကောင်းစံလှ(အတိုင်ပင်ခံ)၊ ဦးဘရင်နှင့် ဦးကျော်ရင်(ရိက္ခာစုဆောင်းရေးတာဝန်ခံ)၊ ဦးသောကြာအောင် (အတိုင်ပင်ခံ)၊ သခင်မောင်သိန်းနှင့် ဦးဘိုးညွန့်(ဝါဒဖြန့်ချီရေးတာဝန်ခံ)၊ ရှေ့နေဦးမောင်ကောင်း(အတိုင်ပင်ခံ)၊ သခင်ထွန်းတင်နှင့် သခင်ဖော်တင် စသောဌာနတာဝန်ခံများကို ဗိုလ်ရန်အောင် ဦးဆောင်သောအဖွဲ့မှ ခန့်ထားပေးခဲ့ပါသည်။ ၎င်းပြင် ကြားဖြတ်တာဝန်ခံများအဖြစ် ဦးဖော်သာအောင်၊ ဦးဖော်သူ၊ ဦးမဲအောင်၊ ဦးရန်လှနှင့် လုံခြုံရေးတာဝန်ခံ ဦးမောင်ကျော်ဇောတို့သည်လည်း တာဝန်ယူခဲ့ပါသည်။ ၁၉၄၂-ခု၊ ဩဂုတ်လအတွင်း၊ ဗိုလ်ရန်အောင်သည် စစ်တွေမှ ကျောက်ဖြူမြို့သို့ ပြန်လည်ရောက်ရှိလာပြန်ရာ အုပ်ချုပ်ရေးအဖွဲ့ကို အသစ်ပြန်လည်ပြုပြင် ဖွဲ့စည်းအုပ်ချုပ်စေခဲ့ပြန်သည်။

၁၉၄၃-ခု၊ ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံ လွတ်လပ်ရေးကို အတုအယောင်ပေးအပ်ပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများ ပြန်လည်ဖွဲ့စည်းအုပ်ချုပ်စေပြန်သည်။ ခရိုင်ဝန် ဦးထွန်းစိန်၊ ခရိုင်ရဲဝန် ဦးဘိုးခိုင်၊ နယ်ပိုင်ဝန် ဦးဘအောင်၊ တရားမဝန်ထောက် ဦးဖေမြင့်တို့ အုပ်ချုပ်ပြီး၊ နောက်ပိုင်းတွင် ခရိုင်ဝန် ဦးထွန်းစိန် ပြောင်းသွားသဖြင့် ဦးဘကြီးက ဆက်လက်အုပ်ချုပ်သည်။

၁၉၄၃-ခုတွင် ကျောက်ဖြူမြို့နယ်သို့ ဂျပန်များ ဝင်ရောက်တပ်စွဲ အုပ်ချုပ်ခဲ့သည်။ ဖက်ဆစ်ဂျပန်များ၏ အတုအယောင် လွတ်လပ်ရေးနှင့်၊ ရက်စက်ကြမ်းကြုတ်မှုကို တော်လှန်မောင်းထုတ်ရန် မြန်မာနိုင်ငံတဝှမ်း စတင်လှုပ်ရှားချိန်တွင် ကျောင်းဖြူမြို့နယ်မှ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ၁၉၄၄-ခုတွင်၊ စတင်ဆောင်ရွက်ခဲ့သည်။ ကျောက်ဖြူမြို့နယ်မှ ကျောင်းသားခေါင်းဆောင် ဦးဘစော (အငြိမ်းစား-သံအမတ်ကြီး)သည် အိန္ဒိယနိုင်ငံမှတဆင့် သီဟိုဠ်နိုင်ငံတွင် ပညာသင်ကြားနေယင်း ဦးသန်းဖေမြင့်၏ တာဝန်ပေးချက်အရ လေနတ်သား သတင်းဖြန့်ချိရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

ဖက်ဆစ်တော်လှန်ရေးအတွက် ရခိုင်ပြည်မြောက်ပိုင်းတွင် ဦးညိုထွန်း၊ ဦးစံသာကျော်တို့သည်လည်းကောင်း၊ ဦးဘစော၊ ဦးမောင်စောဖြူ၊ ဦးစံထွန်းတို့သည်လည်းကောင်း၊ လေထီးများဖြင့် ဆင်းသက်ကာ နိပ္ပွန်များ၏လှုပ်ရှားမှုကို စုံစမ်းထောက်လှမ်း၍၊ ဗြိတိသျှတပ်များနှင့်ဆက်သွယ် သတင်းပို့နိုင်ခဲ့သည်။ ၁၉၄၅-ခုတွင် မဟာမိတ်တပ်များသည် ဂျပန်စခန်းများကို စတင်တိုက်ခိုက်ခဲ့ရာ ကျောက်ဖြူမြို့တစ်ခုလုံး မီးလောင်ကျွမ်းပြီး ပျက်စီးဆုံးရှုံးခဲ့ရသည်။

၁၉၄၆ခုနှစ်၊ မတ်လ ၁၇ရက်နေ့တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း(ဖဆပလ ဥက္ကဋ္ဌ)သည် ကျောက်ဖြူမြို့နယ် ဂုံးချိန်ရွာသို့ ရောက်ရှိလာပြီး မြို့နယ်တစ်ခုလုံးကို၊ စည်းရုံး၍ ဖဆပလအဖွဲ့ကို၊ စတင်ဖွဲ့စည်းခဲ့

သည်။ ၎င်းအဖွဲ့တွင် ဦးဘစော၊ ဦးသာထွန်း၊ ဦးကျော်ထွန်းဦး၊ ဦးဘလှ၊ ဦးဘသိန်းအောင်၊ ရမ္မာဝတီ ဦးဘထွန်း၊ ဦးချက်ကြီး စသော ခေါင်းဆောင်များ ပါဝင်ခဲ့သည်။ ပြည်သူ့ရဲဘော်အဖွဲ့နှင့် ပြည်သူ့ရဲမေအဖွဲ့အစည်းများကို ဖွဲ့စည်းပြီး၊ ရခိုင်တိုင်း ပြည်သူ့ရဲဘော်ညီလာခံကို၊ ၁၉၄၇-ခုတွင် ကျောက်ဖြူမြို့ တန်းမြင့်ကျောင်း၌ ကျင်းပခဲ့သည်။ ၁၉၄၇-ခု၊ ဖေဖော်ဝါရီလတွင် ကျောက်ဖြူမြို့နယ်လုံးကျွတ်၊ ဖဆပလညီလာခံကို ရေမျက်ကျေးရွာအုပ်စု ရေမျက်ရွာတွင် ကျင်းပပြီး၊ ကျောက်ဖြူခရိုင် ဖဆပလအဖွဲ့ကိုလည်းကောင်း၊ မြို့နယ်ဖဆပလအဖွဲ့ကိုလည်းကောင်း၊ ရွေးချယ်တင်မြှောက်ဖွဲ့စည်းကာ လွတ်လပ်ရေး ကြိုတင်ပြင်ဆင်မှုအတွက် ကျောက်ဖြူမြို့နယ်မှ တိုင်းပြုပြည်ပြုလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအဖြစ် ဦးဘစောနှင့် ဦးသာထွန်းကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

## (စ) ပါလီမန် ဒီမိုကရေစီ နိုင်ငံရေးဖြစ်စဉ်

၁၉၄၈-ခု။ ဇန်နဝါရီလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးကို ထုတ်ပြန်ကြေငြာခဲ့ရာ ကျောက်ဖြူမြို့၊ မီးလောင်ပြင်ကွင်း(ယခု ကျောက်တိုင်ကွင်း)တွင် ကျောက်ဖြူခရိုင်နှင့် ကျောက်ဖြူမြို့နယ် ဖဆပလအဖွဲ့တို့မှ ဦးဆောင်ပြု၍ ပထမဦးဆုံး လွတ်လပ်ရေးအောင်ပွဲကို ကျင်းပနိုင်ခဲ့ပါသည်။ ယင်းနေ့တွင်ပင် အလျား ၃-ပေ၊ အနံ ၃-ပေ၊ စောက်(အမြင့်) ၃-ပေ၊ ရှိသော လွတ်လပ်ရေးမှတ်တိုင်ကို၊ ရွှေအုပ်၊ ငွေအုပ်တို့ဖြင့် ပန္နက်ချ၍ စိုက်ထူခဲ့ပေသည်။ မုခ်ဦးပြသဒ်မဏ္ဍပ်ကြီး များဆောက်၍၊ အောင်ပွဲသဘင် ကျင်းပခဲ့ကြသည်။ ထိုနှစ်တွင်ပင် ပြည်ထောင်စု စစ်ရဲအမှတ် (၂၀)တပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်စံသာကျော်၊ ဗိုလ်ယက်သဲ့၊ ဗိုလ်ကောင်းစံလှ စသောလက်နက်ကိုင် ခေါင်းဆောင်များ၊ ဦးသာထွန်း၊ ဦးဘခင်၊ ဦးခင်ပု စသော ပြည်သူ့ရဲဘော်ခေါင်းဆောင်များ လက်နက်ကိုင် တောခိုကြရာ၊ ကျောက်ဖြူမြို့နယ်၏ အုပ်ချုပ်ရေး အခြေအနေ သည် မတည်မငြိမ် ဖြစ်လာတော့သည်။ ကျောက်ဖြူမြို့ကို ပြည်သူ့ရဲဘော်ပါတီက ၁၉၄၉-ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၅၁ ခုနှစ်တွင် တစ်ကြိမ် တက်ရောက်သိမ်းပိုက်နိုင်ခဲ့သည်။ ကျောက်ဖြူခရိုင်အုပ်ချုပ်ရေးအတွက် အထူးအရေးပိုင်အဖြစ် ဦးဘစောအား တာဝန်ပေး အုပ်ချုပ်စေခဲ့ပါသည်။ ကျောက်ဖြူမြို့ကို နေဝင်မီးငြိမ်းအမိန့်ထုတ်၍ ဗိုလ်ကြီးခါကိုဇံ ဦးဆောင် သော ချင်းသေနတ်ကိုင် တပ်ရင်းသည် ကြမ်းတမ်းစွာ မြို့လုံခြုံရေးကို၊ တာဝန်ယူအုပ်ချုပ်ခဲ့ပါသည်။ ပြည်သူ့ရဲမေ ခေါင်းဆောင် ဒေါ်အေးစောနှင့် ဆရာမဒေါ်မိမိတို့အား ပုဒ်မ(၅)အရ ဖမ်းဆီးခဲ့ကြသည်။ သံတွဲခရိုင်အုပ်ချုပ်ရေးပျက်၍၊ ကျောက်ဖြူမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားရသည့် အမှတ်(၂၂)ခြေလျင်တပ်ရင်း ကျောက်ဖြူမြို့ ကျောက်တစ်လုံးဘုရားအနီး တွင်၊ လာရောက်တပ်စွဲ တာဝန်ယူရသည်။ ၁၉၅၂-ခုနှစ်တွင်၊ မြို့ချောင်းကျွန်း၊ မရဗိုင်းကျွန်းတို့တွင် ကာကွယ်ရေးတပ်များ ဖွဲ့စည်းအုပ်ချုပ်စေခဲ့ကာ၊ ၁၉၅၆-ခု ရောက်သောအခါ၊ ဖြူစောထီးတပ်များအဖြစ် ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။ မြန်မာ နိုင်ငံဆိုရှယ်လစ်ပါတီမှ မြန်မာနိုင်ငံလုံးဆိုင်ရာ၊ တောင်သူလယ်သမားအစည်းအရုံး (ဗတလစ)ကို တနိုင်ငံလုံး ဖွဲ့စည်းရာ၊ ကျောက်ဖြူတွင် ဦးမြဖေ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၅၂-ခုမှ ၁၉၅၅ ခုနှစ်အထိ ပြည်တော်သာ စီမံကိန်းကို အကောင်အထည်ဖော်ခဲ့ရာ၊ ကျောက်ဖြူမြို့နယ်အတွင်း စာသင်ကျောင်းများ၊ ရေတွင်းရေကန်များ စာဖတ်ခန်း အဆောက်အဦးများ၊ တာတမံများ တည်ဆောက်ပေးနိုင်ခဲ့သည်။

၁၉၅၁-ခုနှစ်တွင် ရခိုင်တိုင်းရင်းသား ညီညွတ်ရေးအဖွဲ့၊ (ရတည)စတင်ဖွဲ့စည်းပေါ်ပေါက်လာပြီး၊ ရခိုင်ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုခဲ့ကြသည်။ ကျောက်ဖြူခရိုင် ရတည ဥက္ကဋ္ဌ ဦးဖိုးလူ၊ မြို့နယ်ရတည ဥက္ကဋ္ဌ ဦးရွှေနု၊ အမျိုးသမီး ရတညခေါင်းဆောင် ဒေါ်အေးစောတို့က ဆောင်ရွက်ခဲ့ကြသည်။ ၁၉၅၅-ခု တတိယအကြိမ်၊ ရခိုင်တိုင်းလုံး ဆိုင်ရာ (ရတည)ညီလာခံကို ကျောက်ဖြူမြို့ ကျောက်တိုင်ကွင်းတွင် ကျင်းပခဲ့သည်။ ၁၉၆၀-ခုနှစ်တွင်၊ ရခိုင်ပြည်နယ် ဆန္ဒပြပွဲကြီးကို၊ ရတညနှင့်ရတလစ(ရခိုင်တိုးတက်သော လူငယ်အစည်းအရုံး)တို့ ပူးပေါင်း၍၊ အရေးဆိုဆန္ဒပြခဲ့ကြသည်။ ရတလစအဖွဲ့ကို ၁၉၅၂-ခုနှစ်တွင်၊ ရခိုင်အမျိုးသားရေးနှင့်၊ ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် လှုပ်ရှားခဲ့ရာ၊ ကိုမောင်ကြီး၊ ကိုထွန်းလှအောင်၊ ကိုစံလှိုင်တို့ ဦးဆောင်ပါဝင်ခဲ့ကြသည်။

၁၉၅၈-ခုနှစ်၊ ဖေဖော်ဝါရီလတွင်၊ ဦးနုအစိုးရ၏ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့်၊ တောတွင်းလက်နက် ကိုင်များအတွက်၊ သင်ပုန်းချေရေးဥပဒေကို ပြဌာန်းခဲ့ရာ၊ လက်နက်နှင့် ဒီမိုကရေစီလဲလှယ်ရေးဟူသော ကြွေးကြော်သံများ နှင့်အတူ ရခိုင်ပြည်နယ်မှ ဦးစိန္တာပါတီနှင့် ပြည်သူ့ရဲဘော်ပါတီတို့ လက်နက်စွန့်ခဲ့ကြသည်။

ပြည်သူ့ရဲဘော်ပါတီနှင့် လက်နက်စွန့်ခဲ့သော အဖွဲ့အစည်းများသည် ဒီမိုကရေစီဘောင်အတွင်းမှ လှုပ်ရှားနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၁၉၅၈-ခုနှစ်တွင် ရခိုင်ပြည်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ရမတည)ကို ဖွဲ့စည်းခဲ့ကြပြန်သည်။

ရမတညကို ဦးသာထွန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ကျောက်ဖြူမြို့နယ်တွင် ၁၉၄၈ခုနှစ်မှ ၁၉၆၂-ခုနှစ်အထိ ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)အမတ်အဖြစ် ဦးဘစောနှင့်၊ ဦးသာထွန်းတို့ ဆောင်ရွက်ခဲ့ကြရာ၊ ဦးသာထွန်းသည် ၁၉၄၈ ခုနှစ်တွင်၊ တောခိုသွားခဲ့သည်။ လူမျိုးစုလွှတ်တော်(အထက်လွှတ်တော်)တွင် ဦးရွှေလှအောင်၊ ဦးဖိုးအေး၊ ဦးဖိုးလှုတို့က ဆောင်ရွက်ခဲ့ကြသည်။ ၁၉၅၈ ခုနှစ်၊ ဖဆပလအဖွဲ့ချုပ် နှစ်ခြမ်းကွဲရာ ကျောက်ဖြူမြို့နယ်တွင်လည်း ဦးဘစော ခေါင်းဆောင်သော သန့်ရှင်းဖဆပလနှင့်၊ ဦးမြဖေခေါင်းဆောင်သော တည်မြဲဖဆပလဟူ၍၊ ဖြစ်ပေါ်ခဲ့ကြသည်။ ၁၉၆၀-ခုနှစ် ရွေးကောက်ပွဲတွင်၊ သန့်ရှင်းဖဆပလမှ ဦးဘစောနှင့် တည်မြဲဖဆပလမှ ဦးဖိုးညွန့်(မာန်အောင်)တို့ယှဉ်ပြိုင်ရာ၊ ဦးဘစော အနိုင်ရရှိသည်။ အထက်လွှတ်တော်အတွက် ဦးဖိုးအေး(သန့်ရှင်း)နှင့် ဦးဖိုးလှု(ရတည)တို့ ယှဉ်ပြိုင်ရာ ဦးဖိုးလှု အနိုင်ရရှိသည်။

## (ဂ) ဆိုရှယ်လစ်စေတ်ပြောင်းတော်လှန်ရေးကာလ နိုင်ငံရေးဖြစ်စဉ်

### (၁) တော်လှန်ရေးကောင်စီကာလ နိုင်ငံရေးအခြေအနေ။ ။

၁၉၆၂-ခုနှစ်၊ မတ်လ (၂)ရက်နေ့တွင်၊ တော်လှန်ရေးကောင်စီသည်၊ နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ပြီး တနိုင်ငံလုံးအတွက်၊ အုပ်ချုပ်ရေးအဖွဲ့အသီးသီးကို၊ ဖွဲ့စည်းအုပ်ချုပ်စေခဲ့သည်။ ကျောက်ဖြူမြို့သည် ခရိုင်မြို့ဖြစ်သဖြင့်၊ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကိုလည်းကောင်း၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကိုလည်းကောင်း၊ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကိုလည်းကောင်း၊ ဖွဲ့စည်းခဲ့သည်။ အမှတ်(၁၅)ပြည်ထောင်စုစစ်ရဲ၏ ဗိုလ်မှူးအောင်ကျော်မြင့်(ယခု ပြန်ကြားရေးဌာနဝန်ကြီး)သည် မြို့ပြခရိုင်လုံခြုံရေးနှင့်၊ အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌဖြစ်လာပြီး၊ ခရိုင်ဝန်ဦးစိန်၊ ခရိုင်ရဲဝန် ဦးသန်းဖေတို့ အဖွဲ့ဝင် ဖြစ်လာကြသည်။ ကျောက်ဖြူမြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတွင် ဗိုလ်စိုးနိုင်(ဥက္ကဋ္ဌ)၊ ဦးတင်မောင်(နယ်ပိုင်)၊ စခန်းမှူး ဦးဖိုးနီ၊ မြို့ပိုင် ဦးစံမောင်တို့ ပါဝင်ကြသည်။ မြို့မလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတွင် ဥက္ကဋ္ဌ ဗိုလ်ကြီးကြူဘောင်း၊ ဦးမောင်မောင်(မြို့မရဲဝန်ထောက်)နှင့် အဖွဲ့ဝင်အဖြစ် ဦးလှုဘတို့ ပါဝင်ကြသည်။

### (၂) အမြုတေပါတီကာလအတွင်း နိုင်ငံရေးအခြေအနေ

တော်လှန်ရေးကောင်စီသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေအရ၊ နိုင်ငံရေးအသင်းအဖွဲ့များကို ဖျက်သိမ်းစေသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို တစ်ခုတည်းသော ဦးဆောင်ပါတီအဖြစ် စတင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ စည်းရုံးရေးမှူး ဗိုလ်ကြီးမင်းကြည်သည် ၁၉၆၄-ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် အနောက်ပိုင်းရပ်ကွက် ရုံးတက်လမ်းရှိ ဦးစံရွှေမြနေအိမ်တွင် ကျောက်ဖြူမြို့နယ် ပါတီယူနစ်ရုံးကို၊ စတင်ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ပါတီတိုင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်ဝင်း၊ (အလယ်ပိုင်း စစ်ဌာနတိုင်းမှူး)နှင့် ပါတီတိုင်းကြီးကြပ်ရေးကော်မတီ တိုင်းခွဲအမှတ်(၁၃)(ရခိုင်တိုင်း၊ ဒု-ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး သူရစောဖြူ)တို့ ရောက်ရှိလာပြီး ပါတီ၏ဝါဒသဘောထား ရေးရာများကို၊ ရှင်းလင်းခဲ့ကြသည်။ ပါတီဝင်များ စည်းရုံးခြင်း၊ ပါတီကေဒါများ လေ့ကျင့်တာဝန်ပေးခြင်းတို့ကို အဆက်မပြတ်ဆောင်ရွက်ခဲ့ရာ၊ ကျောက်ဖြူမြို့နယ် ပါတီယူနစ်တွင် ဥက္ကဋ္ဌအဖြစ် ဗိုလ်ကြီးမင်းကြည်၊ အတွင်းရေးမှူးအဖြစ် ဦးဘိုးညို၊ ကော်မတီဝင်များအဖြစ် ဦးဘိုးကေ၊ ဦးဘအေး၊ ဦးရွှေအောင်၊ ဒေါ်သန်းသန်းတို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ဆိုရှယ်လစ်စီးပွားစနစ် တည်ဆောက်မှုအတွက်၊ (ဆစတက)ကို ဖွဲ့စည်း၍ ပြည်သူပိုင်သိမ်းဆည်းရေး လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများကို ဝင်ရောက်တာဝန်ယူစေခဲ့ရာ ဦးကျော်သာသည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ကျောက်ဖြူမြို့နယ် ပါတီယူနစ်တွင် ဥက္ကဋ္ဌများအဖြစ် ဗိုလ်ကြီးထွန်းကွန့်၊ ဗိုလ်ကြီးစံသိန်းတို့က ဆောင်ရွက်ခဲ့ပြီး အတွင်းရေးမှူးများအဖြစ် ဦးဘိုးညို၊ ဦးဘိုးတင်၊ ဦးထွန်းမြဦး၊ ကော်မတီဝင်များအဖြစ် ဦးဘိုးကေ၊ ဦးဘအေး၊ ဦးရွှေအောင်၊ ဒေါ်သန်းသန်း၊ ဦးသာခင်၊ ဦးမောင်ကြီးတို့ဖြစ်သည်။ ကျောက်ဖြူခရိုင်လုံခြုံရေးနှင့်၊ အုပ်ချုပ်မှုကော်မတီတွင်၊ ဥက္ကဋ္ဌများအဖြစ် ဗိုလ်မှူးအောင်ကျော်မြင့်၊ ဗိုလ်မှူးတင်လွင်၊ ဗိုလ်မှူး ကွန်းဘော်ယွန်း၊ ဒုဗိုလ်မှူးကြီးစောဂေါ်ဝေလာ၊ ဗိုလ်မှူးတင်ဦး၊ ဗိုလ်မှူးဘထွေးတို့က ဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဦးဆောင်မှုအောက်တွင် လူထုလူတန်းစား အဖွဲ့အစည်းများကို၊ စည်းရုံးဖွဲ့စည်းခဲ့ရာ၊ ကျောက်ဖြူမြို့နယ် တောင်သူလယ်သမားကောင်စီကို ပါတီယူနစ်ရေးရာမှူး ဦးဘိုးကေးက ဆောင်ရွက်၍

အတွင်းရေးမှူးအဖြစ် ဦးသာထွန်းက ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ဥက္ကဋ္ဌအဖြစ် ဦးမောင်သိန်းနှင့် ဦးဘစောတို့က ဆောင်ရွက်ခဲ့ကြသည်။ နောက်ပိုင်းတွင် မြို့နယ်တောင်သူလယ်သမားကောင်စီကို၊ မြို့နယ်တောင်သူ လယ်သမား အစည်းအရုံးအဖြစ်သို့ ပြောင်းလဲခေါ်ဝေါ်စေခဲ့သည်။ ကျောက်ဖြူမြို့နယ် ပြည်သူ့အလုပ်သမားကောင်စီကို ရေးရာကော်မတီဝင် ဦးရွှေအောင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးတင်မြင့်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး စတင်ဖွဲ့စည်းခဲ့သည်။ ၎င်းနောက် ဦးဘခင်၊ ဦးရွှေအောင်တို့က အစဉ်အဆက် ဆောင်ရွက်ခဲ့ကြသည်။ နောက်ပိုင်းတွင် ပြည်သူ့အလုပ်သမားကောင်စီမှ ပြည်သူ့အလုပ်သမားအစည်းအရုံးဟူ၍၊ ပြောင်းလဲဖွဲ့စည်းလာခဲ့သည်။

## (၃) ပြည်သူ့ပါတီကာလနိုင်ငံရေးအခြေအနေ

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို အမြူတေပါတီမှ ပြည်သူ့ပါတီအဖြစ်သို့ ၁၉၇၁-ခုနှစ်တွင်၊ စတင်ဖွဲ့စည်းခဲ့ရာ ကျောက်ဖြူမြို့နယ် ပါတီယူနစ် ပထမအကြိမ် မျက်နှာစုံညီ အစည်းအဝေးကို အားကစားကွင်းမဏ္ဍပ်ကြီးတွင်၊ ကျင်းပပြီး၊ ပါတီယူနစ်အမှုဆောင်ကော်မတီများအဖြစ် ဥက္ကဋ္ဌဗိုလ်ကြီးစံသိန်း၊ အတွင်းရေးမှူး ဦးဘိုးတင်၊ ကော်မတီဝင် ဦးဘခင်၊ ဦးသိန်းမောင်၊ ဦးထွန်းမြဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ပါတီညီလာခံကိုယ်စားလှယ်များအဖြစ်၊ ဗိုလ်ကြီးစံသိန်း၊ ဦးဘိုးတင်၊ ဦးထွန်းမြဦး၊ ဦးထွန်းအောင်နှင့် အရံအဖြစ် ဦးအေးတို့အား ရွေးချယ်ခဲ့ကြသည်။

ဥက္ကဋ္ဌဗိုလ်ကြီးစံသိန်းသည် ဒေသပါတီကော်မတီဝင်အဖြစ် ပြောင်းရွှေ့သွားရ၍၊ ကြားဖြတ်ပါတီယူနစ် ရွေးချယ်ပွဲ ပြုလုပ်ခဲ့ရာ၊ ဥက္ကဋ္ဌ ဦးဘိုးတင်၊ အတွင်းရေးမှူး ဦးထွန်းမြဦး၊ ကော်မတီဝင်များအဖြစ် ဦးဘခင်၊ ဦးသိန်းမောင်၊ ဦးမောင်ကြီး၊ ဦးသာထွန်း၊ ဦးဘိုးညိုနှင့်၊ အရန်ကော်မတီဝင်အဖြစ် ဦးစံကျော်ရွှေတို့ ရွေးချယ်ခံခဲ့ကြရသည်။ အတွင်းရေးမှူး ဦးထွန်းမြဦးသည် ရခိုင်ပြည်နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဖြစ်လာသောအခါ ဦးဘိုးညိုသည် ပါတီယူနစ်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဦးစံကျော်ရွှေသည် ကော်မတီဝင်အဖြစ်လည်းကောင်း၊ ရောက်ရှိလာခဲ့ပေသည်။

၁၉၇၆ ခုနှစ်၊ သတ္တမအကြိမ် ပါတီယူနစ်မျက်နှာစုံညီ အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဦးစံကျော်ရွှေ၊ အတွင်းရေးမှူး ဦးတင်မြင့်၊ ကော်မတီဝင် ဦမောင်ကြီး၊ ဦးသိန်းမောင်၊ ဦးမောင်ချစ်၊ ဦးခင်ညွှန့်၊ ဦးကျန်ထွန်းနှင့် အရန်ကော်မတီဝင်များအဖြစ် ဦးအောင်တင်၊ ဦးထွန်းမြ၊ ဦးရွှေအောင်တို့ ရွေးချယ်ခံကြရသည်။ ၁၉၈၁-ခုနှစ်၊ (၁၁)ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးမှ ဥက္ကဋ္ဌ ဦးစံကျော်ရွှေ၊ အတွင်းရေးမှူး ဦးတင်မြင့်၊ ကော်မတီဝင် ဦးမောင်ကြီး၊ ဦးခင်ညွှန့်၊ ဦးရွှေအောင်၊ ဦးအောင်တင်၊ ဦးထွန်းမြ၊ အရန်ကော်မတီအဖြစ် ဦးသိန်းမောင်၊ ဦးမောင်ချစ်နှင့် ဦးကျော်ခင်(၁၂-ကြိမ်မြောက် မျက်နှာစုံညီမှ ရွေးချယ်ခြင်းခံရသူ)တို့ ရွေးချယ်ခြင်း ခံခဲ့ရပြန်ပါသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီမှ ချမှတ်ခဲ့သော နိုင်ငံရေးဦးတည်ချက်အရ ဆိုရှယ်လစ်ဒီမိုကရေစီ အဆောက်အအုံနှင့်အညီ နိုင်ငံတော်ယန္တယားကိုလည်း ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက်ချက်အရ စံနစ်သစ်အုပ်ချုပ်ရေးကို စတင်ဖွဲ့စည်းခဲ့ရာ ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်ကော်မိတီမှာ ပြည်နယ်၊ တိုင်း၊ မြို့နယ်နှင့်ရပ်ကွက်၊ ကျေးရွာအုပ်စု လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ စံနစ်သစ် ကျောက်ဖြူမြို့နယ် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ (နလက)တွင် ဥက္ကဋ္ဌ ဗိုလ်ကြီးကျော်မြ၊ အတွင်းရေးမှူး ဦးထွန်းအောင်နှင့် အမှုဆောင်(အချိန်ပြည့်)များအဖြစ် ဦးညွှန့်ဖေ (အလုပ်သမားကောင်စီ ကိုယ်စားလှယ်)၊ ဦးသာခင် (ပါတီယူနစ်ကိုယ်စားလှယ်)၊ ဦးကျော်ဦး(လယ်သမားကောင်စီကိုယ်စားလှယ်)၊နှင့် အချိန်ပိုင်းအဖွဲ့ဝင်များအဖြစ် ဦးအောင်ချမ်းဦး၊ ဦးထွန်းစိန်၊ ဦးမောင်လှအောင်၊ ဦးသိန်းညွှန့်၊ ဦးမြသောင်းနှင့်၊ ဦးဘိုးအေးတို့ဖြစ်ကြသည်။ တိုင်းဒေသ အယူခံတရားသူကြီးအဖွဲ့ဝင်အဖြစ်၊ ဦးဘိုးရင်၊ ဦးလှအောင်၊ ဦးအေး၊ ဦးဘသာ၊ ဦးတင်အေး၊ ဦးစောလှအောင်တို့အားလည်းကောင်း၊ မြို့နယ်ဒေသတရားရုံးများတွင် ဦးဖေမြ၊ ဦးစိန်အောင်၊ ဦးကျန်ဘ၊ ဦးရွှေဖိုး၊ ဒေါ်အေးစောတို့အားလည်းကောင်း၊ လူငယ်တရားရုံးအတွက် ကိုညီရွှေ၊ ကိုကျော်ခင်၊ ဒေါ်လတ်၊ ဒေါ်သိန်းတင်၊ ဦးဘရှင်နှင့်၊ ဦးဘသာတို့အားလည်းကောင်း၊ တာဝန်ပေးအပ်ခဲ့ကြသည်။ ကျေးရွာအုပ်စု (၅၄)အုပ်စုနှင့်၊ မြို့မရပ်ကွက် (၁၀)ရပ်ကွက်အတွက် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများကို တာဝန်ပေးအပ်နိုင်ခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအဟောင်းကို ဖျက်သိမ်းပြီးနောက် ဆိုရှယ်လစ်ဒီမိုကရေစီအစီအမံနှင့်အညီ နိုင်ငံတော်၏ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအသစ်တစ်ရပ်ကို ဆိုရှယ်လစ်စနစ်နှင့် လျော်ညီအောင် ရေးဆွဲနိုင်ရန်.မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ဗိုလ်ချုပ်ကြီးစန်းယု(ယခု နိုင်ငံတော်သမ္မတကြီး)ဦးဆောင်၍၊ (၉၇)ဦးပါဝင်သော ကော်မရှင်တစ်ရပ်ကို၊ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။ အဆိုပါကော်မရှင်သည် ပြည်သူလူထုဆန္ဒကို၊ ကျယ်ပြန့်စွာ ရယူ၍၊ အခြေခံဥပဒေကို အဆင့်ဆင့်ရေးဆွဲခဲ့ရာ၊ ကော်မရှင်အဖွဲ့ခွဲ အမှတ်(၈)ခေါင်းဆောင် ဦးသန်းစိန်၊

ဦးလှထွန်းဖြူ ဦးဝန်ဟာရှင်၊ ဦးပေါ်သင်၊ ဦးစောအောင်နှင့် အတွင်းရေးမှူး ဦးတင်အေးကျော်တို့ပါဝင်သော အဖွဲ့သည် ကျောက်ဖြူမြို့နယ်သို့ ရောက်ရှိလာပြီး ပြည်သူ့ဆန္ဒကို ပထမဦးဆုံး ရယူစုဆောင်းခဲ့ပါသည်။ ၎င်းမှတဖန် ပထမမူကြမ်း၊ ဒုတိယမူကြမ်း၊ တတိယမူကြမ်း စသည်များကို တဆင့်ပြီးတဆင့် ကျောက်ဖြူမြို့နယ် ပြည်သူလူထုထံသို့ လာရောက်ပြီး ဆန္ဒခံယူခြင်း၊ ရှင်းလင်းတင်ပြခြင်းတို့ကို လူထုလှုပ်ရှားမှုကြီးတစ်ရပ်အဖြစ် ဆောင်ရွက်လှုပ်ရှားခဲ့ရာ ကျောက်ဖြူမြို့နယ် ပါတီယူနစ်နှင့် လူထုလူတန်းစား အဖွဲ့အစည်းများသည် အဓိက ပါဝင်လှုပ်ရှားခဲ့သည်။ ၁၉၇၃-ခု၊ ဒီဇင်ဘာလ (၁၅)ရက်နေ့တွင်၊ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့်၊ အတည်ပြုပြဋ္ဌာန်းခဲ့ရာ ကျောက်ဖြူမြို့နယ်အတွင်းရှိ လူဦးရေစုစုပေါင်း (၁၀၆၉၅၁)ဦးရှိသည့်အနက်၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း (၆၁၂၁၉)ဦးရှိရာ ကောက်ခံမဲ (၈၂. ၂၉%)ရရှိခဲ့ပါသည်။ ၁၉၇၄-ခု၊ ဇန်နဝါရီလ (၃)ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ဖြစ်ကြောင်း တော်လှန်ရေးကောင်စီက ကြေငြာခဲ့ပါသည်။

၁၉၇၄-ခု မတ်လ၊ (၂)ရက်နေ့တွင်၊ တော်လှန်ရေးကောင်စီသည်၊ နိုင်ငံတော်အာဏာရပ်များကို လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ လွှဲပြောင်းပေးခဲ့ရာ၊ ကျောက်ဖြူမြို့နယ်မှ ပထမအကြိမ် ပြည်သူ့လွှတ်တော်သို့ ကိုယ်စားလှယ်များအဖြစ် ဦးမောင်အေးနှင့် ဗိုလ်ကြီးစံသိန်းတို့ကို ရွေးချယ်စေလွှတ်ခဲ့သည်။ ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီအတွက် ပြည်သူ့ကိုယ်စားလှယ် ဦးထွန်းမြဦး၊ ဦးစောအောင်၊ ဗိုလ်မှူးမင်းကြည်၊ ဦးတင်မြင့်၊ ဦးသာထွန်းတို့ကို ရွေးချယ်စေလွှတ်ခဲ့သည်။ ကျောက်ဖြူမြို့နယ် ပြည်သူ့ကောင်စီကိုယ်စားလှယ် (၈၃)ဦးကို ရွေးချယ်တင်မြှောက်ပြီး အလုပ်အမှုဆောင်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဗိုလ်ကြီးကျော်မြ၊ အတွင်းရေးမှူးအဖြစ် ဦးထွန်းအောင်၊ အဖွဲ့ဝင်များအဖြစ် ဦးညွန့်ဖေ၊ ဦးသာခင်၊ ဦးကျော်ဦး၊ ဦးအောင်ချမ်းဦးနှင့်၊ ဦးထွန်းစိန်တို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ မြို့နယ်ပြည်သူ့တရားသူကြီးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးထွန်းအောင်၊ အဖွဲ့ဝင်များအဖြစ်၊ ဦးဘိုးအေ၊ ဦးသိန်းညွန့်၊ ဦးမောင်သီးနှင့် ဦးမောင်သိန်းတို့ပါဝင်ကြသည်။ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင်လည်း ဥက္ကဋ္ဌ ဦးကျော်သာ၊ အဖွဲ့ဝင်များအဖြစ် ဦးဘဦး၊ ဦးထွန်းတင်၊ ဦးဘစံ၊ ဦးဦးရွှေစောတို့ ပါဝင်ခဲ့ကြသည်။ ကျေးရွာအုပ်စု (၅၄)အုပ်စုနှင့် မြို့ပေါ် (၁၀)ရပ်ကွက်အတွက် ပြည်သူ့ကောင်စီဝင်စုစုပေါင်း (၁၁၁၁)ဦးကို ရွေးချယ်တင်မြှောက်ပြီး အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့များကို ဖွဲ့စည်း၍ နိုင်ငံတော်အာဏာကို လွှဲပြောင်းဆောင်ရွက်စေခဲ့ပါသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီသက်တမ်းအတွင်း၌ပင် ကျောက်ဖြူမြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ကို အသစ်တဖန် ပြန်လည်ဖွဲ့စည်းရပြန်ရာ ဥက္ကဋ္ဌအဖြစ် ဦးအေး၊ အတွင်းရေးမှူးအဖြစ် ဦးထွန်းအောင်၊ အမှုဆောင်ကော်မတီဝင်များအဖြစ် ဦးသာခင်၊ ဦးအောင်ချမ်းဦး၊ ဦးထွန်းစိန်၊ ဦးခင်အောင်နှင့်၊ ဦးသန်းရည်တို့ကို ပါဝင်ဖွဲ့စည်းခဲ့သည်။ ပြည်သူ့တရားသူကြီးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းညွန့်၊ အဖွဲ့ဝင်များအဖြစ်၊ ဦးသာနိုးအောင်၊ ဦးမောင်သိန်း၊ ဦးကျော်ရင်နှင့်၊ ဦးထွန်းကြိုင်တို့ ပါဝင်ခဲ့ပါသည်။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးထွန်းတင်၊ အဖွဲ့ဝင်များအဖြစ် ဦးဘစံ၊ ဦးဦးရွှေစော၊ ဦးအောင်ရွှေ၊ ဦးသိန်းအောင်တို့ ပါဝင်ဖွဲ့စည်းခဲ့ပါသည်။

၁၉၇၈-ခုနှစ်၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ကို ရွေးချယ်ဖွဲ့စည်းခဲ့ရာ၊ ကျောက်ဖြူမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးစောလှဖြူ( ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး)နှင့် ဦးသာထွန်း(ဦးဆောင်ညွှန်ကြားရေးမှူး-ဆားလုပ်ငန်းကော်ပိုရေးရှင်း)တို့အားလည်းကောင်း၊ ပြည်နယ်ကောင်စီဝင်များအဖြစ် ဦးလုံး၊ ဦးတင်ကြီး၊ ဦးမောင်တင်၊ ဦးသံခဲ၊ ဒေါ်သိန်းခင်တို့အားလည်းကောင်း၊ ရွေးချယ်တင်မြှောက်ခဲ့ ကြသည်။ မြို့နယ်ကောင်စီဝင် (၈၃)ယောက်ကို ရွေးချယ်ပြီး၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးအေး၊ အတွင်း ရေးမှူးအဖြစ် ဦးသန်းရည်နှင့် အဖွဲ့ဝင်များအဖြစ် ဦးထွန်းကြိုင်၊ ဦးခင်ရွှေ၊ ဦးသာခင်၊ ဦးကျော်အောင်နှင့် ဦးအောင်ချမ်းဦး တို့ဖြင့် ဖွဲ့စည်းခဲ့ပြန်သည်။ ၁၉၇၉-ခုနှစ်တွင်၊ ဦးအောင်ချမ်းဦး ကွယ်လွန်သွားသဖြင့် ဦးဘဖြူကို အစားထိုးရွေးချယ် တင်မြှောက်ခဲ့ကြသည်။ မြို့နယ်တရားသူကြီးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းညွန့်၊ အဖွဲ့ဝင်များအဖြစ် ဦးမောင်သီး၊ ဦးကျော်ရင်၊ ဦးပန်းသာ၊ ဦးဘစောတို့ပါဝင်ပြီး၊ လုပ်ငန်းစစ်ဆေးရေးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်၊ အဖွဲ့ဝင်များ အဖြစ် ဦးသိန်းအောင်၊ ဦးအောင်ရွှေ၊ ဦးဘစံနှင့် ဦးဘဝေတို့ ပါဝင်ကြပါသည်။ ကျေးရွာအုပ်စု ရက်ကွက်ပြည်သူ့ကောင်စီ အဖွဲ့အစည်းတွင် အဖွဲ့ဝင်စုစုပေါင်း(၁၁၁၂)ဦး ရွေးချယ်ပြီး အလုပ်အမှုဆောင်အဖွဲ့နှင့် တရားသူကြီးအဖွဲ့တို့ကို ရွေးချယ် တာဝန်ပေးအပ်ခဲ့ပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သက်တမ်းကို ပြင်ဆင်ပြီး၊ တတိယအကြိမ်

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲကို ၁၉၈၁-ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခဲ့ရာ ကျောက်ဖြူမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဦးစောလှဖြူ (ပို့/ဆက်-ဒုတိယဝန်ကြီး)နှင့် ဦးသာထွန်း (ဦးဆောင်ညွှန်ကြားရေးမှူး-ဆားလုပ်ငန်းကော်ပိုရေးရှင်း)တို့အား ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ပြည်နယ်ပြည်သူ့ကောင်စီဝင်များအဖြစ် ဦးတင်ကြီး၊ ဦးကျော်ရင်၊ ဦးလုံး၊ ဦးသန်းအောင်နှင့် ဒေါ်သိန်းခင်တို့အား ရွေးချယ်ခဲ့ပါသည်။ မြို့နယ်ကောင်စီဝင်(၈၃)ဦးအား ရွေးချယ်ပြီး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအဖြစ်၊ ဦးထွန်းအောင် အတွင်းရေးမှူးအဖြစ် ဦးသန်းရည်၊ အဖွဲ့ဝင် ဦးခင်ရွှေ၊ ဦးဘဖြူ ဦးဘိုးမြ၊ ဦးသံဒိုင်နှင့် ဦးကျော်သိန်းတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ မြို့နယ်တရားသူကြီးအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဦးသိန်းညွန့် အဖွဲ့ဝင်များအဖြစ် ဦးဘစော၊ ဦးဘကျော်၊ ဦးကျော်ဇောအောင်နှင့် ဦးကျော်ထွန်းစံတို့ပါဝင်၍ မြို့နယ်လုပ်ငန်း စစ်ဆေးရေးဥက္ကဋ္ဌအဖြစ် ဦးခင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်ရွှေ၊ ဦးဘဝေ ဦးထွန်းကြိုင်နှင့် ဦးသာခင်တို့ဖြင့် ပါဝင်ဖွဲ့စည်းခဲ့သည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်စုစုပေါင်း(၁၁၁၂)ဦး ရွေးချယ်တင်မြှောက်ပြီး အလုပ်အမှုဆောင်အဖွဲ့နှင့် တရားသူကြီးအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ကြပါသည်။

ကျောက်ဖြူမြို့နယ် ပါတီယူနစ်၏ ဦးဆောင်မှုအောက်တွင် လူထုလူတန်းစား အဖွဲ့အစည်းများ ဖြစ်ကြသည့် မြို့နယ်တောင်သူလယ်သမားအစည်းအရုံးနှင့် ကျေးရွာအုပ်စုတောင်သူလယ်သမား အစည်းအရုံးတို့ကို ညီလာခံသက်တမ်းနှင့်အညီ ၁၉၈၁-ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ပြန်လည်ရွေးချယ်တင်မြှောက်နိုင်ခဲ့ပါသည်။ မြို့နယ်အလုပ်သမားအစည်းအရုံးနှင့် အခြေခံအလုပ်သမားအစည်းအရုံးပေါင်း (၃၈)ခုကို ၁၉၈၁-ခုနှစ်မှာပင် ဒုတိယအကြိမ် ပြန်လည်ရွေးချယ်တင်မြှောက်နိုင်ခဲ့ပါသည်။ လမ်းစဉ်လူငယ်အဖွဲ့အစည်းကိုလည်း ၁၉၇၂ ခုနှစ်မှ စတင်၍၊ မြို့နယ်လမ်းစဉ်စည်းရုံးရေးကော်မတီအဖြစ် စတင်ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌများအဖြစ် ဦးဘိုးညို၊ ဦးမောင်ချစ်နှင့် ဦးအောင်တင်တို့က ဆောင်ရွက်ခဲ့ပြီး တွဲဘက်အတွင်းရေးမှူးအဖြစ် ဒေါ်ချမ်းဖြူက ဆောင်ရွက်ခဲ့သည်။ မြို့နယ်စစ်မှုထမ်းဟောင်းများအဖွဲ့ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့်မ ၁၉၇၃ ခုနှစ်မှစတင် ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌများအဖြစ် ဦးရွှေအေးနှင့် ဦးဘိုးကြိုင်တို့က ဆောင်ရွက်ခဲ့ပါသည်။

၁၉၄၈-ခုနှစ် လွတ်လပ်ရေးစပြီးချိန်မှစ၍ ကျောက်ဖြူမြို့နယ်အတွင်းတွင်၊ တောတွင်းလက်နက်ကိုင်သောင်းကျန်းသူများအဖြစ် ပြည်သူ့ရဲဘော်အဖွဲ့အစည်း အလံနီပါတီ(ရခိုင်ပြည်)တို့ကသာ အဓိကအားဖြင့် ဆူပူသောင်းကျန်းခဲ့ပါသည်။ ၁၉၄၉-၅၀-၅၁ခုနှစ် အချိန်တို့တွင် ပြည်သူ့ရဲဘော်ပါတီသည် အင်အားတောင့်တင်းစွာဖြင့် လှုပ်ရှားနိုင်ခဲ့သည်။ ၁၉၅၈-ခုနှစ်တွင် ပြည်သူ့ရဲဘော်ပါတီ လက်နက်စွန့်ပြီးနောက်၊ အလံနီပါတီမှာ ကျွန်းငယ်များတစ်လျှောက်တွင် ဆူပူသောင်းကျန်းခဲ့ရာ ကျောက်ဖြူမြို့နယ်ပါတီယူနစ်၊ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့် တာဝန်သိ ပြည်သူလူထုအပါအဝင် ပြည်သူ့စစ် များ၏ကြိုးပမ်းမှုကြောင့်၊ ၁၉၇၀-ခုနှစ်တွင် ကျောက်ဖြူမြို့နယ်တွင် သောင်းကျန်းသူများ ချုပ်ငြိမ်းပျောက်ကွယ်ပြီး အဖြူ ရောင်နယ်မြေတစ်ခုလုံး ဖြစ်လာခဲ့ပါသည်။

နိုင်ငံတည်ဆောက်မှုလုပ်ငန်းများတွင် ကျောက်ဖြူမြို့နယ် ပြည်သူလူထုသည် လမ်းစဉ်ပါတီ ပြည်သူ့ကောင်စီတို့၏ လမ်းညွှန်ဦးဆောင်မှုတို့ဖြင့် တက်ကြွစွာပါဝင်လှုပ်ရှားခဲ့ရာ နေ့ကြီးရက်ကြီး အခမ်းအနားများကို အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်(၂၅)ကြိမ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရမ်းဗြဲ၊ မာန်အောင်၊ အမ်း၊ မြေပုံ စသောမြို့နယ်များမှ တိုင်းရင်းသားကိုယ်စားလှယ် များစွာဖြင့် ကျောက်ဖြူဇုံနယ်၊ ကျောက်ဖြူမြို့တွင် အထူးစည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။ ၁၉၇၃-ခု(၂၆)ကြိမ်မြောက် ပြည်ထောင်စုနေ့၊၁၉၇၄ခုနှစ်(၂၇)ကြိမ် မြောက် ပြည်ထောင် စုနေ့၊ ၁၉၇၅-ခုနှစ်(၂၈)ကြိမ်မြောက် ပြည်ထောင်စုနေ့များကို ကျောက်ဖြူမြို့နယ်တွင် လူထုစည်းဝေးပွဲကြီးများ၊ မြို့နယ် အတွင်း နိုင်ငံတော်အလံသယ်ယူရေး အခမ်းအနားများတွင် ရိုးရာယဉ်ကျေးမှု ကဇာတ်ကြီးများဖြင့် မင်းထီးကဇာတ်၊ မင်းရန်နောင်ကဇာတ်နှင့် ဥက္ကာပျံကဇာတ်ကြီးများဖြင့်၊ ဖြေဖျော်နိုင်ခဲ့သည့်အပြင် ရိုးရာပဒေသာယိမ်းများ စသည်တို့ကို လည်း တီထွင်ဖော်ထုတ်ပြသနိုင်ခဲ့ပါသည်။

၁၉၇၅-ခုနှစ် ဒီဇင်ဘာလ(၁၅)ရက်နေ့တွင် ပထမအကြိမ် ရခိုင်ပြည်နယ်နေ့ အခမ်းအနားကို ကျောက်ဖြူမြို့တွင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပပြီး ရိုးရာမာရယုပြဇာတ်၊ ရိုးရာယိမ်းများ၊ ကျောင်းပေါင်းစုံ ပဒေသာကပွဲများ၊ ရိုးရာအားကစားပြိုင်ပွဲများ၊ ပြပွဲ ပြခန်းများဖြင့် ကျင်းပနိုင်ခဲ့သည်။

ကျောက်ဖြူမြို့ နဂါးမော်ရေနက်ဆိပ်ကမ်းတစ်ခုကို မြို့နယ်ပါတီယူနစ်၊ မြို့နယ်ပြည်သူ့ကောင်စီတို့နှင့် ဆိပ်ကမ်းကော်ပိုရေးရှင်းတို့မှ ဦးဆောင်၍ ရှာဖွေဖော်ထုတ်တည်ဆောက်ခဲ့သည်။ ၁၉၇၅-ခုနှစ်၊ ဧပြီလတွင် ဂရိန်းအိုင်လန်၊

ဂရိန်းဗယ်လီ၊ ဂရိန်းဖောရက်(စ်)နှင့် ဂရိန်းဟာဗာ စသည့် ပေတစ်ထောင်အရှည်ရှိသော သင်္ဘောကြီးများသည် အမေရိကန် နိုင်ငံမှ ဘင်္ဂလားဒေ့(ရှ်)နိုင်ငံအတွက် ဆန်၊ ဂျုံနှင့် ဓာတ်မြေဩဇာများကို တင်ဆောင်၍ ကျောက်ဖြူဆိပ်ကမ်းမှတဆင့် ဖလက်(ရှ်)သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်။ ဤစီမံကိန်းသည် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ၏သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် တခေတ်ဆန်းသစ်စေမည့် လုပ်ငန်းရပ်တစ်ခု ဖြစ်ပါ သည်။

ကျောက်ဖြူမြို့နယ်မှ အနောက်တောင်ဘက် ကမ်းလွန်ဒေသတွင် ရေနံအစမ်းတွင်းများ တူးဖော်ရန် စီမံကိန်း ချမှတ်ခဲ့ရာ၊ မြို့နယ်ပါတီယူနစ်နှင့် မြို့နယ်ပြည်သူ့ကောင်စီတို့၏ ဦးဆောင်စီစဉ်ကူညီမှုကြောင့် ၁၉၇၅-ခုနှစ်တွင် စတင်တူးဖော်နိုင်ခဲ့ပါသည်။

၁၉၈၁-ခုနှစ်အတွင်း ကျောက်ဖြူမြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလှုပ်ရှားမှုကို လူထုလှုပ်ရှားမှုကြီးတစ်ရပ် အဖြစ်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် အနှစ်နှစ်ဆယ်၊ နှစ်ရှည်စီမံကိန်းနှင့်၊ ၄-နှစ်အတွက် စီးပွားရေး စီမံကိန်းများကို ကျောက်ဖြူမြို့နယ်တွင်လည်း ပါတီ၊ ကောင်စီတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်လျှက် ရှိပါသည်။ ၎င်းပြင် သီးခြားဒေသအလိုက် စီမံကိန်းများအဖြစ် စပါးအထူးအထွက်တိုးအဖြစ် ဧက(၁၅၀၀)စီမံကိန်း၊ တနိုင်မွေးမြူရေးစီမံကိန်း၊ ခညင်းချိန်တာတမံစီမံကိန်း၊ စုပေါင်းတာတမံငယ်များကို၊ နှစ်စဉ်ဆည်ဖို့လျှက် ရှိပါသည်။

# စီးပွားရေး

## (က)လယ်ယာကဏ္ဍ

### မြေယာနှင့်တောင်သူလယ်သမားများ

ကျောက်ဖြူမြို့နယ်တွင် မြေဧရိယာ(၄၃၄၁၄၄)ဧကရှိရာ စိုက်ပျိုးနိုင်သောဧရိယာမှာ (၇၈၆၄၇)ဧက ရှိပါသည်။ ၎င်းအနက် စိုက်ပျိုးခြင်းမပြုနိုင်သော ဧက(၇၄၉၄၂)နှင့် ကြိုးပြင်သစ်တော(၂၂၀၆၈၀)ဧကရှိပါသည်။ ၎င်းအပြင် စပါးစိုက်ဧက (၄၉၆၇၈) ကိုင်းမြေ(၄၉၅)ဧက၊ ဥယာဉ်မြေ(၂၄၄၈)ဧက၊ ဓနိမြေ(၁၀၉၁)ဧကနှင့် တောင်ယာမြေ (၁၀၉၀) ဖြစ်ပါသည်။

မြေယာတိုးချဲ့လုပ်ကိုင်နိုင်မှုအတွက် မြေရိုင်းဧရိယာများကို နည်းအမျိုးမျိုးဖြင့် တိုးချဲ့ဆောင်ရွက်လာခဲ့ရာ တောရိုင်း ခုတ်ထွင်ခြင်း၊ တာတမံ(ကာရံ)များ ဆယ်ဖို့ခြင်းတို့ကို နှစ်စဉ်ကြိုးပမ်းဆောင်ရွက်လျှက် ရှိပါသည်။

စက်မှုစီမံကိန်းဝင်များဖြစ်သည့် စပါး၊ မြေပဲ၊ ချည်မျှင်ချည်ဝါနှင့် ဂုံလျှော်များအနက် ကျောက်ဖြူမြို့နယ်တွင် စပါးနှင့်မြေပဲနှစ်မျိုးကိုသာ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ကျောက်ဖြူမြို့နယ်တွင် ဦးပိုင်ပေါက် တောင်သူလယ်သမား (၂၄၇၁၀)ဦးရှိရာ တောင်သူလယ်သမားတစ်ဦး၏ ပျမ်းမျှလုပ်ကွက်သည် (၂. ၃၈)ဧကရှိပါသည်။ ဝမ်းစာကိုမျှ လုံလောက်သော အခြေအနေမရှိပါ။ သို့အတွက် ကျောက်ဖြူမြို့နယ်၏ လယ်ယာမြေတိုးချဲ့ရေးတွင် တာတမံ(ကာရံ)များကို အဓိက ထားဆည်ဖို့လာရပါသည်။ တာတမံစုစုပေါင်း (၃၉၀)ခု ရှိရာ ရေငံကာ တာတမံဧရိယာ(၂၅၃၃၄)ဧက ရှိပါသည်။ ၎င်းအနက် စိုက်ပျိုးနိုင်သောဧရိယာမှာ (၁၃၂၈၈)ဧကဖြစ်ပါသည်။ ၎င်းတို့တွင် ပုဂ္ဂလိကပိုင် (၁၃၁၃၈)ဧက၊ သမဝါယမပိုင် (၈၃၂)ဧကနှင့် ပြည်သူပိုင် (၆၂၀)ဧကရှိပါသည်။ ကျောက်ဖြူမြို့နယ်တွင် စားကျက်မြေဧက (၃၀၂၃) ရှိပါသည်။

### မုံမှိုးမှုများ

စိုက်ပျိုးစရိတ်ချေးငွေများသည် ခေတ်အဆက်ဆက်အလိုက် အခေါ်အဝေါ်အမျိုးမျိုး ရှိခဲ့ရာတွင် အမတော်ဆောင်ကြေး ၄/ပင်ထောင်ဝယ်စနစ် စိုက်ပျိုးစရိတ်ဟူ၍ ပြောင်းလဲခေါ်ဝေါ်လာခဲ့ရာ ၁၉၆၅-ခုနှစ်မှ ၁၉၈၁ခုထိ-၇၆သိန်းကျော် ချေးပေးပါသည်။ သိန်း(၅၀)ခန့်သာ ပြန်လည်ရရှိပြီး (၂၅)သိန်းခန့် ကြွေးကျန်ရှိနေဆဲ ဖြစ်ပါသည်။ ၁၉၇၇/၇၈ တွင် ခိုင်းကျွဲ(၁၀)ကောင်အတွက် ချေးငွေ(၁၀၀၀၀)ထုတ်ချေးခဲ့ပါသည်။

ကျောက်ဖြူခရိုင်အဖြစ် တည်ရှိစဉ်အခါက ကျောက်ဖြူတွင် ထွန်စက်(၁၀)စီးနှင့် ရေစုပ်စက် (၂၀)လုံး ရှိခဲ့သည်။ သို့ရာတွင် ထိရောက်စွာ ဆောင်ရွက်နိုင်မှု မရှိခဲ့သဖြင့် နောက်ဆုံးတွင် စက်မှုလယ်ယာဦးစီးဌာန၏ ဆောင်ရွက်သော စီမံကိန်း ရပ်တန့်သွားပါသည်။

### ဓာတ်မြေဩဇာအသုံးပြုမှု

၁၉၇၂-ခုနှစ်မှ ဓာတ်မြေဩဇာကို စတင်သုံးစွဲလာခဲ့ရာ ၁၉၈၁-ခုနှစ်တွင် ယူရီးယား(၉၄. ၅၅) တန်၊ ဒီဆူပါ(၁၀. ၀၁)တန်ထိ သုံးစွဲခဲ့ပါသည်။ သဘာဝမြေဩဇာအဖြစ် နောက်ချေး၊ ဖွဲနု စသည်တို့ကို မိမိတို့ရိုးရာအလိုက် သုံးစွဲခဲ့ကြပါသည်။

### ထွန်ယက်မှုစနစ်

ထွန်ယက်မှုစနစ်ကို မိရိုးဖလာသုံးစွဲလာခဲ့သည့် စနစ်မှာ ယခုထိ ဖြစ်ပါသည်။ စက်မှုလယ်ယာဦးစီးဌာနမှ စက်များဖြင့် ထွန်ယက်ခဲ့ရာ အောင်မြင်မှုမရှိခဲ့ပါ။

### သဘာဝဘေးအန္တရာယ်များ

လယ်ယာလုပ်ငန်းတွင် ဒီရေလွှမ်းသော ဘေးအန္တရာယ်၊ မုန်တိုင်းဘေးအန္တရာယ်၊ မိုးခေါင်သောဘေးအန္တရာယ်များ၊ ပိုးမွှားအန္တရာယ်ဘေးတို့ကို တွေ့ကြုံရတတ်ပါသည်။ ရေကြီးတတ်သော အချိန်များတွင် ကာရီ(တာတမံ)များ ကျိုးပေါက်သောဘေးအန္တရာယ်နှင့် နှစ်စဉ်ကြုံတွေ့ကြရပါသည်။ ၁၉၆၈-ခုနှစ်နှင့် ၁၉၇၈ ခုနှစ် မုန်တိုင်းကြီးကြောင့် လယ်ယာမြေများ ဧကများစွာ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ၁၉၆၅ ခုနှစ်က မိုးခေါင်သော ဘေးအန္တရာယ်ကြောင့်

တစ်မြို့နယ် လုံး စပါးအထွက် ထက်ဝက်ခန့် ပျက်စီးခဲ့ရပါသည်။ ၎င်းမိုးခေါင်သည့်နှစ်တွင်ပင် နံ့ဖြတ်ပိုးမွှားများ ကျရောက်ခဲ့သဖြင့် စိုက်ပျိုးသီးနှံများစွာ ပျက်ဆီးဆုံးရှုံးခဲ့ရပြန်ပါသည်။ အဆိုပါအန္တရာယ်များကို ကျောက်ဖြူမြို့နယ်အနေနှင့် တွေ့ကြုံခဲ့ရသဖြင့် လိုအပ်သောကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်စေခဲ့ပါသည်။

**လယ်ယာကဏ္ဍလုပ်သားများနှင့် ရင်းနှီးမြှုပ်နှံမှု**

လယ်ယာကဏ္ဍတိုးတက်ဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးဌာန (ယခု-လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း) ကျောက်ဖြူ၌ ကျွမ်းကျင်သူဝန်ထမ်း (၂၇)ဦး ခွင့်ပြုလျာထားလျက် ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးဌာနကို စစ်မဖြစ်မီကပင် ဖွဲ့စည်းထားရှိပြီး လယ်ယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်စေခဲ့ပါသည်။

ရေဘေးကာကွယ်ရေးလုပ်ငန်းများကို စစ်မဖြစ်မီအချိန်က လုပ်ငန်းဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ၁၉၅၄ ခုနှစ်တွင် ဆည်မြောင်းဌာနမှ လွှဲပြောင်းတာဝန်ယူ လုပ်ကိုင်ခဲ့ပါသည်။ ကျောက်ဖြူမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ကျောက်ဖြူမြို့နယ်အတွင်း လယ်ယာမြေတိုးမြှင့်ရေးအတွက် ၁၉၇၄-၇၅ ခုနှစ်တွင် ကျပ်ငွေ (၅၀၀၀၀/-)ကျပ်၊ ၁၉၇၅-၇၆ ခုနှစ်တွင် ကျပ်ငွေ (၂၁၃၆၄၄/-)ကျပ်၊ ၁၉၇၆-၇၇ကျပ်ငွေ (၅၄၁၅၄/-)ကျပ်၊ ၁၉၇၇-၇၈ ခုနှစ်တွင် (၃၉၆၈၈၆/) ကျပ်၊ ၁၉၇၈-၇၉ခုနှစ်တွင် ကျပ်ငွေ(၂၄၅၅၆၂/-)ကျပ်၊ ၁၉၇၉-၈၀ ခုနှစ်တွင် ကျပ်ငွေ (၂၂၄၂၅၂/-)ကျပ်၊ ၁၉၈၀-၈၁ ခုနှစ်တွင် ကျပ်ငွေ (၁၃၂၉၀၇/-)ကျပ် သုံးစွဲခဲ့ပါသည်။

**သမဝါယမလယ်ယာမြေများ**

ကျောက်ဖြူမြို့နယ်တွင် ၁၉၈၁ ခုနှစ်အထိ သမဝါယမပိုင် လယ်ယာအနေဖြင့် ချိန်ကာရီအဆင့်နိမ့် ရှေ့ပြေး သမဝါယမအသင်းတွင် အသင်းသားဦးရေ (၂၂၈)ဦးရှိရာ တိုးတက်မှုရှိသော သမဝါယမအသင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ စည်မော်အဆင့်နိမ့် ရှေးပြေးသမဝါယမအသင်းတွင် အသင်းဝင်(၁၀၈)ဦးရှိရာ ထိုက်သင့်သလောက် အောင်မြင်မှုများ မရှိသေးပေ။

## (ဓ) သားငါးကဏ္ဍ

ကျောက်ဖြူမြို့နယ်တွင် တိရစ္ဆာန်ဆေးကုသရေးဌာနကို စစ်မဖြစ်မီကပင် စိုက်ပျိုးရေးဌာနတွင် တွဲဘက်ဖွင့်လှစ်ထားပါသည်။ ၎င်းအချိန်က တိရစ္ဆာန်ဆေးကုသရေးကိုသာ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၄-ခုနှစ်ကျမှသာ တိရစ္ဆာန်ဆေးကုသရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကိုပါ စီမံကိန်းများချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်။

တိရစ္ဆာန်မွေးမြူရေးအတွက် ပြည်သူပိုင်ကဏ္ဍအနေဖြင့်လည်းကောင်း၊ သမဝါယမအနေဖြင့်လည်းကောင်း၊ မရှိသေးပါ။ ပုဂ္ဂလိကပိုင်အဆင့်တွင်သာ ရှိပါသည်။ မျိုးကောင်းမျိုးသန့် ရရှိရေးအတွက် မေထုန်မဲ့သားစပ်လုပ်ငန်းကို ၁၉၇၉-ခုနှစ်မှ စတင်အကောင်အထည်ဖော် လုပ်ကိုင်ခဲ့ရာ ယခုအချိန်ထိ ရှိပြီး အောင်မြင်လျက်ရှိပါသည်။ သဘာဝနည်းဖြင့် မျိုးမြင့်သားစပ်ခြင်း၊ မျိုးညံ့နွားသင်းကပ်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ မွေးမြူရေးခြံများဟူ၍ အထူးသီးသန့် မရှိသေးပါ။

တိရစ္ဆာန်ရောဂါ ကာကွယ်ရေးအတွက် နှစ်အလိုက် ရာသီအလိုက် ကာကွယ်ဆေးများထိုးခြင်း၊ ကုသခြင်းများကို သက်ဆိုင်ရာဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ ကျောက်ဖြူမြို့နယ်အတွင်း တိရစ္ဆာန်ထွက် ပစ္စည်းများအဖြစ်၊ အသား၊ နို့၊ ကြက်ဥ၊ ဘဲဥစသည်တို့ ထွက်ရှိပါသည်။

**ငါးကဏ္ဍ**

ကျောက်ဖြူမြို့နယ်အတွင်း ရေချိုငါးဖမ်းလုပ်ငန်းနှင့် ရေချိုငါးမွေးမြူရေးလုပ်ငန်းများ ရှိပါသည်။ ရေငံငါးပုဇွန်ဖမ်းလုပ်ငန်းကို အဓိကထား၍ လုပ်ကိုင်ကြပါသည်။ ကမ်းတွင်း၊ ကမ်းနီး ငါးဖမ်းလုပ်ငန်းများကို ပုဂ္ဂလိကများအနေဖြင့် လှေငယ်များ စက်ဘုတ်လှေများဖြင့် ဖမ်းဆီးကြပါသည်။ မြို့နယ်အတွင်း ဖမ်းဆီးရမိသော ငါးများမှာ ငါးမန်းအမျိုးမျိုး၊ လိပ်ကျောက်အမျိုးမျိုး၊ ငါးလက်ခွာ(ကကူရံ) ငါးသတ်(ကကတစ်)၊ ငါးတောက်တူ၊ ငါးပုလင်း၊ ယုဇနငါး၊ ငါးပါးနီ အစရှိသော ငါးအမျိုးမျိုးကို ဖမ်းဆီးရရှိကြပါသည်။ ရေခူဖမ်းဆီးရေးလုပ်ငန်းကို ၁၉၇၅-ခုနှစ်တွင် ပြင်ဖြူမော်စခန်း၌

ပြုလုပ်ခဲ့ပါသည်။

ငါးဖမ်းလုပ်ငန်းတွင် မိရိုးဖလာ ငါးဖမ်းလုပ်ငန်း၊ ခေတ်မှီပိုက်များဖြင့် ငါးဖမ်းလုပ်ငန်း၊ ကမ်းနီးထွက်ခွါ ငါးဖမ်း လုပ်ငန်းဟူ၍ ရှိပါသည်။ အသုံးပြုသော ငါးဖမ်းပိုက်များမှာ ဒမင်းပိုက်၊ မျှောပိုက်၊ ပိုက်ဖြူ မျှားတမ်းကြီး၊ မျှားတမ်းသေး၊ ဘူးပိုက်၊ ဂွမ်းပိုက်၊ စိန်ပိုက်၊ ကျောက်ခုတ်ပိုက်၊ ပချူးပိုက်၊ ပိုက်ထောက်ပိုက်နှင့် ခြံလမူးပိုက် စသည်တို့ဖြင့် ဖမ်းဆီးကြပါ သည်။ ကျောက်ဖြူမြို့နယ်အတွင်း နှစ်စဉ်ငါးခြောက် ပိဿာချိန်(၂၂၇၁၆၀)ပိဿာနှင့် ပုဇွန်ပိဿာချိန် (၁၁၀၄၀)ပိဿာ ထွက်ရှိပါသည်။

ကျောက်ဖြူမြို့နယ်သည် ပင်လယ်ပြင်နှင့် ဆက်စပ်လျက်ရှိရာ ပင်လယ်လိပ်များသည် သဘာဝအလျောက် သဲသောင်ကမ်းခြေများပေါ်သို့ တက်ရောက်ဥချလေ့ရှိကြရာ လိပ်ဥရှာဖွေခြင်းကို ဒေသအလိုက် အနည်းအကျဉ်း ဆောင်ရွက်ကြပါသည်။ စနစ်တကျ မွေးမြူဆောင်ရွက်ကြခြင်း မရှိသေးပါ။ ပင်လယ်လိပ်ကြီးများကို မှိန်းများဖြင့်ထိုးပြီး ဖမ်းဆီးကြပြီး အသားအနေဖြင့် ရောင်းချလျက် ရှိကြပါသည်။

ငါးမန်းတောင်လုပ်ငန်း၊ ငါးဝီစီပေါင်းလုပ်ငန်းကိုလည်း တွဲဘက်လုပ်ကိုင်ခဲ့ပါသည်။ ငါးဆားနယ်လုပ်ငန်းနှင့် ငါးပိလုပ်ငန်းကိုလည်း လုပ်ကိုင်ရာ နှစ်စဉ်ငါးဆားနယ် (၃၆၀၇၀)ပိဿာနှင့် ငါးပိ (၁၀၉၀၀၀)ပိဿာထွက်ရှိကြောင်း ခန့်မှန်းသိရှိရပါသည်။ ငါးဖမ်းသင်တန်းကျောင်းအတွက် အဆောက်အဦးများကို ၁၉၇၃-ခုနှစ်မှစတင်ဆောက်လုပ်ခဲ့ရာ ယခုအချိန်၌ ပြီးစီးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သားငါးကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံပိုင်ကဏ္ဍအနေဖြင့် ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းသည် ၁၉၇၁ ခုနှစ်မှ စတင်၍ ငါး၊ ပုဇွန်များဖမ်းဆီးရန် စီစဉ်လျက်ရှိရာ ယခုအချိန်တွင် ငါးအမျိုးမျိုးနှင့် ပုဇွန်အမျိုးမျိုးတို့ကို ဖမ်းဆီးလျက် ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။

## (ဂ) သစ်တောကဏ္ဍ

ကျောက်ဖြူမြို့နယ်တွင် ကြိုးဝိုင်းသစ်တောဟူ၍ မရှိသေးပေ။ ကြိုးမဲ့သစ်တောဧရိယာ (၉၁၆၀၀)ဧက ရှိပါသည်။ ပေါက်ရောက်သော သစ်ပင်များမှာ ပျဉ်းကတိုးနှင့် အခြားတောသစ်များ ပေါက်ရောက်ပါသည်။ ဝါးတောများ ပေါက်ရောက်မှုကို အနည်းအကျဉ်းသာ တွေ့ရှိရပါသည်။ အစိုးရသစ်ထုတ်လုပ်ရေးဌာန ရှိသာရှိပြီး ခွဲစိပ်မှုမရှိပါ။ အခြား မြို့နယ်မှ သစ်ခွဲသားများကိုသာ တင်ပို့ရောင်းချကြသည်။ သစ်တောလုပ်ငန်းနှင့် ပတ်သက်၍ ဆင်ဖမ်းလုပ်ငန်းများလည်း မရှိပါ။

ထင်းထုတ်လုပ်မှုကို မြို့နယ်သမဝါယမအသင်းမှ တာဝန်ယူလုပ်ကိုင် ရောင်းချလျက်ရှိနေပါသည်။ ၁၉၈၁- ခုနှစ်အတွက် သစ်တောအခွန်ကောက်ငွေ (၂၇၉၇/၄ဝါး)ဖြစ်ပါသည်။ ထို့ကြောင့် ကျောက်ဖြူမြို့နယ်တွင် သစ်တောကဏ္ဍ အနေဖြင့် ထူးခြားစွာ မရှိသေးကြောင်း တွေ့ရှိရပါသည်။

## (ဃ) ဓာတ်သတ္တုကဏ္ဍ

၁၉၃၀ ခုနှစ်တွင် မြေပုံပြုစုရေးအဖွဲ့၏ တွေ့ရှိချက်အရ ကျောက်ဖြူမြို့နယ် ရေနံတောင်ရွာ ရေနံချောင်းတွင် ရေနံအစအနတွေ့ရှိသဖြင့် ရွာသူ/ရွာသားများက လက်တူးတွင်းအဖြစ် စတင်တူးဖော်ခဲ့ကြသည်။ ၎င်းနောက် အရှေ့အိန္ဒိယကုမ္ပဏီမှ ဦးစီးပြီး ရေနံတွင်းများ စတင်တူးဖော်ခဲ့ရာ တနှစ်လျှင် ဂါလံတသိန်းခန့် ထွက်ရှိသည်ဟု အဆိုရှိခဲ့ သည်။ ၎င်းနောက်ပိုင်းတွင် အင်္ဂလိပ်လူမျိုး မေကရင်ဆိုသူက ဆက်လက်လုပ်ကိုင်ခဲ့ရာ တွင်းပေါင်း(၂၇)တွင်းထိ ရှိခဲ့သည်။

လွတ်လပ်ပြီးအချိန်ထိ အင်္ဂလိပ်လူမျိုးများမှာ ဆက်လက်လုပ်ကိုင်ခဲ့ရာ ပြည်တွင်းသောင်းကျန်းမှုကြောင့် ထွက်ခွာ သွားခဲ့ကြသည်။ အဆိုပါတွင်းဟောင်းများကို ရွာဘုံတွင်းများအဖြစ် ဆက်လက်ထိန်းသိမ်းခဲ့ပြီး ၁၉၅၈-ခုနှစ်ခန့်တွင် သမဝါယမဘုံစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် ပုဂ္ဂလိက ရေနံတွင်းကိုလည်း မိမိရိုးရာနည်းဖြင့် တူးဖော်ခဲ့ကြ သည်။ အခြားရေနံအလားအလာရှိ ဒေသများမှာ မြန်မာ့ရေနံကော်ပိုရေးရှင်း၏ ၁၉၆၃-၆၄ ရှာဖွေချက်အရ မလကျွန်းရွာ/ လိပ်ခမော်ကျေးရွာ/ကျောက်မြောက်ကျေးရွာ၊ ပြိုင်းစေ့ကေရွာ၊ ရေနံထွန်၊ ဇင်ချောင်းအုပ်စု ကမ်းစပ်များတွင် အလား အလာရှိသည်ဟု သိရှိရပါသည်။

၁၉၇၂-၇၃ ခုနှစ်၊ ကျောက်ဖြူမြို့နယ်တွင် (အေအိုဒီဆီ)နှင့် ရခိုင်ရေနံဖွံ့ဖြိုးရေးကုမ္ပဏီကို ဂျပန်နိုင်ငံနှင့်

မြန်မာ နိုင်ငံအစိုးရတို့ ပူးပေါင်း၍ ကျောက်ဖြူမြို့ ကမ်းလွန်ပင်လယ်ပြင်ဒေသတွင် အစမ်းတွင်းများ တူးဖော်ခဲ့ပါသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထွက်ရှိမှုကို စမ်းသပ်တူးဖော်ခြင်း ဖြစ်ပါသည်။ မြို့ပေါ်စခန်းကို ကျောက်ဖြူမြို့ ကုမ္ပဏီဈေးရွာ ဝင်ဝတွင် ဖွင့်လှစ်ထားခဲ့ပါသည်။

ကျောက်ဖြူမြို့နယ်အတွင်း၊ ထုံးကျောက်တောင်များမှာ၊ စနဲအုပ်စုထိန်ထွေ တောင်ကန္ဒီးအုပ်စု စည်တောင်၊ သိုင်းချောင်းအုပ်စု ချောင်းမြောင်တောင်နှင့် အခြားထုံးကျောက်တောင်(၂၂)လုံးသည် ကျောက်ဖြူ ရမ်းဗြဲလမ်းမကြီးဘေး ပတ်ဝန်းကျင် (၅)မိုင်အတွင်း တည်ရှိပါသည်။

ရေနံတူးဖော်ရေးကော်ပိုရေးရှင်း ၁၉၇၇-ခုနှစ်စတွင် မြန်မာ့ရေနံကော်ပိုရေးရှင်း ဗဟိုမှ ဦးစီးဆောင်ရွက်လျက် ရှိပါသည်။

## (င) စက်မှုလက်မှုကဏ္ဍ

စစ်မဖြစ်မီကာလတွင် ဂျင်တေလာဆိုသူ အိန္ဒိယအမျိုးသားတစ်ဦးသည် ကျောက်ဖြူမြို့ ငလပွေ့ကျေးရွာ၌ ယခုလက်ရှိ ဆန်စက်တည်ရှိရာနေရာတွင် တစ်နာရီလျှင် ဆန်အိပ်(၄၀)ကျသော ဆန်စက်တစ်လုံးကို တည်ဆောက်ခဲ့ပါသည်။ ထို့အပြင် အခြားမျက်နှာဖြူတစ်ဦးကလည်း ကျောက်ဖြူပြင်ဖြူမော်ကျေးရွာတွင် ဆန်စက်တစ်လုံးကို တည်ဆောက်ခဲ့ပါသည်။ အဆိုပါ ဆန်စက်(၂)လုံးမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသွားခဲ့ပါသည်။

စစ်ပြီးခေတ် ၁၉၅၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ယခုလက်ရှိအစိုးရဆန်စက်ကို စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၅၆-ခုနှစ်တွင် ပြီးစီး၍၊ စတင်လည်ပတ်နေခဲ့ပါသည်။ ဆန်စက်၏တန်ဘိုးမှာ (၁၂)သိန်းဖြစ်ပါသည်။ တနေ့လျှင် ဆန်တန်ချိန်(၂၅)တန်ကို ကြိတ်ခွဲနိုင်သော ဆန်စက်ဖြစ်ပါသည်။ ထိုဆန်စက် ကောင်းစွာလည်ပတ်နိုင်ရေးအတွက် ကာယ ဉာဏလုပ်သား (၈၂)ဦးပါဝင် လုပ်ဆောင်လျှက် ရှိကြပါသည်။

၁၉၅၅-ခုနှစ်တွင်၊ ကျောက်ဖြူမြို့ င/လပွေ့ကျေးရွာတွင် ပုဂ္ဂလိကများက တနေ့လျှင် (၇)တန်ကျ ခွဲစိပ်နိုင်သည့် သစ်စက်တလုံးကို တည်ဆောက်ခဲ့ကြပါသည်။ ယင်းသစ်စက်အား ၁၉၆၈-ခုနှစ်မှစ၍ ကြီးကြပ်ရေးကော်မတီဖြင့် ကြပ်မတ်ပြီး လည်ပတ်စေခဲ့ပါသည်။ ၁၉၇၈- ခု မေလ(၁၇)ရက်နေ့တွင် တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် စက်ရုံတစ်ခုလုံး ပြိုကျပျက်စီးခဲ့ရပါသည်။

ကျောက်ဖြူမြို့နယ်တွင် ငါးလုပ်ငန်း အထောက်အကူပြု စီမံကိန်းတစ်ရပ်အဖြစ် တစ်နေ့လျှင် ရေခဲတန် (၅၀)ထုတ်လုပ် နိုင်သည့် ရေခဲစက်နှင့် ငါးပုဇွန်တန်(၆၀၀)သိုလှောင်နိုင်သည့် အအေးခန်းစက်ရုံတစ်ရုံကို တည်ဆောက်ထားရှိပါသည်။ ယင်းတို့ကို ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းအတွက် ဒိန်းမတ်နိုင်ငံချေးငွေဖြင့် တည်ဆောက်ခဲ့ပါသည်။ အဆိုပါရေခဲစက်နှင့် အအေးခန်းစက်ရုံကို ၁၉၇၉-ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဒိန်းမတ်နိုင်ငံ (ATLAS)ကုမ္ပဏီမှ ကျွမ်းကျင်သူများနှင့် မြန်မာစက်မှုအင်ဂျင်နီယာများ ပူးပေါင်းပြီး တည်ဆောက်ခဲ့ပါ သည်။ ၁၉၈၁-ခု၊ မတ်လ(၁၇)ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။ ကုန်ကျငွေမှာ (၂၃၈. ၅)သိန်းဖြစ်ပါသည်။ စက်ရုံတွင် ကာယ၊ ဉာဏလုပ်သား(၁၅၀)နီးပါး ပါဝင်ပြီး အကယ်၍ စက်ရုံပုံမှန်လည်ပတ်ပါက တစ်နေ့လျှင် ငါးပုဇွန် (၁၅)တန်ခန့်ဖြန့်ဖြူးရောင်းချနိုင်မည် ဖြစ်ပါသည်။

ကျောက်ဖြူမြို့နယ်အတွင်းရှိ စနဲ၊ ဂန့်ဂါ၊ မြို့ချောင်းနှင့် ဖြင်ကြီးကျေးရွာအုပ်စုတို့တွင် ဆားလုပ်ငန်းများကို လုပ်ကိုင်လျှက် ရှိကြပါသည်။ ၁၉၇၄-၇၅ ခုနှစ်တွင် ဆားဖိုစုစုပေါင်း (၁၉၀)ခန့် ရှိခဲ့ပြီး ဆားပိဿာချိန် သိန်း(၁၆၀)ကျော် ထုတ်လုပ်နိုင်ခဲ့ပါသည်။ သို့ရာတွင် ၁၉၈၀-၈၁ ခုနှစ်တွင် ဆားဖိုစုစုပေါင်းမှာ (၄၇)ဖိုသာ ရှိတော့ပြီး ထုတ်လုပ်မှုမှာ ဆားပိဿာချိန် (၁၅)သိန်းခန့်သာ ထုတ်လုပ်နိုင်ခဲ့ပါသည်။

ကျောက်ဖြူမြို့နယ်တွင် အစိုးရနေလှမ်းဆားကွင်းများအဖြစ် စနဲစံပြနေလှမ်းဆားကွင်းနှင့် ကျောက်တလုံးနေလှမ်းဆားကွင်း(၂)ကွင်း ရှိပါသည်။ စနဲနေလှမ်းဆားကွင်းကို ၁၉၆၅-၆၆ခုနှစ်တွင် ဧက (၄၀. ၆၅) အကျယ်အဝန်းနှင့် စတင်တည်ထောင်ခဲ့ပြီး ၁၉၈၀-၈၁ ခုနှစ်တွင် ဧက (၃၅၀)ထိ တိုးချဲ့ထုတ်လုပ်ခဲ့ပါသည်။ ယင်းဆားကွင်းမှ နေလှမ်းဆားပိဿာချိန် (၁၈၁၆၀၀)ထုတ်လုပ်နိုင်ခဲ့ပါသည်။ ကျောက်တလုံးနေလှမ်းဆားကွင်းကို ၁၉၇၈-၇၉နှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၈၀-၈၁ ခုနှစ်တွင် ဧရိယာအကျယ်အဝန်း (၂၅)ဧကအထိ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ယင်းမှ နေလှမ်းဆားပိဿာချိန် (၁၀၂၂၈၀) ထုတ်လုပ်နိုင်ခဲ့ပါသည်။

၁၉၅၄-ခုနှစ်တွင် ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ဘက်မှ ဦးငမဲအောင်သည် ဟီယဒိုအင် အမျိုးအစား စက်ယက် ကန်းတစ်လုံးကို တည်ထောင်ခဲ့ပါသည်။ တန်ဘိုးငွေမှာ (၁၁၀၀၀)ဖြစ်ပါသည်။ တဖန် ၁၉၅၉ ခုနှစ်တွင် ဟီယဒိုအိပ်ချ်စက်အမျိုးအစားတလုံးကို တည်ဆောက်ပြန်သည်။ တန်ဘိုးငွေမှာကျပ်ငွေ (၄၀၀၀)ဖြစ်ပါသည်။ ယင်းစက် (၂)လုံးဖြင့် နိုင်လွန်နှင့် ဇင်ဖြူမှလွဲ၍ အခြားသောအဝတ်အထည်များကို ကောင်းစွာ ယက်လုပ်နိုင်ခဲ့ပါသည်။ ၁၉၆၄-ခုနှစ်တွင် ကျောက်ဖြူမြို့နယ်အတွင်း၌ လွန်းပျံယက်ကန်းစင်များကို စတင်တည်ထောင်ခဲ့ပါသည်။ ၁၉၆၅-၆၆ ခုနှစ်တွင် ကျောက်ဖြူမြို့မရပ်ကွက်အတွင်း၌ လွန်းပျံယက္ကန်းစင်(၁၇)စင်နှင့် စနဲကျေးရွာတွင် (၂၅)စင်ရှိခဲ့ပါသည်။ ထို့နောက် ကျောက်ဖြူ မြို့မရပ်ကွက်တွင် လွန်းပျံယက္ကန်းစင်(၂၀)အထိ လည်းကောင်း၊ စနဲကျေးရွာတွင် (၁၁၀)ထိလည်းကောင်း တိုးတက်လာပါသည်။ ကျောက်ဖြူမြို့နယ် ကုန်သွယ်ရေးမှ ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ရိုးရာရခိုင်လုံချည်များကို ၁၉၆၅-ခုနှစ်မှ ၁၉၇၅-ခု ဧပြီလထိ ထုတ်လုပ်ခဲ့ပါသည်။ ၁၉၇၆-ခု၊ နိုဝင်ဘာလ(၁၃)ရက်နေ့တွင် မြို့နယ်သမဝါယမမှ ဆက်လက်ပြီး အကောင်အထည်ဖော်ခဲ့ပါသည်။ ယခုအချိန်ထိ လွန်းပျံယက္ကန်းစင် စုစုပေါင်း(၂၀၀)ဖြင့် အကောင်အထည် ဖော်လျှက်ရှိပါသည်။

မြို့နယ်အတွင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများမှာ အမျိုးအစားအလိုက် အောက်ပါအတိုင်း ဖြစ်ပါသည်။

- တွင်ခုံလုပ်ငန်း (၅)ခု
- သစ်ခွဲစက်လုပ်ငန်း (၃)ခု
- ဘိလပ်ရေလုပ်ငန်း (၁)ခု
- မုံ့ဖုတ်လုပ်ငန်း (၃)ခု
- သားရေချုပ်လုပ်ငန်း (၁)ခု
- ဘိနပ်ချုပ်လုပ်ငန်း (၂)ခု
- သေတ္တာလုပ်ငန်း (၄)ခု
- အုန်းဆီကြိတ်လုပ်ငန်း (၃)ခု
- ဆန်ဖွတ်စက်နှင့် အမှုံ့ကြိတ်လုပ်ငန်း (၂၅)ခု
- ပုံနှိပ်စက်လုပ်ငန်း (၁)ခု

လေပွေ့ဆန်စက်တွင် စပါးခွံကို အဓိကလောင်စာအဖြစ် သုံးစွဲကြပါသည်။ ကျောက်ဖြူမြို့ပေါ်ရှိ အခြားစက်ရုံ အလုပ်ရုံများမှာ ဒီဇယ်ဆီကို အဓိကလောင်စာအဖြစ် သုံးစွဲကြပါသည်။ ဒီဇယ်ရရှိမှုနှင့် သုံးစွဲမှုအနေအထားမှာ မျှတမှုမရှိဘဲ ဒီဇယ်ဆီလုံလောက်မှု မရှိကြောင်း တွေ့ရှိရပါသည်။

ကျောက်ဖြူမြို့နယ်အတွင်းရှိ နိုင်ငံပိုင် စက်မှုလက်မှုကဏ္ဍတွင် လုပ်သားအင်အား ၁၁၅၇ ဦး ရှိပါသည်။ ပုဂ္ဂလိက အိမ်တွင်းမှု စက်မှုလက်မှုလုပ်ငန်းတွင် လုပ်သားအင်အား (၁၁၂)ဦးရှိပြီး ပုဂ္ဂလိက ဆားထုတ်လုပ်မှုတွင် လုပ်သားအင်အား (၁၀၀)ခန့်ရှိပါသည်။ စက်မှုလက်မှုကဏ္ဍ၏ အသားတင်တန်ဘိုးမှာ ကျပ် (၁၁၅၂၆၀၃)ခန့် ဖြစ်ပါသည်။ နိုင်ငံပိုင် စက်မှုလက်မှုကဏ္ဍတွင် အသားတင်ထုတ်လုပ်မှုတန်ဘိုးမှာ ကျပ် (၅၅၈၉၇၉)ခန့် ရှိပါသည်။ ယင်းတို့မှာ လယ်ယာ ကုန်သွယ်ရေးပိုင်စက်ရုံ၌ ကျပ်(၁၇၂၆၈၆)ခန့် ဆားလုပ်ငန်းကော်ပိုရေးရှင်းမှကျပ် (၃၁၁၂၉၃)ခန့်၊ ပြည်သူ့ပုလဲနှင့် ငါး လုပ်ငန်းမှကျပ်(၇၅၀၀၀)ခန့် ဖြစ်ပါသည်။ သမဝါယမပိုင် စက်မှုလက်မှုကဏ္ဍတွင် အသားတင်ထုတ်လုပ်မှုတန်ဘိုး ကျပ် (၁၇၈၆၂၄)ခန့် ရှိပါသည်။ ပုဂ္ဂလိကပိုင် စက်မှုလက်မှုလုပ်ငန်းတန်ဘိုးမှာ (၄၁၅၀၀၀)ခန့် ဖြစ်ပါသည်။ ၁၉၈၀-၈၁ ကုန်ထိ ကျောက်ဖြူမြို့နယ်အတွင်း စက်မှုလက်မှုကဏ္ဍတွင် နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံမှုတန်ဘိုးမှာ ကျပ်(၂၈၁)သိန်းခန့် ရှိပါသည်။ ယင်းတို့မှာ လေပွေ့ဆန်စက်အတွက် (၁၄၅သိန်း ကျောက်တလုံးနေလှမ်းဆားတွင်းအတွက် ကျပ် (၂၆၁၁၉၅) စနဲစံပြနေလှမ်းဆားအတွက် ကျပ်(၂၅၃၈၀၉၆)၊ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းစက်ရုံအတွက်ကျပ် (၂၃၈၅)သိန်းဖြစ်ပါသည်။

## (စ) လျှပ်စစ်ဓာတ်အားကဏ္ဍ

ကျောက်ဖြူမြို့နယ်တွင် ၁၉၅၄-ခုနှစ် ဇူလိုင်လ(၃၁)ရက်တွင် လျှပ်စစ်ဓာတ်အားကို (၅၅)ကီလိုဝပ် မက်ကာလာရင် စက်သစ်တစ်လုံးတည်းဖြင့် စတင်အသုံးပြုရပါသည်။ ၁၉၅၈-ခုနှစ်၊ လ ဖေဖော်ဝါရီလ (၂၈)ရက်နေ့တွင် နောက်ထပ် (၂၅၀) ကီလိုဝပ် စက်သစ်တစ်လုံး ထပ်မံတည်ကြီး ၁၉၈၄ ခုနှစ်တွင် ၆၄ ကီလိုဝပ် စက်ဟောင်းတလုံးနှင့် ၁၉၇၂ ခုနှစ်တွင် (၅၅)ကီလိုဝပ်မက်ကာရင် စက်ဟောင်းတစ်လုံး ထပ်မံတည်ပါသည်။ ယင်းစက်များအနက် (၆၄)

ကီလိုဝပ်စက်ကို ၁၉၇၁-ခု အောက်တိုဘာလ(၁၈)ရက်နေ့က ရပ်တန့်ထားခဲ့ပြီး ယင်းနှစ်နိုဝင်ဘာလ(၁၈)ရက်နေ့တွင် (၅၅)ကီလိုဝပ်မက်ကလာရင် စက်(စတင်တည်ထောင်စဉ်က အသုံးပြုခဲ့သောစက်)ကို ရပ်တန့်ပြီး ကျောက်တော်မြို့သို့ ပြောင်းရွှေ့ပေးခဲ့ပါသည်။ နောက်ထပ်အသစ်ရောက်ရှိလာသော (၈၆၀)ကေဗွီအေစကိုဒါ စက်သစ်တစ်လုံးကို မောင်းနှင်နိုင်ရန်အတွက် အောက်ခြေ ခုံလုပ်ငန်းနှင့် အဆောက်အဦးတို့ကို ဆောက်လုပ်ဆဲဖြစ်ပါသည်။ ယင်းစက်မှ ၁၉၈၁-၈၂ ဘဏ္ဍာရေးနှစ်အတွင်း စတင် ဓာတ်အားပေးနိုင်လိမ့်မည်ဟု ခန့်မှန်းထားပါသည်။

ကျောက်ဖြူမြို့နယ်တွင် လျှပ်စစ်မီးအသုံးပြုသည့် အိမ်ခြေပေါင်း (၁၄၈၈)အိမ်နှင့် လျှပ်စစ်ဓာတ်အားသုံး စက်မှု လုပ်ငန်း(၁၁)ခု ရှိပါသည်။ ကျောက်ဖြူမြို့မရပ်ကွက်အတွင်းရှိ လမ်းများတွင် အများပြည်သူတို့အတွက် လမ်းမီးပွင့် (၃၂၀)ပွင့်ကို တပ်ဆင်ထွန်းရှိထားပါသည်။ ၁၉၈၂ ခုနှစ်တွင် လျှပ်စစ်ဓာတ်အားကို ညလုံးပေါက်ပေးသည့် အဆင့်မှ မနက်ပိုင်း ရေဒီယိုအချိန်နှင့် နေ့လည်ပိုင်း ရေဒီယိုအချိန်များကိုပါ တိုးချဲ့၍ ပေးနိုင်ခဲ့ပါသည်။ ၁၉၇၂-၇၃ ဘဏ္ဍာရေးနှစ် ကစပြီး ၂၄ နာရီဓာတ်အားပေးရေး ခွင့်ပြုချက်အရ ၂၄ နာရီဓာတ်အားပေးခဲ့ပါသည်။ သို့ရာတွင် ဒီဇယ်ဆီခက်ခဲမှုကြောင့် ၂၄ နာရီဓာတ်အားပေးနိုင်ခြင်းမရှိဘဲ ညဘက်ပိုင်းတွင်သာ ပေးနိုင်ပါသည်။ တခါတရံတွင် ဒီဇယ်ဆီပြတ်လတ်မှုကြောင့် လျှပ်စစ်ဓာတ်အားကို လုံးဝမပေးနိုင်ဘဲ နေရသည်ထိ ရှိပါသည်။ ယခုခါတွင် လျှပ်စစ်ဓာတ်အားကို ညနေ(၆)နာရီမှ (၁၀)နာရီအထိသာပေးလျှက် ရှိပါသည်။ လျှပ်စစ်ဌာနတွင် လက်ရှိဝန်ထမ်းမှာ (၂၇)ဦးသာ ရှိပါသည်။

## (ဆ) ဆောက်လုပ်ရေးကဏ္ဍ

ကျောက်ဖြူမြို့နယ်တွင် အိမ်ရာစီမံကိန်းအရ ကျောက်ဖြူ ငလေပွေ့သင်္ဘောဆိပ်လမ်း၌ ပြည်သူ့လုပ်ငန်းဌာနမှ (၁၉၅၉)ခုနှစ်တွင် တထပ်တိုက်(၁၆)လုံးတိုးတည်ဆောက်ခဲ့ပါသည်။ (၁၉၆၇)ခုနှစ် မုန်တိုင်းဒဏ်ကြောင့် တိုက်အမှတ်(၁) (၂)နှင့် (၆)တို့မှာ လုံးဝပျက်စီးသွားကြပါသည်။ တဖန် ပြည်သူ့အိုးအိမ်ဦးစီးဌာနမှ (၁၉၆၇-၆၈)ခုနှစ်တွင် ကျောက်ဖြူမြို့ အနောက်ဘက် ပင်လယ်ကမ်းခြေအနီး၌ မိသားစု(၆၅၆)ဦးနေနိုင်သော နှစ်ထပ်တိုက်(၇)လုံးကို တည်ဆောက်ခဲ့ပါသည်။

ကျောက်ဖြူမြို့နယ်တွင် ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ မြို့တွင်းလမ်းအရှည် ၆မိုင် ၄ဖာလုံ၊ ကျောက်ဖြူမင်းပြင် လမ်းအရှည် ၁၅ မိုင် ၄ဖာလုံ၊ ကျောက်ဖြူမင်းပြင်-ရမ်းဗြဲလမ်းအရှည် ၃၇မိုင်တို့ကို ဖောက်လုပ်ခဲ့ပါသည်။ မင်းပြင်-ရမ်းဗြဲလမ်းမိုင် ၀/၀ မှ ၃၇/၀အတွင်း အောက်ပါတံတားများရှိပါသည်။

| | | |
|---|---|---|
| - | သံကူကွန်ကရစ်တံတား | ၁၁၆ ခု |
| - | ကွန်ကရစ်နှင့် အုတ်ပိတ်တံတား | ၄၄ ခု |
| - | သစ်သားတံတား | ၇၃ ခု |
| - | သံဘောင်တံတားကြီးများ | ၁ ခု |

ကျောက်ဖြူ မင်းပြင် ရမ်းဗြဲလမ်းမှ ယာဉ်နှင့်ကုန် စုစုပေါင်းတန်ချိန် ၁၂တန်လေးသည့် ကားကြီးများကို အသုံးပြုနေလာသည့်အတွက် တံတားများကို ပြန်လည်ပြုပြင်ရန်အတွက် ခံနိုင်ရည်ရှိသော တံတားနှင့် လမ်းများဖြစ်လာစေရန် ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ ငွေကျပ်သိန်း ၃၁၀ ကုန်ကျမည့် စီမံချက်တစ်ရပ်ကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ ဆောက်လုပ်ရေးကော်ပိုရေးရှင်းမှ တာဝန်ယူလုပ်ကိုင်နိုင်သည့် လုပ်ငန်းများလည်ပတ်နိုင်ရေးအတွက် ယင်းကော်ပိုရေးရှင်းတွင် ဝန်ဆောင်ဝန်ထမ်း (၁၉)ဦး၊ ပညာသည်ဝန်ထမ်း(၈၀)ဦးနှင့် ယာယီဝန်ထမ်း (၇၀)ဦးရှိပါသည်။

## (ဇ) ကုန်သွယ်ရေးကဏ္ဍ

ကျောက်ဖြူမြို့နယ်၌ ၁၉၄၅ ခုနှစ်တွင် အင်္ဂလိပ်စစ်တပ်မှ ကြီးမှူး၍ ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ၎င်းနှင့်တဆက်တည်း(ကက်ဘီ)လက်ထက် ပြည်သူ့ထောက်ပံ့ပေးဘုတ်အဖွဲ့ဟူ၍လည်းကောင်း၊ ၁၉၅၁ ခုနှစ်တွင် ပြည်သူ့ ထောက်ပံ့ရေးဌာနဟူ၍လည်းကောင်း၊ အမည်ပြောင်းလဲဖွဲ့စည်း ရောင်းချခဲ့ပါသည်။ ၁၉၆၁ ခုနှစ်တွင် ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့ဟူ၍ ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ ၎င်းပြင် ဖက်စပ်လုပ်ငန်းကော်ပိုရေးရှင်းများ ဖွဲ့စည်း၍ ပစ္စည်းများ ရောင်းချခဲ့ပါသည်။ ၁၉၆၃-၆၄ ခုနှစ်တွင် ပြည်သူ့ပစ္စည်းကော်ပိုရေးရှင်းများကိုလည်းကောင်း၊ (ဆဆတက)များကို ဖွဲ့စည်း၍ ကုန်စည်ဖြန့်ဖြူးမှုကို ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၅ခုနှစ်တွင် ပြည်သူ့ပစ္စည်း ကော်ပိုရေးရှင်းမှ ကုန်သွယ်ရေးကော်ပိုရေးရှင်းဟု ပြောင်းလဲဖွဲ့စည်း၍ အဆင့်ဆင့်ကုန်စည် ဖြန့်ဖြူးမှုကို ပြည်သူပိုင်ကဏ္ဍ အနေဖြင့် ဆောင်ရွက်လာခဲ့ရာ ယခုအချိန်ထိ ဖြစ်ပါသည်။

ကျောက်ဖြူမြို့နယ်တွင် ၁၉၄၇ ခု အချိန်မှစ၍ ကွန်ကိုးခေါ် စားသုံးသူ သမဝါယမအသင်းများ စတင်ဖွဲ့စည်းပြီး ပြည်သူ့ထောက်ပံ့ရေးဌာနမှ ပစ္စည်းများကိုလက်ကားဝယ်ယူပြီး လက်လီဖြန့်ဖြူးသောလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၄ ခုနှစ်တွင် ခရိုင်လက္ကားသမဝါယမဟူ၍ ဖွဲ့စည်းတည်ထောင်ပြီး လက္ကားဖြန့်ဖြူးရေးကို စတင်တည်ထောင်ခဲ့ ပါသည်။ ၁၉၆၃-၆၄ ခုနှစ်တွင် အဆိုပါသမဝါယမများကို ပြည်သူပိုင် သိမ်းယူပြီး ၁၉၆၅ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းသော အခြေခံသမဝါယမအသင်းများ လယ်ယာနှင့် လုပ်ငန်းပေါင်းစုံ သမဝါယမအသင်း(လလသသ)ဖွဲ့စည်း၍ ကုန်ပစ္စည်းများ ကို ဖြန့်ဖြူးရောင်းချစေခဲ့ပါသည်။ ၁၉၇၀ ခုနှစ်လောက်တွင် ကုန်သွယ်ရေးများကို တစ်စတစ်စစုစည်း ရုပ်သိမ်းခြင်းများ ပြုလုပ်လာသောအခါ မြို့နယ်သမဝါယမအသင်းကို ၎င်းကျေးရွာအုပ်စုနှင့် ရပ်ကွက်အခြေခံသမဝါယမအသင်းကို လည်းကောင်း၊ တိုးချဲ့ဖွဲ့စည်းပြီး ပြည်တွင်းကုန်စည် ဖြန့်ဖြူးမှုလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ ယခုအချိန်အထိ ဖြစ်ပါသည်။

ကျောက်ဖြူမြို့နယ်အနေဖြင့် အဓိကထွက်ကုန်ဖြစ်သော ဆားများကို အခြားတိုင်းများဖြစ်ကြသော မကွေးတိုင်း၊ ရန်ကုန်တိုင်းတို့နှင့် ဆက်သွယ်၍ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ စားသုံးဆီများ၊ မျိုးမြေပဲများကိုလည်း ကျောက်ဖြူမြို့နယ် သမဝါယမအသင်းအနေနှင့် မကွေးတိုင်း၊ ရန်ကုန်တိုင်းတို့မှ ဝယ်ယူ၍ ဖြန့်ဖြူးခဲ့ပါသည်။ ပုဂ္ဂလိကပိုင် လုပ်ငန်းများအဖြစ် ကျောက်ဖြူမြို့နယ်တွင် ငါးခြောက်လုပ်ငန်း၊ ငပိလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ရန်ကုန်တိုင်းသို့ တင်ပို့ရောင်းချကြပါသည်။

ပြည်ပပို့ကုန်အဖြစ် ကျောက်ဖြူမြို့နယ်အနေဖြင့် သီးသန့်ဆောင်ရွက်မှု မရှိခဲ့ပါ။ ၁၉၈၁ ခုနှစ်မှ စတင်၍ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းအနေဖြင့် ငါးပုဇွန်များကို ထုတ်လုပ်ပြီး ပြည်ပသို့ တိုက်ရိုက်တင်ပို့နိုင်ရန် စီမံချက်များ ရေးဆွဲထားရှိပါသည်။

## (၈) ပြည်သူ့ဘဏ္ဍာရေးကဏ္ဍ

ကျောက်ဖြူမြို့နယ် ပြည်သူ့ကောင်စီ၏ ကြီးကြပ်မှုအောက်တွင် ဖွဲ့စည်းလျက်ရှိသော၊ ဦးစီးဌာနများ၊ ကော်ပိုရေးရှင်းများနှင့် အခြားဦးစီးဌာနများ၏ နှစ်စဉ်ရသုံးခန့်မှန်းခြေ ငွေစာရင်းများ၊ အခွန်ရငွေများနှင့်၊ စုဆောင်းငွေများ၊ သမဝါယမ ငွေစုငွေချေးလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ပြည်သူတို့၏ဘဏ်တွင် စုဆောင်းငွေများမှာ-

ပြည်သူ့ဘဏ္ဍာရေးကဏ္ဍ

| ခုနှစ် | စုဆောင်းငွေကျပ်ပေါင်း |
|---|---|
| ၁၉၇၄-၇၅ | ၁၅၈၂၁၈၆ |
| ၁၉၇၅-၇၆ | ၁၃၆၉၄၆၅ |
| ၁၉၇၆-၇၇ | ၁၇၂၇၀၂၇ |
| ၁၉၇၇-၇၈ | ၁၉၇၃၉၄၄ |
| ၁၉၇၈-၇၉ | ၂၃၉၇၀၁၀ |
| ၁၉၇၉-၈၀ | ၂၂၂၉၅၆၂ |
| ၁၉၈၀-၈၁ | ၂၇၄၈၄၇၈ |
| ၁၉၈၁-၈၂ | ၃၉၄၆၀၆၈ |

ကျောက်ဖြူမြို့နယ်အတွင်းရှိ ငွေစုငွေချေး သမဝါယမအသင်းများ၏ အခြေခံအချက်အလက်များ

| စဉ် | အကြောင်းအရာ | ၁၉၇၄-၇၅ | ၁၉၇၅-၇၆ | ၁၉၇၆-၇၇ | ၁၉၇၇-၇၈ | ၁၉၇၈-၇၉ | ၁၉၇၉-၈၀ |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | အသင်းဦးရေ | ၁၄ | ၁၄ | ၁၄ | ၁၄ | ၁၄ | ၁၄ |
| ၂ | အသင်းသားဦးရေ | ၁၀၈၅ | ၉၀၅ | ၉၀၅ | ၁၇၀၃ | ၁၇၆၇ | ၁၇၆၀ |
| ၃ | အစုထည့်ဝင်ငွေ | ၁၀၈၀၂ | ၉၁၅၀ | ၉၀၄၅ | ၁၇၀၃၀ | ၁၇၆၇၀ | ၁၇၆၀၀ |
| ၄ | စုဆောင်းငွေ | ၁၈၀၆၃၉ | ၂၃၂၅၀၈ | ၂၈၇၈၈၃ | ၁၈၈၆၉၂ | ၅၅၁၃၂၅ | ၆၁၂၆၄၈ |
| ၅ | ထုတ်ချေးငွေ | ၅၁၃၃၈၇ | ၄၆၁၇၁၈ | ၆၉၈၀၆၀ | ၈၅၄၈၃၀ | ၁၁၂၇၀၆၄ | ၁၂၉၉၁၅၆ |
| ၆ | ပြန်ဆပ်ငွေ | ၃၇၃၇၃၁ | ၄၈၁၁၃၉ | ၆၃၀၁၅၁ | ၆၁၆၄၉၁ | ၉၅၇၂၀၉ | ၁၂၅၂၃၀၇၅ |
| ၇ | လစာ | - | - | - | - | - | - |
| ၈ | အခွန်အခ | - | - | - | - | - | - |
| ၉ | တန်ဘိုးလျော့ | - | - | - | - | - | - |
| ၁၀ | သာမန်အသုံးစရိတ် | ၇၂၉၂ | ၅၉၉၀ | ၁၆၆၅၁ | ၂၀၃၃၄ | ၂၄၃၀၆ | ၂၉၄၂၉ |
| ၁၁ | အမြတ် | ၆၅၀၈ | ၁၀၂၄၁ | ၃၅၂၀ | ၅၁၆၀ | ၇၄၁၆ | ၆၅၃၇ |

## ကျောက်ဖြူမြို့နယ်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ ရသုံးမှန်းခြေငွေစာရင်း

| စဉ် | အကြောင်းအရာ | သာမန်ရငွေ | သာမန်စုငွေ | ငွေလုံးငွေရင်း အသုံးစရိတ် | အခွန်ရငွေ |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | <u>ပြည်သူ့ကောင်စီအဆင့်ဆင့်</u> | | | | |
| | <u>(က) မြို့နယ်ပြည်သူ့ကောင်စီ</u> | | | | |
| | (၁) ၁၉၇၆-၇၇ | ၁၅၃ | ၂၁၃၇၇၅၀ | - | - |
| | (၂) ၁၉၇၇-၇၈ | ၂၁၀၀ | ၄၄၈၁၄၀ | ၇၆၀ | - |
| | (၃) ၁၉၇၈-၇၉ | ၂၃၄၈ | ၄၇၅၄၉၀ | ၇၀၀၀ | - |
| | (၄) ၁၉၇၉-၈၀ | ၃၃၂၆ | ၆၅၅၂၀၀ | ၆၁၉၀ | - |
| | (၅) ၁၉၈၀-၈၁ | ၁၆၉၆ | ၄၈၅၅၁၀ | ၂၆၀ | - |
| | (၆) ၁၉၈၁-၈၂ | ၂၀၅၀ | ၅၃၆၄၃၀ | ၁၄၄၀ | - |
| | <u>(ခ) ရပ်ကွက်/ကျေးရွာကောင်စီ</u> | | | - | - |
| | (၁) ၁၉၇၆-၇၇ ခုနှစ် | | ၃၈၄၆၅၀ | - | - |
| | (၂) ၁၉၇၇-၇၈ ခုနှစ် | | ၃၃၉၉၃၀ | - | - |
| | (၃) ၁၉၇၈-၇၉ ခုနှစ် | | ၃၁၈၀၈၀ | - | - |
| | (၄) ၁၉၇၉-၈၀ ခုနှစ် | | ၂၆၄၂၀၀ | - | - |
| | (၅) ၁၉၈၀-၈၁ ခုနှစ် | | ၂၆၄၆၉၀ | - | - |
| | (၆) ၁၉၈၁-၈၂ ခုနှစ် | | ၂၆၉၁၉၀ | - | - |
| | <u>(ဂ) ဦးစီးဌာနများ</u> | | | | |
| | <u>(က) ဦးစီးဌာနများ(သာမန်)</u> | | | | |
| | (၁) ၁၉၇၆-၇၇ ခုနှစ် | - | - | - | - |
| | (၂) ၁၉၇၇-၇၈ ခုနှစ် | ၁၄၀၀၁၀ | ၃၃၇၀၀၁၀ | ၆၃၃၄၉၀ | ၄၃၂၅၆၅ |
| | (၃) ၁၉၇၈-၇၉ ခုနှစ် | ၁၆၄၅၇၀ | ၃၀၇၁၂၆၀ | ၄၄၆၆၉၀ | ၁၂၀၀၄၀၀ |
| | (၄) ၁၉၇၉-၈၀ ခုနှစ် | ၆၃၂၁၀ | ၃၂၀၉၃၆၀ | ၃၇၁၁၈၀ | ၈၄၅၀၉၅ |
| | (၅) ၁၉၈၀-၈၁ ခုနှစ် | ၂၁၇၃၂၀ | ၃၄၀၁၀၄၀ | ၁၀၀၀၀၀ | ၈၈၇၈၇၂ |
| | (၆) ၁၉၈၁-၈၂ ခုနှစ် | ၁၅၀၁၈၀ | ၃၆၀၈၀၄၀ | ၅၄၂၇၀ | ၅၀၈၂၆၀ |

## ကျောက်ဖြူမြို့နယ်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ ရသုံးမှန်းခြေငွေစာရင်း

| စဉ် | အကြောင်းအရာ | သာမန်ရငွေ | သာမန်စုငွေ | ငွေလုံးငွေရင်း အသုံးစရိတ် | အခွန်ရငွေ |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | (ခ) သီးခြားဦးစီးရုံးများ | | | | |
| | (၁) ၁၉၇၆-၇၇ ခုနှစ် | ၁၄၅၂၅၄ | ၈၅၀၃၄၅ | ၂၀၀၀၀၀ | - |
| | (၂) ၁၉၇၇-၇၈ ခုနှစ် | ၆၀၄၃၀ | ၉၁၈၇၇၉ | ၁၅၀၀၀၀ | - |
| | (၃) ၁၉၇၈-၇၉ ခုနှစ် | ၄၆၁၁၉ | ၁၂၇၄၈၈၁ | ၄၂၆၇၇၂ | - |
| | (၄) ၁၉၇၉-၈၀ ခူနှစ် | ၆၆၈၅၉ | ၁၁၂၈၁၃၁ | ၃၂၅၀၀၀ | - |
| | (၅) ၁၉၈၀-၈၁ ခုနှစ် | ၄၇၆၉၈ | ၁၀၅၃၁၂၁ | ၃၅၀၀၀၀ | - |
| | (၆) ၁၉၈၁-၈၂ ခုနှစ် | ၆၅၃၄၆ | ၁၂၂၃၆၆၅ | ၃၅၀၀၀၀ | - |
| ၃။ | မြို့နယ်စည်ပင်သာယာရေး | | | | |
| | (၁) ၁၉၇၆-၇၇ ခုနှစ် | ၂၅၅၉၀၆ | ၂၃၁၁၅၁ | ၃၂၀၀၀ | - |
| | (၂) ၁၉၇၇-၇၈ ခုနှစ် | ၃၁၉၃၅၁ | ၂၃၈၇၂၂ | ၂၅၉၉၉ | - |
| | (၃) ၁၉၇၈-၇၉ ခုနှစ် | ၃၁၉၄၅၁ | ၂၉၂၆၇၄ | ၂၉၉၉၇ | - |
| | (၄) ၁၉၇၉-၈၀ ခူနှစ် | ၃၃၀၇၄၃ | ၂၅၄၉၄၄ | ၂၉၈၈၅ | - |
| | (၅) ၁၉၈၀-၈၁ ခုနှစ် | ၃၆၀၅၃၁ | ၂၄၆၅၄၀ | ၃၀၀၀၀ | - |
| | (၆) ၁၉၈၁-၈၂ ခုနှစ် | ၃၄၉၆၂၀ | ၂၉၅၅၁၀ | ၃၀၀၀၀ | - |
| ၄။ | ကော်ပိုရေးရှင်းများ ။ | | | | |
| | (၁) ၁၉၇၆-၇၇ ခုနှစ် | ၉၉၅၂၁၆၃ | ၄၉၂၄၈၇၀ | ၁၀၉၆၆၈၂ | - |
| | (၂) ၁၉၇၇-၇၈ ခုနှစ် | ၁၂၄၂၂၈၆၇ | ၄၆၀၇၇၁၇ | ၁၇၀၃၆၉၆ | - |
| | (၃) ၁၉၇၈-၇၉ ခုနှစ် | ၁၀၂၇၂၆၀၃ | ၇၂၆၁၅၂၉ | ၂၇၆၂၂၅၆ | - |
| | (၄) ၁၉၇၉-၈၀ ခူနှစ် | ၁၁၂၂၁၉၆၆ | ၈၂၈၁၉၂၉ | ၅၂၈၅၄၃၀ | - |
| | (၅) ၁၉၈၀-၈၁ ခုနှစ် | ၁၄၁၂၆၆၅၀ | ၉၆၈၃၆၆၀ | ၆၄၈၇၉၆၉ | - |
| | (၆) ၁၉၈၁-၈၂ ခုနှစ် | ၁၂၉၆၄၀၀၀ | ၈၉၄၇၁၉၇ | ၃၄၉၉၈၃၇ | - |

## (ည) ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ

### ရေကြောင်းသယ်ယူပို့ဆောင်ရေး

၁၈၅၂-ခုနှစ်မှစ၍၊ မြန်မာနိုင်ငံတွင် စက်တပ်ရေယာဉ် သင်္ဘောများကို ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်း၌ စတင်သုံးစွဲခဲ့ပါသည်။ ၁၈၆၅-ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အာရကန် ဖလိုတီယာကုမ္ပဏီမှ မီးသင်္ဘောများသည် ကျောက်ဖြူမြို့အပါအဝင် ရခိုင်ကမ်းရိုးတန်းအတွင်းရှိ မြို့ရွာဆိပ်ကမ်းများသို့ သွားလာခဲ့ကြပါသည်။ ကျောက်ဖြူမြို့ကို အခြေခံ၍ ကျောက်ဖြူ/စခန်းမော်/အမ်းလမ်းတွင် ကျွန်ကူးနတ်(ဖ်)မေယု၊ မိုးစံ၊ မာန်အောင်၊ မင်းကံ အစရှိသည့် နှစ်ထပ်သင်္ဘောများအပြင် ကလကပ်၊ ကလိမ်တောင်ခရိုင်အစရှိသည့် မီးသင်္ဘောများလည်း တစ်ပါတ်လျှင် နှစ်ကြိမ်သွားလာခဲ့ပါသည်။ ယခုအချိန်အထိ အလင်းရောင်၊ အောင်မာဃနှင့် အဆွေတော်ရေယာဉ်များမှာ အလှည့်ကျ သွားလာခုတ်မောင်းလျက် ရှိကြပါသည်။

ဤကဲ့သို့ စတင်တည်ထောင်လာခဲ့ချိန်မှာ ရခိုင်တိုင်းအတွင်းရှိ မီးသင်္ဘောဆိုက်ကပ်ရာ မြို့နယ်များ၌ ကျောက်ဖြူအပါအဝင် ကုမ္ပဏီစနစ်ဖြင့် ကိုယ်စားလှယ်များ ထားရှိခဲ့ပါသည်။ ကျောက်ဖြူမြို့တွင် ကိုယ်စားလှယ်ရုံးတစ်ရုံး ဖွင့်လှစ်ထားရှိခဲ့ပါသည်။ ၁၈၆၈-ခုနှစ်တွင်လည်း (အေအကဲဖ်စီ)ကုမ္ပဏီနှင့် အင်္ဂလိပ်အစိုးရတို့၏ စာချုပ်သက်တမ်းကုန်ဆုံးသွားသဖြင့် နောက်ထပ်စာချုပ်အသစ်ကို ထပ်မံပြုလုပ်ခဲ့ပါသည်။ ထိုအခါ (အင်္ဂလန်) စကော့တလန် ပြည်တွင်းမှ ရာထူးကြီးအမှုထမ်းများကို အုပ်ချုပ်စေခဲ့ပြီး အောက်ငယ်သားအပိုင်းတွင် ဘင်္ဂလီခေါ်သော ကုလားများကို မီးသင်္ဘောများ၌ လုပ်သားအမှုထမ်းများအဖြစ် တိုးချဲ့ခန့်အပ်လာခဲ့ပါသည်။

၎င်းနောက် ၁၈၇၅ ခုနှစ်တွင် မြန်မာပြည် သင်္ဘောလမ်းအားလုံးကို ဧရာဝတီကုမ္ပဏီလီမိတက်နှင့် အာရကန်ဖလိုတီလာကုမ္ပဏီလီမိတက်လက်အောက်တို့ကို စုပေါင်းပြောင်းရွှေ့ လုပ်ကိုင်စေခဲ့ပါသည်။ ထိုအချိန်မှစ၍ စစ်တွေ/ကျောက်ဖြူ/တောင်ကုတ်/သံတွဲလမ်းနှင့် စစ်တွေ/ကျောက်ဖြူ/ရမ်းဗြဲ/မန်အောင်လမ်းများကိုလည်း တည်ထွင်တိုးချဲ့လာခဲ့ပါသည်။ ကျောက်ဖြူအမှတ်(၁)ဆိပ်ကမ်း၌လည်း (၄၀x ၃၀)ခန့်ရှိ(အေအဖ်ဆီ)သင်္ဘောရုံးတစ်ထပ် အဆောက်အဦးတစ်ခုမှာ ဆေးရောင်အဖြူသုတ်လိမ်းလျှက်ရှိခဲ့ပါသည်။ ၎င်းရုံး၌လည်း သင်္ဘောကိုယ်စားလှယ်အဖြစ်ဖြင့် စကော့တလန်ပြည်သား မစ္စတာဗွိဇန်ဘတ် ကြီးကြပ်အုပ်ချုပ်၍ နေထိုင်ခဲ့ကြောင်း သိရှိရပါသည်။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားချိန်မှာလည်း ရခိုင်တောင်ပိုင်း၌ ကျောက်ဖြူမြို့ကို ဗဟိုထား၍ အဆိုပါကာလက၊ ရခိုင်၊ ပုဏ္ဏားအစရှိသည့် မီးသင်္ဘောများလည်း မရပ်တန့်ဘဲ ဖြစ်သလို သွားလာလှုပ်ရှားနေခဲ့ကြပါသည်။ ၁၉၄၂-ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားပြီးနောက် ၁၉၄၅-ခုနှစ် ကက်(စ်)ဘီခေါ်သည့် မြို့ပြအုပ်ချုပ်ရေးကို လွှဲအပ်ပေး၍ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့က ဆောင်ရွက်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ် ဇွန်လတစ်ရက်နေ့မှစ၍ ပြည်သူပိုင်အဖြစ် သိမ်းယူခဲ့ပါသည်။ ၁၉၅၃ ခုနှစ် အောက်တိုဘာအထိ ရခိုင်ကမ်းရိုးတန်းတွင်ရှိသည့် ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့သည် အာရကန်ဖလိုတီယာကုမ္ပဏီက နိုင်ငံတော်အစိုးရ ကိုယ်စားလှယ်အဖြစ်နှင့် ပြေးဆွဲနေခဲ့ပါသည်။ ထိုအချိန်က ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ ကျောက်ဖြူရုံး၌ အမှုထမ်း (၁၅)ဦးဖြင့် လုပ်ကိုင်လာခဲ့ကြပါသည်။ ၁၉၅၃-ခုနှစ် အောက်တိုဘာလတွင် နိုင်ငံခြားသားအစိုးရ ကိုယ်စားလှယ်များအား ဖယ်ထုတ်ပြီး ပြည်သူပိုင် သိမ်းပိုက်၍ ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးလက်အောက်တွင် အုပ်ချုပ်စေခဲ့ပါသည်။ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့၏ လက်အောက်သို့ ပြန်လည်ရောက်ရှိလာခဲ့ပါသည်။ ထိုအချိန်က ရခိုင်တိုင်းအတွင်းရှိ ရေယာဉ်အင်အား စုစုပေါင်းမှာ ဂျပန်စစ်လျော်ကြေးအပါအဝင် (၂၇)စီးရှိကြောင်း သိရှိရပါသည်။

### လေကြောင်းလမ်းများ

စစ်ကြိုခေတ်တွင် ကျောက်ဖြူမြို့၌ လေယာဉ်ကွင်းရှိခဲ့ရာ ကျောက်ဖြူ စစ်တွေ၊ သံတွဲ၊ ကာလကတ္တား ခရီးစဉ်များရှိခဲ့ပေသည်။ သို့ရာတွင် ရက်မှန်ပြေးဆွဲခြင်းမရှိ။ တစ်ခါတရံသာ လေယာဉ်ဆင်းသက်ခဲ့ပါသည်။ မြို့ပေါ်သို့ ဝဲပါတ်ပျံသန်းပြသခြင်းများကို အခယူ၍ဆောင်ရွက်ခဲ့ရာ လူကြီးတစ်ခါစီးလျှင် (၁၀) ခလေး(၅)နှုန်းဖြင့် ပျံသန်းခဲ့ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈-ခုနှစ် နောက်ပိုင်းမှသာ ကျောက်ဖြူမြို့၌ လေယာဉ်ကွင်းဖွင့်လှစ်ခဲ့ ပါသည်။ ယင်းအချိန်မှာ (Our Burma) လေကြောင်းမှ ရွှေဂျိုးဖြူလေယာဉ်များဖြင့် ရန်ကုန်/ကျောက်ဖြူ/စစ်တွေမြို့များ သို့ လေကြောင်းခရီး စတင်ဖွင့်လှစ်ပါသည်။ မြန်မာနိုင်ငံ၌ (Deckota)

ဒါကိုတာလေယာဉ်ရောက်ရှိလာသောအခါ ယင်းဒါကိုဒါလေယာဉ်များဖြင့် ရန်ကုန်/သံတွဲ/ကျောက်ဖြူ/စစ်တွေလေကြောင်း ဖွင့်လှစ်ပါသည်။ ထို့နောက် (A 27)ဖော်ကာလေယာဉ်များနှင့် ၎င်းမြို့များသို့ လေကြောင်းလမ်းများ ဖွင့်လှစ်ထားပါသည်။ တွင်အော်တာ လေယာဉ်များဖြင့် ရန်ကုန်/မာန်အောင် /ကျောက်ဖြူ/အမ်း/စစ်တွေ၊ မြောက်ဦး/ပလက်ဝမြို့များသို့ လေကြောင်းလမ်း ဖွင့်လှစ်ထားပါ သည်။

**လေကြောင်းဖြင့် ကုန်စည်ပို့ဆောင်ရေး**

ရန်ကုန်မှ လေယာဉ်စင်းလုံးငှါးပြီး မြို့နယ်သမဝါယမအသင်းအတွက် ဒူးယားစီးကရက်နှင့် အခြားပစ္စည်းများကို လေယာဉ်ဖြင့် ကျောက်ဖြူသို့ တင်ပို့ပေးပါသည်။ ကျောက်ဖြူမှ ငါးခြောက်များကိုလည်း လေယာဉ်ဖြင့် တင်ပို့ပေးပါသည်။

ကျောက်ဖြူမြို့၌ လေယာဉ်ကိုယ်စားလှယ်အဖြစ် ၁၉၄၈-ခုနှစ်မှ ၁၉၅၅ ခုနှစ် စက်တင်ဘာလ (၆)ရက်နေ့အထိ ဦးစံလှမှ လုပ်ကိုင်ခဲ့ပါသည်။ ၆/၉/၅၅ ခုနှစ်တွင် ဦးစံလှ ကွယ်လွန်သေဆုံးပြီး နောက်ပိုင်းမှစ၍ ၎င်း၏သား ဦးကျော်လှဦး အား ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေပါသည်။

**လေယာဉ်ကွင်းအခြေအနေ**

ကျောက်ဖြူမြို့၌ အနံ (၁၀၀)ပေ အလျား (၃၆၀၀)ပေရှိ လေယာဉ်ကွင်းကို သံပေါက်များ ခင်းပြီး ဒုတိယကမ္ဘာစစ် ပြီးခါစတွင် မြို့ပြလေကြောင်းဌာနမှ စတင်ဆောက်လုပ်ခဲ့ပါသည်။

၁၉၅၆ ခုနှစ်မှစ၍ သံပေါက်များအစား ကတ္တရာခင်း လေယာဉ်ပြေးလမ်းကို စတင်လုပ်ကိုင်ခဲ့ပါသည်။ လေယာဉ် ကွင်းကိုလည်း အလျား (၄၆၀၀)ပေ၊ အနံ(၁၅၀)ပေအထိ ထိုးချဲ့လုပ်ကိုင်ထားပါသည်။ လေယာဉ်ကွင်းအုပ်တစ်ဦးနှင့် ကွင်းအလုပ်သမားတစ်ဦး ခန့်ထားခဲ့ပါသည်။

၁၉၆၄ ခုနှစ်မှ စတင်၍ လေကြောင်းထိန်းသိမ်းရေးအရာရှိ (ဒု)တစ်ဦးနှင့် အလုပ်သမား(၉)ဦးကို တိုးမြှင့်ခန့်ထား ခဲ့ပါသည်။

၁၉၆၀ ခုနှစ်တွင် လေကြောင်းမျှော်စင် အဆောက်အဦးနှင့် ခရီးသည်များ တည်းခိုရိပ်သာများကို တည်ဆောက် ပြီးစီးခဲ့ပါသည်။ ၁၉၇၀ ခုနှစ်မှစ၍ လေယာဉ်ပြေးလမ်းများ၌ လျှပ်စစ်မီးများ စတင်တပ်ဆင်ခဲ့ပါသည်။ ယင်းနှစ်မှစ၍ ကျောက်ဖြူမြို့၌ နေ့ရော-ညပါ လေယာဉ်ဆင်းသက်နိုင်ပါသည်။

လေယာဉ်ပြေးလမ်းကို ဂျက်လေယာဉ်များ ဆင်းသက်နိုင်ရန် ကတ္တရာလမ်း နောက်တစ်ထပ်အထူခင်းရန် အစီအစဉ်ရှိပါသည်။ လေယာဉ်ထိန်းသိမ်းရေးမျှော်စင် တစ်ခုနှင့် ဗွီအိုင်ပီ တည်းခိုရိပ်သာများ တည်ဆောက်ရန် အစီအစဉ် ရှိပါသည်။ လေယာဉ်ကွင်း လုံခြုံရေးအတွက် နေ့ရောညပါ ရဲကင်းနှင့် စစ်တပ်ကင်းများ ချထားရှိပါသည်။

မြန်မာ့လေကြောင်း ကော်ပိုရေးရှင်းတွင် ၁၉၇၉-၈၀ ခုနှစ်အတွင်း ခရီးသည်အဝင် (၉၁၀၀)ဦး၊ အထွက် (၈၉၇၂)ဦးနှင့် ကုန်ပစ္စည်းအဝင် (၈၇၃၂၀)အထွက် (၆၃၂၃၄) လေယာဉ်ဆင်းခေါက်ရေ (၅၅၀)၊ သာမန်ရငွေစုစုပေါင်း (၈၂၄၅၀ဝိ/-)ရှိခဲ့ပါသည်။

**ကုန်းလမ်းများ**

ကျောက်ဖြူမြို့နယ်အတွင်းတွင် ယခင်လမ်းလုပ်ငန်းဌာန(ယခုဆောက်လုပ်ရေးကော်ပိုရေးရှင်း)ပိုင် လမ်းများမှာ (၅၉)မိုင်ရှိပြီး ဒိစကြိတ်ကောင်စီ(ယခု-စည်ပင်သာယာ)ပိုင်လမ်းမှာ (၅၆၉၁၀)ပေ ရှိပါသည်။ ကျောက်ဖြူမြို့မှ ရမ်းဗြဲမြို့ အထိ ကုန်းလမ်းအရှည်မိုင် (၅၄)မိုင် ရှိပါသည်။ ကုန်းလမ်းသွား ယာဉ်များမှာ နိုင်ငံပိုင်အဖြစ် ကုန်းလမ်းသယ်ယူပို့ဆောင် ရေး ကော်ပိုရေးရှင်းပိုင်ယာဉ်များ ရှိခဲ့ပါသည်။

၁၉၆၆ ခုနှစ်တွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကော်ပိုရေးရှင်းကို ရုပ်သိမ်းပြီး ကျောက်ဖြူမြို့နယ် သမဝါယမ အသင်းနှင့် ရမ်းဗြဲမြို့နယ် သမဝါယမအသင်းတို့မှလည်းကောင်း မော်တော်ယာဉ်များကို ဆက်လက်ဝယ်ယူပြေးဆွဲလျက် ရှိပါသည်။ ပုဂ္ဂလိကမော်တော်ယာဉ်များသည် အဆိုပါလမ်းများတွင် ကျောက်ဖြူဇင်ချောင်း၊ ကျောက်ဖြူ-ဝမျှောင်၊ ကျောက် အုန်းတော၊ ကျောက်ဖြူကုံးချိန်များ လိုင်းအဖြစ် နေ့စဉ်ပြေးဆွဲလျက်ရှိပါသည်။

၁၉၈၀ခုနှစ်တွင် မြန်မာ့ရေနံကော်ပိုရေးရှင်းမှ ဇင်းချောင်းကင်းဆိပ်အထိ လမ်းဖောက်လုပ်ခဲ့ရာ၊ ယခုအခါ ကျောက်ဖြူကင်းကူးတို့ဆိပ်အထိ လိုင်းကားများ ပြေးဆွဲနေကြပါသည်။

ကုန်းလမ်းမှ ကုန်စည်သယ်ယူပို့ဆောင်မှုကို၊ ကုန်းလမ်းကော်ပိုရေးရှင်းပိုင်ကားများ၊ မြို့နယ်သမဝါယမပိုင်ကားများနှင့် ပုဂ္ဂလိကပိုင်ကားများဖြင့် ပို့ဆောင်လျက် ရှိပါသည်။ အဓိကကုန်စည်များအဖြစ် ငါးခြောက်၊ ဟင်းသီးဟင်းရွက်များ၊ ဆန်စပါးများနှင့်၊ သားငါးတိရစ္ဆာန်ထွက် ကုန်ပစ္စည်းများ ဖြစ်ကြပါသည်။

**စာတိုက်**

ကျောက်ဖြူမြို့ စာတိုက်ကို ၁၉၂၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာတိုက်လုပ်ငန်းနှင့် ကြေးနန်းလုပ်ငန်းများကိုပါ၊ ပူးတွဲလုပ်ဆောင်သွားသည်။ ကြေးနန်းလုပ်ငန်းများကို ကျောက်ဖြူမှ စစ်တကောင်းထိလည်းကောင်း၊ ကျောက်ဖြူမှ ပြည်မသို့ ကျွဲကူးတောင်စခန်းမှတဆင့် ဆက်သွယ်ခဲ့သည်။ ချောစာ၊ ချောပစ္စည်းဆက်သွယ်ရေးလုပ်ငန်းကို သင်္ဘောငယ်များဖြင့် သယ်ပိုးဆောင်ရွက်စေသည်။

စစ်ပြီးနောက်ပိုင်း ၁၉၄၆ ခုနှစ်တွင် ကျောက်ဖြူစာတိုက်ကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ၁၉၄၈-ခုနှစ်တွင် စာရင်းကိုင်ရုံးအဖြစ် အဆင့်တိုးမြှင့်၍ မြေပုံ/ရမ်းဗြဲ/မာန်အောင်/သံတွဲ၊ ဂွ၊ တောင်ကုတ် ရုံးငယ်များကို အုပ်ချုပ်သွားသည်။ ချောစာများ ချောပစ္စည်းများကို ရုံးငယ်များသို့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် သင်္ဘောငယ်များဖြင့် ဆက်သွယ်စေခဲ့သည်။ စစ်တွေ/ရန်ကုန်/သံတွဲသို့ လေကြောင်းပို့ဆောင်ရေးပိုင် လေယာဉ်များဖြင့် စတင်ဆောင်ရွက်ကြသည်။

ကျောက်ဖြူစာတိုက်တွင် ငွေကြေးပို့ဆောင်ရေးလုပ်ငန်းများ၊ ချောစာ၊ ချောပို့လုပ်ငန်း၊ မှတ်ပုံတင်လုပ်ငန်း၊ ချောထုပ်လက်ခံလုပ်ငန်း၊ ရေဒီယိုလိုင်စင်လုပ်ငန်း၊ တံဆိပ်ကောင်းဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို ဆောင်ရွက်သည်။ ၁၉၇၈-၇၉ ခုနှစ်တွင်၊ ငွေလွှဲစာ လုပ်ငန်းများကိုပါ စတင်ဆောင်ရွက်သည်။ ၁၉၈၀-ခုနှစ်တွင် အဝေးစကားပြောလုပ်ငန်းအတွက် အခွန်လက်ခံလုပ်ငန်းနှင့် သူတပါးထိခိုက်မှု ပရီမီယံကြေးစာရင်းများ ပြုလုပ်ဆောင်ရွက်မှုလုပ်ငန်းကို ၁၉၇၆-ခုနှစ်မှ စတင်ဆောင်ရွက်သည်။ ကျောက်ဖြူစာတိုက်ကို အငယ်တန်းလက်ရွေးစင် စာတိုက်ငယ်မှူး(၁)ဦး ကျွမ်းကျင်ပ/စာရေး(၂)ဦး ဒုကျွမ်းကျင်(၃)ဦး၊ ဒုစာရေး(၃)ဦး အလုပ်ကြမ်း(၁)ဦး စာပို့လုလင်(၅)ဦး အထွေထွေအလုပ်သမား(၄)ဦးဖြင့် ဆောင်ရွက်စေသည်။

ကျောက်ဖြူစာတိုက်တွင် ၂၉၇၆/၇၇-ခုနှစ် အထွေထွေ အခွန်ရငွေပေါင်း (၄၅၄၄၃၄/၆၆ါး) ၇၇/၇၈ ခုနှစ်တွင် (၆၄၃၂၁၈/၈၀ါး) ၇၈/၇၉ ခုနှစ်တွင် (၆၅၈၄၁၅/၉၀ါး) ၇၉/၈၀ ခုနှစ်တွင် (၆၆၃၃၈၀/၅၀ါး)နှင့် ၈၀/၈၁ခုနှစ်တွင် (၈၃၄၂၅၇/၈၉ါး)များ ဖြစ်ပါသည်။

**ကြေးနန်းဆက်သွယ်ရေး**

ကျောက်ဖြူမြို့ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းကို ဒုတိယကမ္ဘာစစ်မဖြစ်မီက မြေပေါ်ကြေးနန်းကြိုး (Land Line) ဆက်သွယ်ရေးစံနစ်ဖြင့် ကျောက်ဖြူစာတိုက်မှ လုပ်ကိုင်ခဲ့ပါသည်။ ဆက်သွယ်ရေးလှိုင်းအနေဖြင့် ကျောက်ဖြူစာတိုက်မှ ရန်ကုန်သို့ တလိုင်းနှင့် ကျောက်ဖြူမှ စစ်တွေကိုဖြတ်၍ အိန္ဒိယပြည် စစ်တကောင်းမြို့သို့ တလိုင်း ဆက်သွယ်လုပ်ကိုင်ခဲ့ပါသည်။ နေ့ရောညပါ (၂၄)နာရီ ဆက်သွယ်နိုင်ခဲ့ပါသည်။ ၁၉၄၆ ခုနှစ်မှစ၍ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းကိုခေတ်မှီမှီ ဝိုင်ယာလက်စက်များ (Wireless Sets) များဖြင့် သီးခြားကြေးနန်းရုံး ဖွင့်လှစ်ပြီး ကျောက်ဖြူမြို့မှစစ်တွေမြို့သို့တလိုင်း၊ ကျောက်ဖြူကို ဗဟိုပြု၍၊ ရမ်းဗြဲမြို့ ၊ မာန်အောင်မြို့၊ အမ်းနှင့်မြေပုံမြို့များသို့ တလိုင်း ဆက်သွယ်လုပ်ကိုင်စေခဲ့ပါသည်။ ဆက်သွယ်ချိန်မှာ နံနက်(၇)နာရီမှ ညနေ (၇)နာရီအထိ ဖြစ်ပါသည်။ တနေ့လျှင်ပျမ်းမျှ ကြေးနန်းဆောင်ရေ (၂၅/၃၀)စောင်ရေခန့် ရှိပါသည်။

၁၉၆၂-ခုနှစ်နောက်ပိုင်းမှစ၍၊ ကျောက်ဖြူမှ ရန်ကုန်မြို့သို့ တိုက်ရိုက်ကြေးနန်းလိုင်းတလိုင်း ဖွင့်လှစ်ပြီး၊ ကျောက်ဖြူမှ မြန်မာပြည်ရှိ အခြားမြို့များနှင့် နိုင်ငံခြားသို့ ရိုက်သော ကြေးနန်းစာများကို ရန်ကုန်မြို့မှတဆင့် တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်ခဲ့သည်မှာ ယနေ့အထိ ဖြစ်ပါသည်။

၁၉၈၀-ပြည့်နှစ်တွင်၊ ကျောက်ဖြူမြို့၌ မိုက္ကရိုဝေ့ဖ်စက်များ တပ်ဆင်ပြီးစီးသဖြင့် မိုက္ကရိုဝေ့ဖ်ဖြင့် ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းကို နေ့စဉ်နံနက် (၉)နာရီမှ ညနေ( ၄½)နာရီအထိ ကျောက်ဖြူ ရန်ကုန်တလိုင်း၊ ကျောက်ဖြူစစ်တွေတလိုင်း၊ လိုင်း(၂)လိုင်းဖြင့် ကြေးနန်းလုပ်ငန်းကို ဆောင်ရွက်နေပါသည်။

ငှင်းပြင် ဝိုင်ယာလက်စက်များ (Wireless Sets) များဖြင့် ယခင်အတိုင်း ကျောက်ဖြူ /ရမ်းဗြဲတလိုင်းနှင့် ကျောက်ဖြူ/အမ်းမြို့သို့ တလိုင်း ဆက်သွယ်ရေးလုပ်ကိုင်နေပါသည်။

ကျောက်ဖြူမြို့ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းမှ ဝင်ငွေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းမှ ဝင်ငွေများ**

| စဉ် | ခုနှစ်သက္ကရာဇ် | ကြေးနန်းစောင်ရေပေါင်း | ကြေးနန်းခဝင်ငွေပေါင်း | |
|---|---|---|---|---|
| | | | ကျပ် | ပြား |
| ၁ | ၁၉၇၈/၇၉ | ၂၃၂၄၅ | ၄၃၉၉၁ | ၅၀ |
| ၂ | ၁၉၇၉/၈၀ | ၂၁၆၇၀ | ၃၉၂၂၇ | ၂၀ |
| ၃ | ၁၉၈၀/၈၁ | ၁၉၅၀၇ | ၃၃၁၇၁ | ၁၅ |

**စကားပြောကြေးနန်း (တယ်လီဖုန်း) ဆက်သွယ်ရေးလုပ်ငန်းများ**

ကျောက်ဖြူမြို့၌ စစ်ကြိုခေတ်တွင် စကားပြောဆက်သွယ်ရေး လုံးဝမရှိခဲ့ပါ။ ၁၉၄၆-ခု နောက်ပိုင်းမှသာ ကျောက်ဖြူမြို့၌ စစ်ကျန်တယ်လီဖုံးအလုံး(၂၀)တပ်ဆင်နိုင်သော စက်ခုံဖြင့် ကြေးနန်းဆက်သွယ်ရေးဌာနမှ စတင်ပြီး သီးခြားတယ်လီဖုံးရုံတရုံ ဖွင့်လှစ်ခဲ့ပါသည်။ ကျောက်ဖြူမြို့အတွင်း၌သာ ရပါသည်။ အဝေးစကားပြော၍ မရပါ။

၁၉၆၄ ခုနှစ်တွင် တယ်လီဖုန်းလိုင်း (၅၀)တပ်ဆင်နိုင်သော စက်ခုံတစ်ခုကို အစားထိုးတပ်ဆင်ပြီး ကျောက်ဖြူမြို့၌ တယ်လီဖုံးအလုံး (၅၀)အထိ တိုးမြှင့်တပ်ဆင်ခဲ့ပါသည်။ ယင်းအချိန်မှာ (Radio Telephone R/T) စက်များဖြင့် ကျောက်ဖြူမှ စစ်တွေမြို့နှင့် သံတွဲမြို့များသို့လည်းကောင်း၊ ရန်ကုန်မြို့သို့လည်းကောင်း အဝေးစကားပြော၍ ရရှိခဲ့ပါသည်။ သို့သော်လည်း ၎င်းအဝေးပြော စကားပြောစက် (R/T)စက်မှာ ၁၉၆၇-ခု လေမုန်တိုင်းဒါဏ်ကြောင့် ပျက်စီးသွားသဖြင့် ယင်းအချိန်မှစ၍ အဝေးစကားပြောစနစ် ရပ်တန့်ခဲ့ပါသည်။

၁၉၈၀-ပြည့်နှစ်တွင် တယ်လီဖုန်းအလုံး (၁၀၀)တပ်ဆင်နိုင်သော စက်ခုံတစ်ခုကို စစ်တွေမြို့ ပြည်နယ်ဆက်သွယ်ရေးရုံးမှ လာရောက်တပ်ဆင်ပေးသဖြင့် ကျောက်ဖြူမြို့၌ယခုအခါ တယ်လီဖုန်းအလုံး (၁၀၀)တပ်ဆင်ပြီးဖြစ်ပါသည်။ မိုက္ကရိုဝေ့ဖ်စက်ကို အသုံးပြုလျှက် မြန်မာတနိုင်ငံလုံးသို့ တယ်လီဖုန်းဆက်သွယ်ရေးကို နေ့စဉ်နံနက် (၉)နာရီမှ ညနေ (၄½)နာရီအထိ ဆက်သွယ်ရရှိနေပါသည်။

ကျောက်ဖြူမှ (၄၈)မိုင်ဝေးကွာသော ရမ်းဗြဲမြို့နှင့် ရမ်းဗြဲမြို့မှတဆင့် ဝနဲမြို့နယ်ခွဲသို့ (၁၃)မိုင်ကို မြေပေါ် (Land Line) စကားပြောကြေးနန်းလိုင်း ဆက်သွယ်ထားပြီး ဆောင်ရွက်လုပ်ကိုင်လျှက် ရှိပါသည်။

ကျောက်ဖြူမိုက်ခရိုဝေ့ဖ်စခန်းကို ကျောက်ဖြူမြို့တွင်း၌ တည်ဆောက်ထားပြီး မိုက္ကရိုဝေ့ဖ်စက်ကြီးများကို ကျောက်ဖြူမှ (၆-)မိုင်အကွာ ရမ်းဗြဲလမ်းပေ (၃၀၀)အမြင့်ရှိသော ကျောက်ဖြူတောင်ပေါ်၌ တည်ဆောက်ထားပါသည်။ အဆောက်အဦး၏တန်ဘိုးမှာ သိန်း(၂၁)သိန်းခန့်ဖြစ်ပါသည်။ ကျောက်ဖြူတောင်ပေါ် မိုက္ကရိုဝေ့ဖ်ရမီဆာစက်ကြီးများဖြင့် (၂၄)နာရီပတ်လုံး မြန်မာပြည်တစ်ပြည်လုံးသို့ ဆက်သွယ်နိုင်ပါသည်။

**မိုးလေဝသနှင့် ဇလဗေဒ**

ကျောက်ဖြူမြို့တွင် မိုးလေဝသတိုင်းတာရေးလုပ်ငန်းကို ဆေးရုံကြီးများတွင် တွဲဘက်၍ မှတ်သားတိုင်းတာခဲ့ပါသည်။ ၁၉၆၄-ခုနှစ်တွင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနကို စတင်ဖွင့်လှစ်ရာ၊ မိုးရေချိန်၊ အပူချိန်များနှင့် လေတိုက်နှုန်းများကို တိုင်းတာမှတ်သားပေးပို့ခဲ့ပါသည်။

၁၉၇၉-ခုနှစ်တွင် ကမ္ဘာ့မိုးလေဝသဌာန၏အကူအညီဖြင့် ခေတ်မီမိုးလေဝသတိုင်းတာရေးစနစ်ကို ကျောက်ဖြူမြို့နယ် မင်းပြင်ကျေးရွာအနီး တောင်ကုန်းပေါ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ မိုင်(၂၅၀)မှ မုန်တိုင်းကို ရေဒါစက်ဖြင့် ကြည့်မြင်နိုင်သည်။ မိုးရွာသွန်းနှုန်းကို ရုပ်မြင်စက်ဖြင့် ကြည့်မြင်နိုင်ပါသည်။ အဆိုပါအစီရင်ခံချက်များကို မှီး၍ ရန်ကုန်မြို့ မိုးလေဝသဌာနချုပ်မှ မိုးလေဝသခန့်မှန်းချက်များ ထုတ်ပြန်နိုင်ခဲ့ပါသည်။

ဇလပေဒတိုင်းတာမှုကို ဆိပ်ကမ်းကော်ပိုရေးရှင်းအနေဖြင့် ဒီရေအတက်အကျကို တိုင်းတာရုံသာရှိပြီးထုတ်ပြန်နိုင်ခြင်းမရှိပါ။ ဆည်မြောင်းဦးစီးဌာနအနေဖြင့်လည်း ဒီရေအတက်အကျ တိုင်းတာမှုလုပ်ငန်းကို မှတ်သားဆောင်ရွက်မှုရှိပါသည်။

# လူမှုရေးဖြစ်စဉ်

## (က) ပညာရေးကဏ္ဍ

### (၁) ကျောက်ဖြူမြို့နယ် ပဒေသရာဇ်ခေတ် ပညာရေးအခြေအနေ

ပဒေသရာဇ်ခေတ် အုပ်ချုပ်စဉ်ကာလမှာ ကျောက်ဖြူမြို့နယ်ဟူ၍ မရှိသေးပါ။ ၁၈၃၇ ခုနှစ်မှသာ ကျောက်ဖြူမြို့ကို စတင်တည်ထောင်ပြီး ၁၈၅၂ ခုနှစ်တွင် ကျောက်ဖြူခရိုင်ဟူ၍ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ပဒေသရာဇ်ခေတ်အချိန်အခါက မြန်မာနိုင်ငံ တနိုင်ငံလုံး၏ ပညာရေးအခြေအနေမှာ ဘုန်းတော်ကြီးကျောင်းပညာရေးပင် ဖြစ်ခဲ့သည်။ ၎င်းနည်းတူ ကျောက်ဖြူမြို့နယ်ဟူ၍ ဖြစ်ပေါ်လာမည့် ကျေးရွာများတွင် ဘုန်းတော်ကြီးများက အသက်(၇)နှစ်အရွယ် ကလေးငယ်များကို စုစည်းပြီး မြန်မာစာနှင့် ဘာသာရေးစာပေများ စတင်သင်ကြားခဲ့ကြသည်။ ဂဏန်းသင်္ချာနှင့် ဗေဒင်ပညာ၊ ဆေးပညာနှင့် လက်မှုပညာများ သင်ကြားခဲ့ကြသည်။

### (၂) ကိုလိုနီခေတ် ပညာရေး

ကိုလိုနီခေတ် အုပ်ချုပ်ရေးထူထောင်လာသောအခါ သင်ကြားလာသော ပညာရေးစနစ်သည်လည်း ဘုန်းတော်ကြီး ပညာရေးစံနစ်မှ ကိုလိုနီပညာရေးစံနစ်ကို စတင်ကျင့်သုံးလာကြပါသည်။ အစိုးရနှင့် အစိုးရစီမံမှုခံ ကျောင်းများတွင် မူလတန်းမှစ၍ မြန်မာစာ၊ ဂဏန်းသင်္ချာ၊ ပထဝီ လောကဓာတ်နှင့်၊ ကျန်းမာခြင်းဘာသာများကို၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများတွင် ရာဇဝင်၊ ဂဲသြမေတြီနှင့် အက္ခရာသင်္ချာများ ထပ်မံသင်ကြားရပါသည်။ အပိုဘာသာအဖြစ် အင်္ဂလိပ်စာ သင်ကြားရပါသည်။ နောက်ပိုင်းတွင် ပြည်သူ့နီတိဘာသာ ထပ်မံသင်ကြားရပါသည်။

အစိုးရအလယ်တန်းကျောင်းအဆင့်ကို ရမ်းဗြဲမြို့တွင် ၁၈၃၇-ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ရခိုင်တိုင်းတွင် ပထမဆုံးဖွင့်လှစ်ခဲ့သော အစိုးရအလယ်တန်းကျောင်း(၂)ကျောင်းအနက် (၁)ကျောင်းဖြစ်ပါသည်။ ၁၈၅၂ ခုနှစ်တွင် ရမ်းဗြဲခရိုင်မှ ကျောက်ဖြူခရိုင်ဖြစ်လာသောအခါ ကျောက်ဖြူမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၂၃ ခုနှစ်တွင် အလယ်တန်း အဆင့်မှ အထက်တန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ၎င်းတွင် ကျောင်းဆရာကြီးမှာ ကျောက်ဖြူဇာတိ ဦးကျော်အောင်ဖြူ (အက်ဖ်အေ)ဖြစ်ပြီး စာသင်ကြားမှုနှင့် စည်းကမ်းများတွင် အလွန်နာမည်ကျော်ကြားခဲ့သည်။ ၁၉၃၆-ခုနှစ်တွင် အထက်တန်းကျောင်းသစ်ကို ယခုလက်စွမ်းပြ အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပြီး ၁၉၇၀-ခုနှစ်အထိ ဖြစ်သည်။ ၁၉၁၅-ခုနှစ်တွင် တိုင်းရင်းဘာသာသင် အလယ်တန်းကျောင်းတစ်ကျောင်းကိုလည်း ဖွင့်လှစ်ခဲ့ပြီး ၁၉၄၆-ခုနှစ်တွင် နဝမတန်းအထိ တိုးမြှင့်ဖွင့်လှစ်သည်။ ပညာရေးရံပုံငွေကို အရေးပိုင်ရံပုံငွေ အထောက်အပံ့ခံအဖြစ် သုံးစွဲပြီး စစ်ဆေးရေးကိစ္စရပ်ကို ပညာရေးဌာနအရာရှိ (ပညာအုပ်)က စစ်ဆေးဆောင်ရွက်ရပါသည်။

ပညာသင်ကြားရေးတွင် မြန်မာစာမှအပ ကျန်ဘာသာရပ်အားလုံးကို အင်္ဂလိပ် မြန်မာစာသင်ကျောင်းများတွင် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားကြရသည်။

### ၃။ ဒုတိယကမ္ဘာစစ်အတွင်း ပညာရေးအခြေအနေ

ကျောက်ဖြူမြို့ကို ၁၉၄၂ ခုနှစ်တွင် စစ်သေနတ်ပစ်ဖောက်၍ အင်္ဂလိပ်အုပ်ချုပ်ရေး ပျက်ပြားသွားပြီးနောက် ကျောင်းအများစုမှာ ပိတ်ထားခဲ့ရပြီး ကျေးရွာအချို့တွင်သာ ဆက်လက်သင်ကြားနိုင်ခဲ့ကြသည်။ သခင်အုပ်ချုပ်ရေးကာလအတွင်း မြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိ စာသင်ကျောင်းများကို သခင်အုပ်ချုပ်ရေးမှ ကြီးကြပ်အုပ်ချုပ်ဖွင့်လှစ်ခဲ့ကြသည်၊

ကျောက်ဖြူမြို့နယ်တွင် ၁၉၂၀ ခုနှစ်မှစ၍ (Elemntory) လေma) ခေါ် မူလတန်းဆရာဖြစ်သင်ကျောင်းတစ်ကျောင်း စတင်ဖွင့်လှစ်သင်ကြားခဲ့ပါသည်။ ယင်းကျောင်း၏ ကျောင်းအုပ်ဆရာကြီးမှာ ဦးကျော်လှ/ဦးသာလှဖြစ်ပါသည်။ စတုတ္ထတန်းမှ သတ္တမတန်းထိ အောင်မြင်သူများ တက်ရောက်သင်ကြားခွင့်ရှိသည်။ စတုတ္ထတန်း၊ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်းအောင်မြင်သူများအား သင်တန်းပြီးဆုံးသည့်အခါ (Elemntory-B) ဆရာဖြစ်လက်မှတ်ပေး၍ သတ္တမတန်းအောင်မြင်သူများအား သင်တန်းပြီးဆုံးသည့်အခါ (Elemntory-A) ဆရာဖြစ်လက်မှတ် ထုတ်ပေးခဲ့သည်။ ၁၉၂၉/၃၀ ပညာသင်နှစ်တွင် အဆိုပါကျောင်းအား ဖြုတ်သိမ်းလိုက်ရသည့်အခါ ကျောင်းအုပ်ဆရာကြီး ဦးကျော်လှ/ဦးသာလှမှာ စစ်တွေမြို့၌ ဖွင့်လှစ်သော အစိုးရနော်မန်ကျောင်းတွင် ကျောင်းဆရာတစ်ဦးအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စေခဲ့

ပါသည်။ အဆိုပါကျောက်ဖြူမြို့ (Elemntory) ဆရာဖြစ်ကျောင်း၌ တက်ရောက်သင်ကြားနေကြသော ၉တန်းအောင် ကျောင်းသားများသည် ယင်းကျောင်းဖျက်သိမ်းသည့်အခါ စစ်တွေမြို့၌ဖွင့်လှစ်သော အစိုးရနော်မန်ကျောင်းသို့ သွားရောက် ပြီး (Secondary) ဆရာဖြစ်ကို သင်ကြားကြပါသည်။

ယင်းအပြင် ကျောက်ဖြူမြို့၌ မြေတိုင်းအတတ်သင်ကျောင်းတစ်ကျောင်းကိုလည်း ၁၉၂၀ ခုနှစ်လောက်တွင် ဖွင့်လှစ်သင်ကြားခဲ့ပါသည်။ ယင်းကျောင်းတွင် တိုင်းရင်းမြန်မာ ၄ တန်းအောင်မြင်သူများ တက်ရောက်သင်ကြားခွင့် ရှိပါသည်။ ၁၉၂၉ ခုနှစ်တွင် အဆိုပါကျောင်းကို ဖျက်သိမ်းပြီး ရွှေဘိုမြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

ကျောက်ဖြူမြို့၌ ၁၉၂၇ ခုနှစ်လောက်တွင် ဦးလှဖြူသံ အလယ်တန်းကျောင်းနှင့် ခွာတောင်ဆရာတော် အလယ်တန်းပြုစုကျောင်းဟူ၍ (၂)ကျောင်းရှိခဲ့ပါသည်။ ဦးလှဖြူသံကျောင်းမှာ ကျောက်ဖြူမြို့ကျောက်တိုင်ကွင်းအနီး၌ တည်ရှိပြီး ခွာတောင်ဆရာတော်ကျောင်းမှာ ကျောက်ဖြူမြို့ အနောက်ဖက်ရှိ ကုမ္ဘဒိဈေးရွာတွင် တည်ရှိပါသည်။ ယင်းကျောင်းများ၌ တက်ရောက်သင်ကြားသူများသည် လစဉ်ကျေးနှစ်ပဲမှ ငါးမူးအထိ ပေးဆောင်ကြရပါသည်။ အစိုးရမှ ထုတ်ပေးသော မေးခွန်းများကို ဖြေဆိုကြရပြီး စာမေးပွဲ အအောင်အရှုံးကို သတ်မှတ်ပေးပါသည်။ ဦးလှဖြူသံကျောင်းသည် ၁၉၃၁ ခုနှစ်တွင် မြူနီစီပယ်ကျောင်းနှင့် ပေါင်းသွားခဲ့သည်။ ခွာတောင်ဆရာတော်ကျောင်းမှာမူ ၁၉၃၅ ခုနှစ်လောက်တွင် အလယ်တန်းအဆင့် ပျက်သွားပြီး မူလတန်းကျောင်းအနေဖြင့် ဒုတိယကမ္ဘာစစ်မီးတောက်လောင်သည့်အချိန်ထိ တည်တန့်နိုင်ခဲ့ပါသည်။

ဂျပန်အုပ်ချုပ်ရေးခေတ်ကာလတွင် အခြေစိုက်တပ်စခန်းများ၌ စာပေသင်ကြားရေးဝါသနာရှိသော ဂျပန်တပ်မှ အချို့ပုဂ္ဂိုလ်တို့သည် ခလေးငယ်များအား ခေါ်ယူ၍ ဂျပန်ဘာသာကို အနည်းငယ်မျှသင်ကြားခဲ့ကြကြောင်းကို သိရှိခဲ့ရပါ သည်။

## ၄။ စစ်ပြီးခေတ်ပညာရေး

စစ်ပြီးစအချိန် ၁၉၄၅ ခုနှစ်လောက်တွင် ကျောက်ဖြူအထက်တန်းကျောင်းကို ဂုံးချိန်ရွာတွင် ပြန်လည်ဖွင့်လှစ်ပြီး ၁၉၄၇ ခုနှစ်တွင် ကျောက်ဖြူမြို့ပေါ် မူလတန်းကျောင်းဟောင်းနေရာတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ကျောက်ဖြူမြို့ပေါ် တွင် ၁၉၄၇ ခု၌ အကြီးစားမူလတန်းကျောင်းအဖြစ် ပိုက်ဆိပ်ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ (မူလတန်းမှ ၅တန်းထိ တိုးချဲ့ပြီး အင်္ဂလိပ်စာ သင်ကြားသည်) ၁၉၅၇ ခုနှစ်တွင် ပိုက်ဆိပ်အကြီးစား မူလတန်းကျောင်း၌ မြို့မမူလတန်းကျောင်းကို အလယ်တန်းကျောင်းအဆင့်ထိ တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၆၇-ခုနှစ်တွင် လက်စွမ်းပြမူလတန်းကျောင်းကို လက်စွမ်းပြ အလယ်တန်းအဖြစ် တိုးမြှင့်ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

## ၅။ လွတ်လပ်ရေးခေတ်ပညာရေး

လွတ်လပ်ရေးရပြီးသောအခါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရပ်များကို ပြည်တော်သာစီမံကိန်းဖြင့် အကောင် အထည်ဖော်လာခဲ့ရာ ကျေးရွာအုပ်စုများတွင် မူလတန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်လာခဲ့ပါသည်။

လွတ်လပ်ရေးရပြီးစ အချိန်မှစ၍ ၁၉၆၀-ခုနှစ်အထိ ၅တန်းမှ တက္ကသိုလ်ဝင်တန်းကို လစဉ်ပညာသင်ကြေးပေး ရပါသည်။ ၁၉၆၀-ခုနှစ်နောက်ပိုင်းတွင် ၉တန်းနှင့် ၁၀တန်းသာ ပညာသင်ကြား ပေးကြရပါသည်။ ကျောက်ဖြူမြို့နယ် တွင် ကျွန်းစဉ်ပိုင်း၌ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကြောင့်၊ မူလတန်းကျောင်းအချို့ ပိတ်ထားခဲ့ရဖူးပါသည်။ လွတ်လပ်ရေးရပြီးစအချိန်တွင် အင်္ဂလိပ်စာကို မူလတန်းမှ စတင်သင်ကြားခဲ့ရသည်။ ၁၉၅၁-ခု နောက်ပိုင်းတွင ်အင်္ဂလိပ်စာကို ၅တန်းမှစတင်သင်ကြားကြရပါသည်။ တော်လှန်ရေးအစိုးရ တက်လာပြီးနောက်ပိုင်းတွင် အင်္ဂလိပ်စာ မှအပ ကျန်ဘာသာရပ်များအားလုံးကို မြန်မာဖြင့် သင်ကြားနိုင်ရန် တစတစ ဆောင်ရွက်လာခဲ့ပါသည်။၁၉၅၃-၅၄ ခုနှစ်တွင် ရခိုင်တိုင်းတစ်တိုင်းလုံးမှ သိပ္ပံဘာသာထူးချွန်သူများအား **ဖတ်မရ** အဖြစ် ကျောက်ဖြူမြို့တွင် ဖွင့်လှစ်သင်ကြားခဲ့ပါသည်။

## ၆။ တော်လှန်ရေးအစိုးရလက်ထက်တွင် ပညာရေးပြုပြင်ပြောင်းလဲမှုများ

၁၉၆၃-ခု တော်လှန်ရေးအစိုးရတက်ရောက်လာသောအခါ တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားကြေညာ အတိုင်း အသက်မွေးဝမ်းကြောင်း အထောက်အကူပြုသော ပညာသင်ကြားရေးကု စတင်ပြောင်းလဲသင်ကြားလာသည်။

ဌင်းပြင်ကိုင်းညွှတ်ဘာသာဦးစားပေး သင်ကြားရေးအတွက် ပညာရေးလက်တွေ့ဖွံ့ဖြိုး ဘာသာရပ်တည်ထွင်ခဲ့ရာ စိုက်ပျိုး ရေး၊ အားကစား ပန်းချီ၊ အနုသုခုမ၊ စက်မှုလက်မှုပညာဘာသာရပ်များကို တည်ထွင်ခဲ့ပါသည်။

ကျောင်းသားများကို ကျောင်းကောင်စီပုံသဏ္ဌာန်ဖြင့် အဖွဲ့များဖွဲ့၍ ဆောင်ရွက်လာစေခဲ့ပါသည်။ ဌင်းပြင် မိဘဆရာအသင်းများဖြင့်လည်းကောင်း ဖွံ့စည်းလှုပ်ရှားလာခဲ့ကြသည်။ တော်လှန်ရေးအစိုးရသည် စနစ်သစ်စတင် အကောင်အထည်ဖော်လာခဲ့ရာတွင် ၈တန်းမှစ၍ ဝိဇ္ဇာသိပ္ပံဘာသာရပ်တွဲများကို သင်ကြားစေခဲ့ရာ ကျောက်ဖြူမြို့ အထက်တန်းကျောင်းသည် ဝိဇ္ဇာသိပ္ပံဘာသာတွဲများကို သင်ကြားနိုင်သည့် တလမ်းသွား ပညာရေးစနစ်မှ ဘက်စုံပညာ ရေး စနစ်သို့လည်းကောင်း ပညာထူးချွန်သူကိုသာ ဦးစားပေးရေးမူအရ နှစ်ရှုံးကျောင်းထုတ်သောကိစ္စကို ၈ တန်းမှစ၍ ဆောင်ရွက်လာသည်။ ထိုအခါ နှစ်ခါကျသူများအတွက် လူငယ်ရေးရာညကျောင်းဖွင့်လှစ် သင်ကြားပေးခဲ့ရာ ကျောက်ဖြူ မြို့မအလယ်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည်။

ပညာရေးဌာနတွင် ကျောက်ဖြူခရိုင် ပညာဝန်ရှိခဲ့ရမှ အုပ်ချုပ်ရေးစနစ်သစ်အရ မြို့နယ်ပညာရေးမှူးအဖြစ် ပညာရေးမှူးအဖြစ် အထက်တန်းကျောင်းအုပ်ကြီးများကို တာဝန်ယူအုပ်ချုပ်စေခဲ့သည်မှာ ၁၉၇၂ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ဖြစ်သည်။ ၁၉၈၁-ခုနှစ်မှာပင် မြို့နယ်ပညာရေးမှူးများအဖြစ် သီးသန့်ခန့်ထားပြီး စီမံခန့်ခွဲဝေခဲ့ပါသည်။ ပညာသင်ဖွံ့ဖြိုး မှုအတွက် တွဲဘက်ကျောင်းများကို ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ဖွင့်လှစ်စေခဲ့ပါသည်။ တွဲဘက်မူလတန်းကျောင်း ဆိုသည်မှာ မူလတန်းကျောင်းမရှိသေးသော ကျေးရွာများတွင် နီးစပ်ရာမူလတန်းကျောင်းနှင့် တွဲဘက်၍ မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်ရသည်။ တွဲဘက်အလယ်တန်းကျောင်းဆိုသည်မှာ အလယ်တန်းကျောင်းမရှိသေးသော ကျေးရွာများတွင် နီးစပ်ရာ အလယ်တန်းကျောင်းနှင့် တွဲဘက်ပြီး မိမိအစီအစဉ်ဖြင့် ဖွင့်လှစ်ရသည်။ တွဲဘက်အထက်ကျောင်းဆိုသည်မှာ အထက်တန်းကျောင်းမရှိသေးသော ကျေးရွာကြီးများတွင် နီးစပ်ရာအထက်တန်းကျောင်းနှင့် တွဲဘက်ပြီး မိမိအစီအစဉ်ဖငြ့် ဖွင့်လှစ်ရသည်။ ယခုအခါ မြို့နယ်ပညာရေးမှူးသီးသန့်ထားရှိရပြီး အထက်တန်းကျောင်းအုပ်များ သီးသန့်ထားရှိပါသည်။ ကျောက်ဖြူမြို့နယ်တွင် ၁၉၂၃ ခုနှစ်မှာ ၁၉၈၀ ခုနှစ်မှာသာ အထက်တန်းကျောင်း နောက်ထပ်တကျောင်းအဖြစ် ပိုက်ဆိပ်အလယ်တန်းကျောင်းကို တိုးမြှင့်ဖွင့်လှစ်ခဲ့ရာ အခြေခံပညာရေးအထက်တန်းကျောင်း(၂)ကျောင်း ဖြစ်လာပါသည်။ အလယ်တန်းကျောင်းများမှာ ၁၉၈၁-ခုနှစ်အထိ (၇)ကျောင်းရှိပါသည်။

မူလတန်းကျောင်းမှာ ၁၉၈၁ ခုနှစ်အထိ (၁၀၄)ကျောင်းရှိလာခဲ့ပါသည်။ တွဲဘက်အထက(၁)ကျောင်း(စနဲ)၊ တွဲဘက်အလက(၂)ကျောင်း(စိုင်ခြံ) ကွမ်းချောင်းတွဲဘက် မူလတန်း(၆)ကျောင်းရှိပါသည်။ ကျောက်ဖြူမြို့နယ်ရှိ ဆရာများဦးရေမှာ-

## ကျောက်ဖြူမြို့နယ်ရှိ ဆရာများဦးရေမှာ

| | |
|---|---|
| မြို့နယ်ပညာရေးမှူး | (၁)ဦး |
| လ/ထ မြို့နယ်ပညာရေးမှူး | (၁)ဦး |
| အထက်တန်းကျောင်းအုပ်ကြီး | (၂)ဦး |
| အလယ်တန်းကျောင်းအုပ်ကြီး | (၆)ဦး |
| အထက်တန်းပြဆရာ | (၃၁)ဦး |
| အလယ်တန်းပြဆရာ | (၅၉)ဦး |
| မူလတန်းဆရာကြီး | (၁၀၂)ဦး |
| မူ-လ/ထ ဆရာကြီး | (၁၉၁)ဦး |

### ၁၉၈၀-၈၁ ခုနှစ် ပညာသင်နှစ်ကျောင်းသားဦးရေမှာ

| | | | | |
|---|---|---|---|---|
| ဆယ်တန်းကျောင်းသား | ၃၃၉ | ယောက် | ၁၅. ၄၃ | ရာခိုင်နှုန်းအောင် |
| နဝမတန်းကျောင်းသား | ၄၁၂ | ယောက် | ၅၈. ၂၅ | ရာခိုင်နှုန်းအောင် |
| အဋ္ဌမတန်းကျောင်းသား | ၄၈၆ | ယောက် | ၃၇. ၆၅ | ရာခိုင်နှုန်းအောင် |
| သတ္တမတန်းကျောင်းသား | ၅၁၂ | ယောက် | ၇၆. ၉၅ | ရာခိုင်နှုန်းအောင် |
| ဆဋ္ဌမတန်းကျောင်းသား | ၆၀၄ | ယောက် | ၇၅. ၆၆ | ရာခိုင်နှုန်းအောင် |
| ပဥ္စမတန်းကျောင်းသား | ၈၃၂ | ယောက် | ၆၂. ၅၇ | ရာခိုင်နှုန်းအောင် |
| စတုတ္ထတန်းကျောင်းသား | ၁၁၄၆ | ယောက် | ၈၀. ၀၁ | ရာခိုင်နှုန်းအောင် |
| တတိယတန်းကျောင်းသား | ၁၆၇၅ | ယောက် | ၇၁. ၆၄ | ရာခိုင်နှုန်းအောင် |
| ဒုတိယတန်းကျောင်းသား | ၂၂၁၅ | ယောက် | ၇၄. ၉၄ | ရာခိုင်နှုန်းအောင် |
| ပထမတန်းကျောင်းသား | ၂၈၀၂ | ယောက် | ၆၉. ၂၃ | ရာခိုင်နှုန်းအောင် |
| သူငယ်တန်းကျောင်းသား | ၅၉၇၅ | ယောက် | ၇၂. ၀၅ | ရာခိုင်နှုန်းအောင် |

ဖြစ်ပြီးကျောက်ဖြူမြို့နယ်၏ ပညာရေးအသုံးစရိတ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| | | | ငွေလုံးငွေရင်း |
|---|---|---|---|
| ၁၉၇၆-၇၇ ခုနှစ်တွင် | ၁၀၅၄၃၅ဝိ/- | (သာမန်) | - |
| ၁၉၇၇-၇၈ ခုနှစ်တွင် | ၁၁၇၇၃၉ဝိ/- | (သာမန်) | ၁၅၀ဝိ/- |
| ၁၉၇၈-၇၉ ခုနှစ်တွင် | ၁၅၀၁၀၅ဝိ/- | (သာမန်) | - |
| ၁၉၇၉-၈၀ ခုနှစ်တွင် | ၁၁၅၄၆၂ဝိ/- | (သာမန်) | - |
| ၁၉၈၀-၈၁ ခုနှစ်တွင် | ၁၃၉၇၇၈ဝိ/- | (သာမန်) | - |

## အထက်တန်းပညာရေး

**ကျောက်ဖြူ–ဥပစာကောလိပ်**

ကျောက်ဖြူဥပစာကောလိပ်ကို ၁၉၅၄-ခု၊ ဇွန်လ ၃၀ ရက်နေ့တွင် ကျောက်ဖြူမြို့ အနောက်ဘက်ရှိ တောင်ရင်းရွာအနီးတွင် စတင်ဖွင့်လှစ်ရာ၊ လက်ထောက်အရာရှိ ဦးကျော်လာရောက်ပြီး ကျောင်းဖွင့်လှစ်ခဲ့ပါသည်။ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်နှင့် စစ်တွေခရိုင်တို့မှ ကျောင်းသား(၇၀)ဖြင့် စတင်ဖွင့်လှစ်ခဲ့ရာ၊ ယင်းနှစ်တက်ရောက်သူများအားလုံး ပညာသင်ထောက်ပံ့ကြေးငွေကို ရရှိကြပါသည်။ ဝိဇ္ဇာ-သိပ္ပံနှင့် ဆေးသိပ္ပံဘာသာရပ်များကို သင်ကြားနိုင်ပါသည်။ ယောကျ်ားအဆောင်(၁၀)ခုသာ ရှိပြီး အမျိုးသမီးအဆောင် သီးသန့်မရှိ စာသင်ဆောင် မြောက်ဘက်ခြမ်းတွင်သာ နေထိုင်ကြရသည်။

၁၉၅၇-၅၈ ခုနှစ်တွင် ကျောင်းသားဦးရေ(၁၂၀)ရှိခဲ့ပြီး၊ ကျန်ပညာသင်နှစ်များတွင်မူ ကျောင်းသားဦးရေ (၁၀၀) အောက် လျော့နည်းခဲ့သည်။ စစ်တွေမြို့ပေါ်မှ ကျောင်းသားများ လာရောက်သင်ကြားခြင်း မရှိချေ။ ဆရာများမှာ ကျောင်းဖွင့်စတွင် သရုပ်ပြဆရာနှင့် နည်းပြဆရာများသာ ဖြစ်ပါသည်။ နောင်မှသာ လ/ထကထိကများ လာရောက်သင်ကြားကြသည်။ အိန္ဒိယနိုင်ငံမှ အငှားဆရာ(၇)ဦး ခန့်လာရောက်ပြသခဲ့သည်။ ကျောက်အုပ်ဆရာကြီးများမှာ ဦးတင်ထွန်း၊ ဦးတင့်လွင်၊ ဦးဦးကျော်နှင့် ဦးကျော်ခင်တို့ ဖြစ်ကြသည်။ ဝန်ထမ်းများမှာ ရုံးဝန်ထမ်း(၇)ဦး၊ လက်ထောက်ဓာတ်ခွဲခန်းမှူး (၃)ဦးနှင့် အခြားဝန်ထမ်း(၁၀)ဦးခန့် ရှိပါသည်။ ၁၉၆၃ ခုနှစ် ဇူလိုင်လ(၃၁)ရက်နေ့တွင် ကျောက်ဖြူဥပဇာကောလိပ်ကို တော်လှန်ရေးအစိုးရမှ ဖျက်သိမ်းကြောင်း ကြေညာခဲ့ပါသည်။

**ကျောက်ဖြူဆရာအတတ်သင်ကျောင်း**

ကျောက်ဖြူမြို့ရှိ ဆရာအတတ်သင်ကျောင်းကို ၁၉၅၃-ခု၊ ဇွန်လ (၁)ရက်နေ့တွင် စတင်၍ ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်ကြီးက ဖွင့်လှစ်ပေးခဲ့ပါသည်။ (ယခု လက်စွမ်းပြ အလယ်တန်းကျောင်းရှေ့ရှိ မူလတန်းကျောင်းနေရာတွင်ဖြစ်သည်။ )ထိုကျောင်းကို ကျောင်းသားကျောင်းသူ(၂၀၈)ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သတ္တမတန်းအောင်မြင်သူများ၎င်းဆရာအတတ်သင်သိပ္ပံသို့ တက်ရောက်သင်ကြားခွင့်ရှိသည်။ နှစ်စဉ်ကျောင်းသား/သူ(၁၃၄)ဦးနှင့် အများဆုံး(၃၄၀)ဦးအထိ သင်ကြားခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် မူလနေရာမှ ယခုတည်ရှိသော ကျောင်းသစ်ကြီးနေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စု တဝှမ်းလုံးမှ ကျောင်းသားများ လာရောက်သင်ကြားစေခဲ့ရာမှ (၁၉၇၂)ခုနှစ်ရောက်မှ ရခိုင်ပြည်နယ်ကျောင်းသားများအား သင်ကြားစေခဲ့သည်။ သင်ကြားရသည့် ဘာသာရပ်များမှာ ပညာရေးဘာသာ၊ အင်္ဂလိပ်စာ၊ မြန်မာစာ၊ နိုင်ငံသမိုင်း၊ ပထဝီဝင်၊ သင်္ချာ၊ နိုင်ငံရေးသိပ္ပံ၊ သိပ္ပံနှင့်ပတ်ဝန်းကျင်၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ အိမ်တွင်းမှုသိပ္ပံ၊ သုခုမ၊ ပန်းချီ၊ ကာယပညာတို့ သင်ကြားသည်။ ကျောင်းအုပ်ဆရာကြီးများမှာ ဦးစိန်လှအောင်၊ မစ္စတာစီအေဝဲလ်၊ ဦးစံတင်၊ ဦးမောင်မောင်လှ၊ ဦးသောင်း၊ ဦးထွန်းကြွယ်နှင့် ဒေါ်တင်မေတို့ဖြစ်ကြသည်။ မူလတန်းဆရာ မွမ်းမံသင်တန်းများကို နွေရာသီကျောင်းပိတ်ရက်များတွင် သင်ကြားပေးခဲ့သည်။ သင်တန်းမတက်ရသေးသောဆရာများကို တနှစ်ပြည့်စေရန် အတွက် နွေရာသီကျောင်းပိတ်ရက်များတွင် သင်ကြားစေခဲ့ပါသည်။

**ကျောက်ဖြူရက္ခန်းကျောင်း**

ကျောက်ဖြူမြို့ အရာရှိရပ်ကွက်တွင် အစိုးရရက္ခန်းကျောင်းကို ၁၉၅၁-၅၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ၊ စတုတ္ထတန်းအောင်မြင်သော ကျောင်းသားများ တက်ရောက်သင်ကြားခွင့်ရှိသည်။ အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းရှိသူများသာ တက်ရောက်သင်ကြားခွင့် ရှိပါသည်။ နှစ်စဉ်ကျောင်းသားဦးရေ (၃၀)ဦးခန့်ရှိပြီး ကျောင်းအုပ်ဆရာကြီးမှာ ဦးအောင်ထွန်း ဖြစ်ပါသည်။ ထိုကျောင်းကို ၁၉၆၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့ပါသည်။

**ငါးဖမ်း/ငါးမွေးမြူရေးအတတ်သင်ကျောင်း**

ကျောက်ဖြူမြို့ ငါးမွေးမြူရေးနှင့် ငါးဖမ်းအတတ်သင်ကျောင်းကို၊ မြို့အနောက်ဘက်ရှိ တောင်ရင်းကျေးရွာအနီး၌ ၁၉၇၃-ခုနှစ်မှ စတင်၍ တည်ဆောက်ခဲ့ပါသည်။ ငါးမွေးမြူရေးကန် (၄)ခုနှင့် အဆောက်အဦး (၁၀) ခုတို့ကို ၁၉၇၅-ခုနှစ်မှာ စတင်ဆောက်လုပ်ခဲ့ရာ၊ ယခုအခါ ပြီးစီးနေပြီဖြစ်သည့်အတွက် ၎င်းကျောင်းကို ဖွင့်လှစ်သင်ကြားနိုင်ရန်စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။

**အလွတ်ပညာသင်ကျောင်း**

ကျောက်ဖြူမြို့တွင် မှတ်ပုံတင်အလွတ် ပညာသင်ကျောင်းများဟူ၍ သီးသန့်မရှိပဲ၊ အလယ်တန်းကျောင်းသား၊ အထက်တန်းကျောင်းသားများကိုသာ အချိန်ပိုသင်ကြားပေးသော ညကျောင်းများသာ ရှိပါသည်။

**လူငယ်ရေးရာညကျောင်း**

(၂)နှစ်ရှိုး ကျောင်းသားများအတွက် ၁၉၆၇-၆၈ ခုနှစ်မှစတင်၍ ကျောက်ဖြူမြို့၊ မြို့မအလယ်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားခဲ့ရာ ၁၉၇၆-၇၇ ခုနှစ်ထိ ရှိခဲ့ပါသည်။ ၈-တန်း၊ ၉-တန်း၊ ၁၀-တန်းတို့ကို ဖွင့်လှစ်သင်ကြားခဲ့ရာ ကျောင်းဝင်ကြေးတလလျှင် ၁၀ိ/စီ ဇူလိုင်လမှ ဇန်နဝါရီလအထိ (၇)လအတွက် တပြိုင်တည်း ထောက်ခံခဲ့ပါသည်။ ကျောင်းသားဦးရေမှာ ၁၀တန်းတွင် အများဆုံး(၃၀)ယောက်မှ (၆၀)ယောက်ထိရှိပြီး ၉-တန်းတွင် (၂၆မှ ၆၅အထိ)၊ ၈-တန်းတွင် အနည်းဆုံး(၃၀)မှ အများဆုံး(၅၀)ထိ သင်ကြားခဲ့ရာ ၁၀-တန်းတွင် ၃၀%၊ -တန်းတွင် ၅၅%နှင့် ၈-တန်းတွင် ၆၀% အောင်မြင်ခဲ့ပါသည်။

**တက္ကသိုလ်စာပေးစာယူသင်တန်း**

တက္ကသိုလ်စာပေးစာယူသင်တန်းကို ၁၉၇၅-၇၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ပထမနှစ်တွင် ဝိဇ္ဇာ-သိပ္ပံ၊ စီးပွားရေး၊ ဥပဒေ စသော ဘာသာရပ်ကြီးများကို ကျောင်းသား (၅၈)ဦး စတင်သင်ကြားခဲ့ပါသည်။ ၁၉၈၀-၈၁ ခုနှစ် ပညာသင်နှစ်တွင် ပထမနှစ်ကျောင်းသား/သူ (၈၇)ဦး၊ ဒုတိယနှစ်ကျောင်းသား/သူ (၁၁၆)သီး၊ တတိယနှစ်တွင် (၅၅)ဦး၊ စတုတ္ထနှစ်တွင် (၂၀)ဦးနှင့် ပဥ္စမနှစ်တွင် (၁၇)ဦးရှိခဲ့ပါသည်။ အောင်မြင်ခဲ့သော ရာနှုန်းမှာ ၉၁%မှ ၉၇ ရာခိုင်နှုန်းထိ အောင်မြင်ခဲ့ပါသည်။

**တက္ကသိုလ်ပညာသင်ထောက်ပံ့ရေးအဖွဲ့**

ကျောက်ဖြူမြို့တွင် တက္ကသိုလ်ပညာသင်ထောက်ပံ့ ကြေးအသင်းကို ၁၉၅၇-ခုနှစ်တွင် ကျောက်ဖြူဥပစာ ကောလိပ်ကျောင်းဆရာ ဦးလှဖေမှ စတင်ဦးဆောင်၍ ဖွဲ့စည်းလှုပ်ရှားခဲ့ပါသည်။ ရံပုံငွေရရှိရေးအတွက် ဈေးအနီးရှိ အဆောက်အဦး(ယခုမြို့နယ်သမဝါယမအသင်း)တွင် ညကျောင်းပြရာမှ ရရှိသော ဝင်ငွေအချို့ကို ရံပုံငွေအဖြစ် မူတည်၍ ကျောက်ဖြူမြို့နယ်မှ တက္ကသိုလ်ဝန်ထမ်းမှ ထူးချွန်စွာ အောင်မြင်သောကျောင်းသား/ကျောင်းသူများကို စီစစ်ရွေးချယ်ပေး ခဲ့ပါသည်။

၁၉၆၄ ခုနှစ်တွင် ကျောက်ဖြူမြို့မ အလယ်တန်းကျောင်းတွင် ညကျောင်းပြသရာမှ ရရှိသော ရံပုံငွေများဖြင့် ဆက်လက်လှုပ်ရှားခဲ့ပါသည်။ နောက်ပိုင်းတွင် ဘွဲ့ရလူငယ်များက ဦးစီး၍ ဆောင်ရွက်ခဲ့ရာ ယခုအချိန်ထိ ဖြစ်ပါသည်။ တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားနိုင်ရန်အတွက် ထူးချွန်သော ကျောင်းသား/သူအများဆုံး(၄)ယောက်ထိ တစ်လ လျှင် (၁၀၀ိ/-)နှုန်းဖြင့် ထောက်ပံ့ပေးနေကြောင်း တွေ့ရှိရပါသည်။

**ပညာရည်ချွန်ဆုပေးရေးအဖွဲ့**

ကျောက်ဖြူခရိုင်ရှိစဉ်အခါက ကျောက်ဖြူခရိုင်မှ ပညာရည်ချွန်ကျောင်းသား ကျောင်းသူများကို တက္ကသိုလ် ဝင်တန်းအောင် အမှတ်အတိုင်း ဆုဖလားများ ချီးမြှင့်ခဲ့ပါသည်။ ၎င်းဆုများကို စေတနာရှင်ပုဂ္ဂိုလ်ကြီးများက ချီးမြှင့်ကြ သည်။ မြို့နယ်အလိုက် သီးသန့်ဖြစ်လာသောအခါတွင် ပညာရည်ချွန်ဆုကို သီးသန့်ချီးမြှင့်ခြင်းမရှိတောပဲ အစိုးရမှသာ လူရည်ချွန်အဖြစ် ရွေးချယ်ချီးမြှောက်လာခဲ့ပါသည်။

လူရည်ချွန်စီမံကိန်း စတင်အကောင်အထည်ဖော်သော ၁၉၆၃ ခုနှစ်မှစ၍ ကျောက်ဖြူမြို့နယ်သည် မြေပုံ၊ အမ်း၊ ရမ်းဗြဲ၊ မာန်အောင်တို့နှင့် ပူးပေါင်းပြီး ကျောက်ဖြူဇုံအဖြစ် သတ်မှတ်ဖြေဆိုရပါသည်၊ ၇-တန်း၊ ၈-တန်း၊ ၉-တန်း၊ ၁၀-တန်းကျောင်းသားပါဝင် ဖြေဆိုရာ ၁၉၈၁ ခုနှစ်အထိ ကျောက်ဖြူမြို့နယ်မှ လူရည်ချွန် စုစုပေါင်း (၃၃)ဦး ရှိခဲ့ပါသည်။ လူရည်ချွန်(၄)ထပ်ကွမ်း (၁)ဦး ၃-ထပ်ကွမ်း(၃)ဦး၊ ၂-ထပ်ကွမ်း လူရည်ချွန် (၄)ဦးနှင့် တထပ်ကွမ်းလူရည်ချွန် (၁၂)ဦး ရှိခဲ့ပါသည်။

**စာတတ်မြောက်ရေးလှုပ်ရှားမှု**

ကျောက်ဖြူမြို့နယ်တွင် လူထုပညာရေးဌာနကို (၁၉၅၃)ခုနှစ် ဇန်နဝါရီလ(၁၃)ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့

ပါသည်။ လူထုပညာရေးဌာနများကို ပြင်ဖြူမော်၊ ကညင်တော၊ င/လပွေ့၊ ကုမ္ပဏီကျေးရွာများနှင့် နောင်ရင်းကျေးရွာများတွင် ဖွင့်လှစ်ခဲ့ပါသည်။ ဘ၀သစ်အဖွဲ့ကိုလည်း (၁၉၅၃)ခုနှစ်တွင် မင်းစံကျေးရွာ၌ ဖွင့်လှစ်ပါသည်။ ယင်းဘ၀သစ်အဖွဲ့ အား (၁၉၅၄)ခုနှစ် မေလတွင် လုံခြုံရေးအခြေအနေအရ ကုမ္ပဏီဈေးကျေးရွာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

(၁၉၅၄)ခုနှစ်တွင် ကျောက်ဖြူမြို့၌ လူထုပညာရေး-လက်ထောက်တိုင်းမှူးရုံးနှင့် ခရိုင်ရုံးကိုပါ ဖွင့်လှစ်ခဲ့ပါသည်။ (၁၉၅၆)ခုနှစ်တွင် ကုမ္ပဏီဈေးကျေးရွာမှ ဘ၀သစ်အဖွဲ့ကို မြို့ချောင်းသို့ ပြောင်းရွှေ့ပြီး အနီးပတ်ဝန်းကျင် ကျေးရွာ (၁၁)ရွာကို တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ မြို့ချောင်းကျေးရွာတွင် ရက္ခန်းကျောင်း(၁)ကျောင်း၊ အိမ်တွင်းစက်မှုကျောင်း၊ (၁)ကျောင်းတို့ကိုလည်း ဖွင့်လှစ်ခဲ့ပါသည်။ (၁၉၅၇)ခုနှစ်တွင် စာစစ်ဌာနခွဲများအဖြစ် တံခွန်တိုင်၊ ကပိုင်ချောင်း၊ မင်းချောင်း ကျေးရွာတို့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။ (၁၉၅၈)ခုနှစ်တွင် ဘ၀သစ်ဌာနခွဲများကို ဖျက်သိမ်းပြီး လူထုပညာရေးဌာန အဖြစ်ဖြင့် စိုင်ခြံကျေးရွာသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ယင်းနောက် (၁၉၅၉)ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် လူထုပညာရေး ဌာနကို ဖျက်သိမ်းခဲ့ပါသည်။

ကျောက်ဖြူမြို့နယ်တွင် မြို့နယ်လုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်း(အသုံးလုံး)ကို ၁၉၈၁ခုနှစ်တွင် စတင်အကောင်အထည်ဖော်လာခဲ့ရာ၊ ယင်းနှစ်တွင် လုပ်အားပေး ဆရာ/ဆရာမများ (၂၇၉၉)ဦးရှိခဲ့ပြီး၊ လုပ်အားပေး ကျောင်းသားဦးရေမှာ စစ်တွေဒေသကောလိပ်မှ ကျောင်းသား/သူ(၂၂၇)ဦးပါဝင် လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။ ကျောက်ဖြူမြို့နယ်၌ စာမတတ်သူဦးရေမှာ ကျား (၁၀၉၃)ဦးရှိပြီး မ(၁၀၉၉၃)ဦးရှိခဲ့ပါသည်။ ယင်းတို့အနက် ရက်ပေါင်း (၄၀)ရက်အတွင်း စာတတ်မြောက်ခဲ့သူဦးရေမှာ ကျား (၄၁၉)ဦးနှင့် အမျိုးသမီး (၆၈၆၇)ဦးဖြစ်ပါသည်။ စာတတ်မြောက်မှု ရာခိုင်နှုန်းမှာ ၆၀ ရာခိုင်နှုန်း ဖြစ်ပါသည်။

## ဘုန်းကြီးကျောင်းပညာရေး

ရှေးခေတ်ဘုန်းတော်ကြီးကျောင်းများတွင် လောကုတ္တရာစာပေများကိုသာ အဓိကထား၍ သင်ကြားပေးပါသည်။ သို့ရာတွင် လောကီအသက်မွေးဝမ်းကျောင်း ပညာသင်အဖြစ် ဗေဒင်ပညာ၊ ဆေးဘက်ဆိုင်ရာ ပညာရပ်များကိုလည်း၊ သင်ကြားပို့ချပေးပါသည်။ ကျောက်ဖြူမြို့နယ်တွင် ဘုန်းကြီးကျောင်းပညာရေး၊ စီမံကိန်းလုပ်ငန်းကို ၁၉၆၄ ခု ဇူလိုင်လတွင် စတင်အကောင်အထည် ဖော်ခဲ့ပါသည်။ ယင်းစီမံကိန်းသည် ကျောက်ဖြူမြို့နယ်အတွင်း (၈)နှစ်တာမျှ သက်ဝင်လှုပ်ရှားခဲ့ပါသည်။ ကျောက်ဖြူမြို့နယ်တွင် ယင်းအချိန်ကာလအတွင်းက မှတ်ပုံတင်ဘုန်းကြီးကျောင်းမှာ စုစုပေါင်း(၂၀၂)ကျောင်းရှိခဲ့ပါသည်။

ဘုန်းကြီးကျောင်း ပညာရေးစနစ်ကို ၁၉၇၂ ခုနှစ် ဇွန်လတွင် ဖျက်သိမ်းခဲ့ပါသည်။ ထိုသို့ဖျက်သိမ်းပြီးနောက် ဘုန်းတော်ကြီးကျောင်း (၂၆)ကျောင်း ကျန်ရှိနေခဲ့ပါသည်။ ယင်းကျောင်းများမှာ ကျောင်းသားများကို နှစ်စဉ် ယခုအချိန်ထိ အစိုးရမှ နီးစပ်ရာစာစစ်ဌာနများတွင် ဝင်ရောက်ဖြေဆိုခွင့် ပေးထားပါသည်။

# (၈) ကျန်းမာရေး

## စစ်ကြိုခေတ် ကျန်းမာရေးဌာန ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ချက်များ

**မြို့နယ်ဆေးရုံအခြေအနေ**

ကျောက်ဖြူမြို့နယ် ပြည်သူ့ဆေးရုံကြီးမှာ စစ်မဖြစ်မီ နှစ်ထပ်ဆေးရုံဖြစ်ပြီး စစ်အတွင်းကာလ မီးလောင်ပျက်စီးသွားပါသည်။ စစ်ပြီးသည့်နောက် ယခုဓာတ်မှန် အဆောက်အဦး ပြုလုပ်ထားသော အဆောင်တွင် အပြင်လူနာများကို ကြည့်ရှုပြီး အတွင်းလူနာများကို စစ်ကျန်အဆောက်အဦးများဖြင့် ကုမ္ပဏီဈေးတွင် ဖွင့်လှစ်ခဲ့ပါသည်။

**လွတ်လပ်ရေးခေတ်မှစ၍ ကျန်းမာရေးဌာန အဆင့်ဆင့် တိုးချဲ့ပြောင်းလဲလာပုံ**

၁၉၄၇-ခုနှစ်တွင် လက်ရှိဆေးရုံဟောင်းကို ဆောက်လုပ်ခဲ့ရာ ၁၉၄၈-ခုနှစ်တွင် ပြီးစီးဖွင့်လှစ်ခဲ့ပါသည်။ နောက်တဖန် ၁၉၆၄-ခုနှစ်တွင် ဆေးရုံအသစ်ကို တိုးချဲ့ပြီး ဆောက်လုပ်ခဲ့ရာ ၁၉၆၆-ခုတွင် ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ယခုလက်ရှိအထိ အထက်ပါဆေးရုံဟောင်းနှင့် အသစ်ကိုဖွင့်လှစ်၍ အတွင်းလူနာ အပြင်လူနာများကို ဆေးကုသလျှက် ရှိပါသည်။

**မျက်မှောက်ကာလ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်များ**

မျက်မှောက်ကာလတွင် ကျန်းမာရေးဆိုင်ရာ ကိစ္စအရပ်ရပ်တို့ကို ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးရုံးမှ ကြီးကြပ်ကွတ်ကဲ၍ မြို့နယ်ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

ပြည်နယ်ကျမ်းမာရေး ဦးစီးဌာနမှူးရုံးတွင် အကြီးအကဲများမှာ၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့်၊ ဒုပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့ ဖြစ်ပါသည်။ မြို့နယ်ကျန်းမာရေးဌာနတွင် မြို့နယ်ဆရာဝန်ကြီးမှနေ၍ လက်အောက်ခံအထူးရောဂါ နှိမ်နင်းရေးအဖွဲ့များ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ မြို့နယ်ကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာနနှင့်၊ မိခင်ကလေးစောင့်ရှောက်ရေးဌာန၊ ကြက်ခြေနီအဖွဲ့အစည်းများကို ကြီးကြပ်ကွတ်ကဲ အုပ်ချုပ်လျှက်ရှိပါသည်။

**လက်အောက်ခံအထူးရောဂါနှိမ်နင်းရေးအဖွဲ့များမှာ**

၁။ ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတဆင့် ကူးစက်တတ်သောရောဂါများ၊ ကာကွယ်နှိမ်နင်းရေးဌာန(ရပကန)

၂။ အနာကြီးရောဂါတိုက်ဖျက်ရေးဌာန

၃။ အဆုတ်ရောဂါတိုက်ဖျက်ရေးဌာနတို့ ဖြစ်ပါသည်။

**လက်အောက်ခံကျေးလက်ကျန်းမာရေးဌာနများမှာ**

(၁) စနဲတိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန။

(၂) မင်းပြင်ကျေးလက်ကျန်းမာရေးဌာန

(၃) ဇင်ချောင်းကျေးလက်ကျန်းမာရေးဌာန

(၄) မြို့ချောင်းကျေးလက်ကျန်းမာရေးဌာန

(၅) မင်းဂံကျေးလက်ကျန်းမာရေးဌာန

(၆) ဆင်ဘုတ်ကျေးလက်ကျန်းမာရေးဌာနတို့ ဖြစ်ပါသည်။

**မြို့နယ်ဆေးရုံများ။**

ကျောက်ဖြူမြို့နယ်တွင် ကုတင်(၁၀၀)ဆန့်ဆေးရုံရှိပြီး၊ စနဲတိုက်နယ်ဆေးရုံသည် ကုတင်(၁၆)လုံးဆန့်ဆေးရုံဖြစ်သည်။

## မြို့မကျန်းမာရေးဌာနလုပ်ငန်းစာရင်းများ

**(၁) စည်ပင်သာယာကျန်းမာရေးလုပ်ငန်း**

မြို့နယ်ကျန်းမာရေးလုပ်ငန်းများကို၊ မြို့နယ်စည်ပင်သာယာရေးအနေဖြင့်(သို့) မြူနီစီပါယ်ကျန်းမာရေးဌာန အနေဖြင့်၊ ၁၉၇၁-ခု ဧပြီလ(၁၀)ရက်နေ့ထိ မြို့နယ်စည်ပင်သာယာရေး၊ ကျန်းမာရေးလုပ်ငန်းများကို အောက်ဖော်ပြပါ ကျန်းမာရေးဝန်ထမ်းများတို့ဖြင့် တာဝန်ယူလုပ်ဆောင်ခဲ့ပါသည်။

(၁) ကျန်းမာရေးအင်စပက်တော် (၁) ဦး
(၂) သားဖွားဆရာမ (၁) ဦး
(၃) ကျောက်ထိုးဆရာမ (၁) ဦး
(၄) ညသန့်ရှင်းရေးအလုပ်သမားများနှင့် နေ့သန့်ရှင်းအလုပ်သမားများ ဖြစ်ကြပါသည်။

ယခုအချိန်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ၊ ကျန်းမာရေးဝန်ထမ်းတို့သည် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ဆရာဝန်ကြီး၏အုပ်ချုပ်ကြီးကြပ်ကွတ်ကဲမှုအောက်တွင် မြို့ကျန်းမာရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက် လျှက်ရှိပါသည်။

**မြို့နယ်ကျန်းမာရေးဌာန၏ ဝန်ထမ်းအင်အားစာရင်းများမှာ**

(၁) ကျန်းမာရေးကြီးကြပ်(၁) (၁) ဦး
(၂) ကျောက်ထိုးဆရာမ (၁) ဦး
(၃) သားဖွားဆရာမ (၂) ဦး
(၄) ပိုးသတ်သမား (၁) ဦးတို့ ဖြစ်ပါသည်။

**မိခင်ခလေးစောင့်ရှောက်ရေး**

ကျောက်ဖြူမြို့နယ် မိခင်ခလေးစောင့်ရှောက်ရေးဌာနကို (၁၉၅၄)ခုနှစ်တွင် ဆေးရုံကြီးအတွင်း ယာယီဖွင့်လှစ်ခဲ့ပါသည်။ (၁၉၅၈)ခုနှစ်တွင် မြို့နယ်မိခင်ခလေးစောင့်ရှောက်ရေးအသင်းမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် တန်ဘိုးငွေ (၅)သောင်း အကုန်အကျခံ၍ တည်ထောင်ခဲ့ပါသည်။ (၁၉၇၉)ခုနှစ်တွင် ကျောင်းကျန်းမာရေးအဖွဲ့အစည်း ဖွဲ့စည်းပြီး ကျောင်း ကျန်းမာရေးဌာနမှ မိခင်နှင့်ခလေးများအား ဆေးဝါးကုသပေးခဲ့ပါသည်။

**အမှုထမ်းအင်အား**

အမျိုးသမီးကျန်းမာရေးဆရာမ(၁)ယောက်၊ သားဖွားဆရာမ(၂)ယောက်၊ မြို့မကျန်းမာရေးမှ သားဖွားဆရာမ (၂)ယောက် (၁၉၆၈)ခုမှစပြီး ပူးပေါင်းတာဝန်ထမ်းဆောင်ပါသည်။

ဆေးခန်းစောင့်(၁)ယောက်ရှိပါသည်။ ယခင် ပြည်သူ့ဆေးရုံဆရာဝန်မှ ဗုဒ္ဓဟူးနေ့တိုင်း လာရောက်စမ်းသပ် ကုသပေးနေပါသည်။ ယခုကျောင်းကျန်းမာရေးဌာနမှ ဆရာဝန်က ကြည့်ရှုစမ်းသပ်ပေးနေပါသည်။

**၇။ ကျောင်းကျန်းမာရေး**

ကျောက်ဖြူမြို့နယ်တွင် အထက်တန်းကျောင်း(၂)ကျောင်း၊ အလကကျောင်း(၇)ကျောင်း၊ အမကလုပ်ငန်းကို ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမတစ်ဦး၊ သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦး၊ စာရေးဝန်ထမ်းတစ်ဦး။ ဆေးစပ်ဆရာတစ်ဦး၊ ကျောင်းလူမှုဆက်ဆံရေးမှူး(၁)ဦး အောက်တန်းဝန်ထမ်း(၂)ဦး၊ အစောင့်(၁)ဦးဖြင့် ဖွဲ့စည်းတည်ထောင်ထားပါသည်။

**စီမံကိန်းရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ**

ကျောက်ဖြူမြို့နယ်တွင် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းချမှတ်၍ ဆောင်ရွက်နေပါသည်။

**ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန**

ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို စီမံကိန်းများ ချမှတ်၍ ဆောင်ရွက်နေပါသည်။

**ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာန**

ငှက်ဖျားရောဂါတိုက်ဖျက်လုပ်ငန်းကို (ရပကန) ရောဂါမျိုးသယ်ဆောင်သော ပိုးမွှားကောင်များမှတဆင့် ကူးစက်တတ်သော ရောဂါနှိမ်နင်းရေးအဖွဲ့မှ ငှက်ဖျားရောဂါမှူး(၁)ဦး၊ ငှက်တော်(၁)ဦးနှင့်၊ ငှက်ကြပ်(၁)နှင့် ဆေးဖြန် (၄)ဦးတို့မှာ ဦးစီးဆောင်ရွက်နေပါသည်။ ထိုအဖွဲ့သည် ဆင်ခြေထောက်ရောဂါ၊ သွေးလွန်တုတ်ကွေးရောဂါနှင့်၊ ဂျပန် ဦးနှောက်ရောင်ရောဂါတို့ကို ပူးတွဲဆောင်ရွက်နေပါသည်။

ကျောက်ဖြူမြို့နယ်အတွင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေးကို ဆေးဖျန်းဌာနနှင့် ဆေးဝေဌာန၏မြေပုံ၍ ခွဲခြားသတ်မှတ်လျှက် နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။ ဆေးဖျန်းနယ်မြေဒေသတွင် ရပ်ကွက် (၁၀)ရပ်ကွက်၊ ကျေးရွာ(၁၉၀) အိမ်ခြေ(၁၇၁၃၉) လူဦးရေ (၈၄၀၂၇)ရှိပါသည်။ ဆေးဝေဒေသတွင် ကျေးရွာ(၇၂) အိမ်ခြေ(၅၄၄၆) လူဦးရေ (၂၆၅၂၇)ရှိပါသည်။

**အနာကြီးရောဂါတိုက်ဖျက်ရေးဌာန**

ကျောက်ဖြူမြို့နယ်တွင် ကျောက်ဖြူမြို့နယ်ကို ဗဟိုပြု၍၊ ရမ်းဗြဲ၊ မာန်အောင်၊ မြေပုံနှင့် အမ်းမြို့များအတွက် အနာကြီးရောဂါတိုက်ဖျက်ရေးဌာနကို၊ (၁၉၆၉)ခုနှစ်က မြို့နယ်ဆရာဝန်ကြီး ကြီးကြပ်ကွတ်ကဲမှုအောက်၌ စတင်ဆောင် ရွက်ခဲ့သည်။ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ကျန်းမာရေးစီမံချက်အရ၊ (၁၉၈၁)ခု ဩဂုတ်လတွင် ကျောက်ဖြူ ရမ်းဗြဲ၊ မာန်အောင်မြို့များရှိ ဘက်စုံဝန်ထမ်းများသို့ ပေးအပ်ပြီးဖြစ်၍၊ စီမံကိန်းမဝင်သော အမ်းနှင့် မြေပုံမြို့များကို လက်ရှိအနာကြီးရောဂါဌာနမှပင် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အထက်ပါရောဂါ တိုက်ဖျက်ရေးဌာနများသည် ကျောက်ဖြူမြို့နယ်ဆေးရုံတွင် ဆေးခန်းများဖွင့်လှစ်၍ အဆုတ်ရောဂါဌာနသည် နေ့စဉ်ဆေးခန်းဖွင့်လှစ်၍ ကုသပေးလျှက်ရှိပါသည်။ အနာကြီးရောဂါဌာနသည်လည်း နေ့စဉ်ဆေးခန်းဖွင့်လှစ်၍၊ ငှက်ဖျား၊ ဆင်ခြေထောက်၊ သွေးလွန်တုတ်ကွေးရောဂါများအတွက် ဆောင်ရွက်နေပါသည်။

ဆေးခန်းဖွင့်လှစ်နေစဉ်အတွင်း အခါအားလျော်စွာ လူနာရှာဖွေခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ဆေးဖျန်းခြင်း၊ သွေးဖောက်ခြင်း စသည့်လုပ်ငန်းများကိုလည်း တမြို့နယ်လုံးနှင့် အနှံ့အပြား ခရီးထွက်ဆောင်ရွက်လျှက် ရှိပါသည်။

**အနာကြီးရောဂါသည်ဦးရေ**

| | | | |
|---|---|---|---|
| (၁) | ကျောက်ဖြူ | ၁၀၃ | ဦး |
| (၂) | အမ်း | ၁၃၉ | ဦး |
| (၃) | မြေပုံ | ၁၂ | ဦး |
| (၄) | ရမ်းဗြဲ | ၂၂ | ဦး |
| (၅) | မာန်အောင် | ၅၁ | ဦး |
| | စုစုပေါင်း | ၃၂၇ | ဦး |

**ဖြစ်ပွားတတ်သော ရောဂါများ**

ကျောက်ဖြူမြို့နယ်တွင် အထူးသဖြင့် ဖြစ်ပွားတတ်သော ရောဂါများမှာ ဝမ်းလျှော ဝမ်းကိုက်ရောဂါ၊ ငှက်ဖျား

ရောဂါနှင့် အသဲရောင်အသားဝါရောဂါနှင့် မေးခိုင်ရောဂါတို့ဖြစ်သည်။ (ဖြစ်ပွားမှုစာရင်းဇယား ပူးတွဲတင်ပြ အပ်ပါသည်။

**ရောဂါဖြစ်ပွားမှုစာရင်းဇယား**

| စဉ် | ရောဂါအမျိုးအမည် | စုစုပေါင်းလူနာ | သေဆုံးလူနာ |
|---|---|---|---|
| ၁ | ဝက်သက်ရောဂါ | ၇ | ၁ |
| ၂ | ဝမ်းလျှောရောဂါ | ၁၂၉ | ၉ |
| ၃ | ဝမ်းကိုက်ရောဂါ | ၂၈ | - |
| ၄ | အစာအဆိပ်သင့်ရောဂါ | ၂၈ | ၁ |
| ၅ | အူရောင်ငမ်းဖျားရောဂါ | ၃ | - |
| ၆ | ငှက်ဖျားရောဂါ | ၈၄၈ | |
| ၇ | မေးခိုင်ရောဂါ | ၁၁ | |
| ၈ | အသားဝါအသဲရောင်ရောဂါ | ၅၈ | |
| | | ၁၁၁၂ | |

**၁၀။ ဖွားသေစာရင်း**

ကျောက်ဖြူမြို့ စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ ၁၉၈၀/၈၁ အတွင်းမွေးဖွားဦးရေနှင့် သေဆုံးဦးရေ

(၁) မွေးဖွားဦးရေ ၅၀၁-ဦး

(၂) သေဆုံးဦးရေ ၂၅၈-ဦး

မြို့နယ်သေဆုံးမှုနှုန်း ၀. ၄၁%

မြို့နယ်မွေးဖွားနှုန်း ၁. ၅၂%

**၁၁။ သင်တန်းကျောင်းများ**

ကျောက်ဖြူမြို့နယ်တွင် ဆေးစပ်ဆရာသင်တန်းကို (၁၉၇၉)ခုနှစ်တွင် တနှစ်သင်တန်းဖွင့်လှစ်၍ ကိုယ်ထူကိုယ်ထသားဖွားသင်တန်းကို (၁၉၇၈)ခုနှစ်တွင် တစ်ကြိမ်၊ (၁၉၈၀)ခုနှစ်တွင်တစ်ကြိမ်၊ ဖွင့်လှစ်ခဲ့ပါသည်။ လူထုကျန်းမာရေးလုပ်သားများနှင့် အရံသားဖွား

- ဆရာမသင်တန်းကို (၁၉၇၈) ခုတွင် တစ်ကြိမ်၊ (၁၉၈၀) ခုနှစ်တွင် တစ်ကြိမ်၊ (၂)ကြိမ် ဖွင့်လှစ်ခဲ့ပါသည်။

**၁၂။ လူထုကျန်းမာရေးလုပ်သားများနှင့် အရံသားဖွားဆရာမများစာရင်း**

| | | |
|---|---|---|
| ၁၉၇၈-ခုနှစ်တွင် လူထုကျန်းမာရေးလုပ်သား | ၃၃ | ဦး |
| ၁၉၈၁-ခုနှစ်တွင် လူထုကျန်းမာရေးလုပ်သား | ၆၃ | ဦး |
| စုစုပေါင်း | ၉၆ | ဦး |

| | | |
|---|---|---|
| ၁၉၇၈-ခုနှစ်တွင် အရံသားဖွားဆရာမ | ၁၄ | ဦး |
| ၁၉၈၁-ခုနှစ်တွင် အရံသားဖွားဆရာမ | ၁၅ | ဦး |
| စုစုပေါင်း | ၂၉ | ဦး |

**၁၃။ သမဝါယမဆေးခန်းများ**

ကျောက်ဖြူမြို့နယ်တွင် မြို့နယ်သမဝါယမအသင်းမှ ဦးစီး၍ ၁၉၇၈/၇၉ ခုနှစ်တွင် သမဝါယမဆေးခန်း ဖွင့်လှစ်ခဲ့ပါသည်။ ဝန်ထမ်းအင်အားမှာ ဆေးခန်း(၂)ခန်းအတွက် ဆရာဝန်တစ်ဦး၊ သူနာပြုဆရာမတစ်ဦးနှင့် စာရေး

ဝန်ထမ်းတစ်ဦးစီ ခန့်ထားဆောင်ရွက်ပါသည်။ တနှစ်လျှင် ပျမ်းမျှခြင်းလူနာ(၄၈၀၀)(ဆေးခန်းနှစ်ခန်းပေါင်း) ရှိပါသည်။ ဆေးဝါးရရှိမှုကို ကုန်သွယ်ရေးဆေးနှင့် ဆေးပစ္စည်းကော်ပိုရေးရှင်းမှ ခွဲတမ်းအရ ဖြန့်ဝေပေးပါသည်။ ယခုနှစ်တွင် ဆေးခန်း(၂)ခန်းအနက် ဆေးခန်းအမှတ်(၂)ကို ဆရာဝန်မရရှိသေးသဖြင့် ခေတ္တပိတ်ထားပြီး ဆရာဝန်ရရှိရေးအတွက် အရေးယူဆောင်ရွက်နေဆဲ ဖြစ်ပါသည်။

**တိုင်းရင်းမြန်မာဆေး**

နိုင်ငံတော်အစိုးရစစ် စာမေးပွဲအောင် တိုင်းရင်းမြန်မာဆေးဆရာများသည် ကိုယ်ပိုင်ဆေးဆိုင်များ ဖွင့်လှစ်၍ ဆေးကုသ အစိုးရဖွင့်လှစ်သော တိုင်းရင်းမြန်မာဆေးခန်း မရှိသေးပါ။

## အခြားလူမှုရေးလုပ်ငန်းများ

**၁။ <u>လူမှုဝန်ထမ်းဦးစီးဌာန</u>**

ယခင်က ရခိုင်တိုင်းတွင် စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်ဟု ခရိုင်သုံးခုရှိရာတွင် လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်စေရန် စစ်တွေမြို့တွင် တိုင်းလူမှုဝန်ထမ်းအရာရှိ ရုံးစိုက်စေ၍ တိုင်းတစ်ခုလုံးအတွက် လူမှုဝန်ထမ်းလုပ်ငန်းတာဝန်များကို ဆောင်ရွက်စေခဲ့ပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် လူမှုဝန်ထမ်းလုပ်ငန်းများကို ဖိဖိစီးစီးလုပ်နိုင်ရန် ကျောက်ဖြူမြို့ကို လူမှုဝန်ထမ်းရုံးစိုက်ရာဒေသအဖြစ် လူမှုဝန်ထမ်းဝန်ကြီးဌာန၏ ၁၆-၃-၇၁ နေ့စွဲပါစာအမှတ်၊ ၈၂၁/၂၂၁/ ရေး-၁/ဖြင့် ကြေငြာခဲ့ပါသည်။ ၎င်းနောက် ၁၀-၅-၇၁ နေ့တွင် လူမှုဝန်ထမ်းအရာရှိ (အငယ်တန်း)ဦးဟန်ညွန့်သည် ကျောက်ဖြူမြို့၌ လူမှုဝန်ထမ်းတာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည်မှစ၍ ကျောက်ဖြူမြို့ လူမှုဝန်ထမ်း မြို့နယ်ဦးစီးမှူးရုံးကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျောက်ဖြူမြို့ လူမှုဝန်ထမ်းမြို့နယ်ဦးစီးမှူးသည် ယခင်က ကျောက်ဖြူခရိုင်ရှိ (၅)မြို့နယ်နှင့် သံတွဲခရိုင်ရှိ သုံးမြို့နယ် စုစုပေါင်း ရှစ်မြို့နယ်ကို တာဝန်ယူ၍ လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်ရပါသည်။ ရခိုင်ပြည်နယ် ပေါ်ပေါက်လာပြီးနောက် ရခိုင်ပြည်နယ် လူမှုဝန်ထမ်း ဦးစီးမှူးရုံး၏ ၂၃-၂-၇၂ နေ့စွဲပါစာအမှတ် ၇၉/၈၁/၀၁၃ဦး-၁/၇၈ဖြင့် မြို့နယ်လူမှုဝန်ထမ်း ဦးစီးမှူးရုံးကို လက်ထောက်ပြည်နယ် လူမှုဝန်ထမ်း ဦးစီးမှူးရုံး ရခိုင်ပြည်နယ်-ကျောက်ဖြူမြို့ဟူ၍လည်းကောင်း၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးမှူးအား လက်ထောက်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးဟူ၍လည်းကောင်း၊ ပြောင်းလဲခေါ်တွင်စေခဲ့ပါသည်။ ဤရုံးသည် အထက်ဖော်ပြပါ ရှစ်မြို့နယ်၏ လူမှုဝန်ထမ်းဌာနဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်များ၏ ပါတီကောင်စီ ဌာနဆိုင်ရာများ၏ အကူအညီကို ရယူလျှက် ဆောင်ရွက်နေပါသည်။

**၁။ <u>ဝန်ထမ်းအင်အား</u>**

လက်ထောက်ပြည်နယ် လူမှုဝန်ထမ်းဦးစီးမှူးတစ်ဦး၊ ရုံးစောင့်တစ်ဦးဖြင့် ဆောင်ရွက်လာခဲ့ရာ ယခုအခါ လူမှုဝန်ထမ်းဦးစီးဌာနမှ အောက်တန်းစာရေးတစ်ဦး ခန့်ထားရန် ခွင့်ပြုချက်ပေးထားသဖြင့် ဖွဲ့စည်းပုံအင်အားမှာ (၃)ဦးဖြစ်ပါသည်။ (အောက်တန်းစာရေး မခန့်ရသေးပါ)

**၂။ <u>နေ့စေလေးထိန်းဌာန</u>**

မရှိပါ။

**၃။ <u>ကိုယ်ထူကိုယ်ထ မူလတန်းကြိုကျောင်း</u>**

ကျောက်ဖြူမြို့တွင် ကိုယ်ထူကိုယ်ထ မူလတန်းကြိုကျောင်းကို ၂၉-၁၀-၇၂ နေ့ကပင် ကိုယ်ထူကိုယ်ထနည်းဖြင့် ဖွင့်လှစ်ခဲ့ပါသည်။ ပျမ်းမျှကျောင်းသားဦးရေမှာ ၇၀ ခန့်ရှိပါသည်။ ဝန်ထမ်းအင်အားမှာ တာဝန်ခံဆရာမတစ်ဦး၊ စာသင်ဆရာမ(၂)ဦး၊ သန့်ရှင်းရေး(၁)ဦး၊ လုပ်သားအကူတဦး၊ အစောင့်တစ်ဦး၊ ပေါင်း(၆)ဦးဖြစ်ပါသည်။ လူမှုဝန်ထမ်းဌာနမှ ဝန်ထမ်းအင်အား ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ သင်တန်းများပေးခဲ့ပါသည်။ (၁၉၇၃)ခု အောက်တိုဘာလမှစ၍၊ လူမှုဝန်ထမ်းဌာနသင်တန်းမှ တာဝန်ခံဆရာမတစ်ဦးနှင့် စာသင်ဆရာမတစ်ဦးတို့အတွက် လစဉ်

ထောက်ပံ့ကြေးများကို ပေးလျှက်ရှိပါသည်။ ထို့အပြင် ခလေးစားသောက်ရန် နို့မှုန့်ထောပတ် စသည်များနှင့် အသုံးအဆောင်ပစ္စည်းများ ကစားစရာပစ္စည်းများကိုလည်း ထောက်ပံ့ခဲ့ပါသည်။ လူမှုဝန်ထမ်းဌာန၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျောက်ဖြူမြို့နယ် ပါတီကောင်စီတို့၏ ဦးဆောင်ကြီးကြပ်မှုတို့ဖြင့် ကော်မတီဖွဲ့၍ စနစ်တကျ ထိန်းသိမ်းကွတ်ကဲထားပါသည်။

မှတ်ချက်။ ဤရုံး၏ကြီးကြပ်ဆောင်ရွက်နေရာဖြစ်သော၊ သံတွဲမြို့၊ တောင်ကုတ်မြို့၊ ဂွမြို့နှင့် ရမ်းဗြဲမြို့တို့တွင်လည်း အလားတူ ကိုယ်ထူကိုယ်ထ မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါသည်။ ကျန်မြို့နယ်များတွင်လည်း ဖွင့်လှစ်ရန် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

**ပရဟိတဂေဟာ**

ကျောက်ဖြူမြို့နယ် ပရဟိတဂေဟာတစ်ခုဖွင့်လှစ်ရန်အတွက် (၁၉၆၇)ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့ကြပါသည်။ ရန်ကုန်မြို့ ပရဟိတကျားကျောင်း ဆရာတော်မှ ထောက်ပံ့ငွေ(၁၁၀၀၀ိ)အပါအဝင် ကျောက်ဖြူမြို့မှ အလှူငွေတို့ဖြင့် စုစုပေါင်းတန်ဘိုး (၂၀၀၀၀ိ)ခန့် အကုန်အကျခံ၍ (၂)ထပ်ကျောင်းဆောင်တစ်ခုကို စေတီတောင်ဘုရားကြီး၏ ခြေရင်းအောက်ဘက် မြေကွက်လပ်တွင် ဆောက်လုပ်၍ ပရဟိတကျောင်းဖွင့်ရန် ကြိုးပန်းဆောင်ရွက်ခဲ့ရာ ကျောင်းဆောင်မှာ ၇၅%ခန့် ပြီးစီးခဲ့ပါသည်။ ပြီးစီးသလောက်ကို ယာယီကာရံ၍ ဘုရားကြီးကျောင်းတိုက်မှ ဦးပဥ္စင်း (ဦးဝါသဝ)တာဝန်ယူကြီးကြပ်မှုဖြင့် ခလေး(၃၀)ခန့်နှင့် ဖွင့်လှစ်စောင့်ရှောက်ထားခဲ့ပါသည်။ (၁၉၇၈)ခု၊ မေလ (၁၈)ရက်နေ့တွင် တိုက်ခတ်သော လေမုန်တိုင်းဒါဏ်ကြောင့် (၂)ထပ်ကျောင်းကြီးမှာ လုံးဝပြိုလဲပျက်စီးသွားသဖြင့် ယခုတိုင် ပြန်လည်တည်ထောင်နိုင်ခြင်း မရှိသည့်အခြေအနေတွင် ရှိပါသည်။

မှတ်ချက်။ ဤရုံး၏ ကြီးကြပ်ဆောင်ရွက်ရာ နယ်မြေဖြစ်သော အမ်းမြို့တွင် ပရဟိတကျောင်းတစ်ခုကို ခိုကိုးရာမဲ့ ကျောင်းသား(၆၀)ကျော်ဖြင့် ဖွင့်လှစ်၍ ပြုစုစောင့်ရှောက်လျှက် ရှိပါသည်။ လူမှုဝန်ထမ်းဌာနမှ ဆန်နှင့် ငွေကြေးထောက်ပံ့ခြင်း ကျွမ်းကျင်မှုဆိုင်ရာ အကူအညီပေးခြင်း၊ လူမှုဝန်ထမ်းစည်းမျဉ်းနှင့်အညီ ကော်မိတီဖွဲ့၍ ကြီးကြပ်ဆောင်ရွက်လျှက် ရှိပါသည်။

**၆။ လူငယ်စောင့်ရှောက်ရေးလုပ်ငန်း**

လူငယ်စောင့်ရှောက်ရေးလုပ်ငန်းမှာ လေလွင့်အကျင့်စာရိတ္တပျက်နေသော ကလေးများနှင့် ခိုကိုးရာမဲ့ ကလေးများကို ရှာဖွေခြင်း၊ စုံစမ်းခြင်းနှင့်၊ အကျင့်စာရိတ္တပြုပြင်ပြီးသော ကလေးများကို မိဘအုပ်ထိန်းသူများဆီ ပြန်လည်အပ်နှံခြင်းတို့ကို ဆောင်ရွက်ခြင်းဟူ၍ (၂)ပိုင်းပါသည်။ ကျောက်ဖြူမြို့နယ်တွင် သက်ငယ်ဆိုးသွမ်းမှု၊ ခိုကိုးရာမဲ့မှုတို့မှာ ပြောပလောက်အောင် မတွေ့ရှိရပေ။

သို့ရာတွင် ကျောက်ဖြူမြို့မှ အမျိုးသမီးတစ်ဦးအား လူမှုဝန်ထမ်းဌာနသို့ ပို့၍ ထိန်းသိမ်းပြုပြင်ခြင်း၊ လေလွင့်ပျက်စီးနေသူ အမျိုးသမီး ၂ဦးအား လူမှုဝန်ထမ်းဌာန အမျိုးသမီးရိပ်သာသို့ ပို့၍ကောင်းမွန်ပြီး မိဘများထံပြန်အပ်ရန် အတွက် စနဲကျေးရွာအုပ်စုမှ အမျိုးသားနှစ်ဦးအား ၎င်းတို့၏ မိဘများနှင့် ဆက်သွယ်၍ ပြန်လည်အပ်နှံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

**မှတ်ချက်။** (ဤရုံး၏ကြီးကြပ်ဆောင်ရွက်ရာနယ်မြေဖြစ်သော သံတွဲမှ အကျင့်ပျက်မိန်းကလေး(၃)ဦး၊ ခိုကိုးရာမဲ့ မိန်းကလေး(၁)ဦး၊ အကျင့်ပျက်ယောကျ်ားလေး(၃)ဦးတို့အား လူမှုဝန်ထမ်းဌာနသို့ပို့၍ ထိန်းသိမ်းပြုပြင်ခဲ့ပါသည်။ တောင်ကုတ်မြို့နယ်မှ ယောကျ်ားလေး(၂)ဦးကို အကျင့်စာရိတ္တပြုပြင်ရေးကျောင်းသို့ ပို့ရန်စီစဉ်ခဲ့ပါသည်။ မာန်အောင်မြို့နယ်မှ အကျင့်စာရိတ္တပြုပြင်ထားသည့် ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းမှ လူငယ်တစ်ဦးအား မိဘတို့နှင့် ဆက်သွယ်၍ ပြန်လည်အပ်နှံရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။)

ကြိုတင်ကာကွယ်ရေးလုပ်ငန်းအနေဖြင့် လူငယ်များ အားလပ်ချိန်ကို တန်ဘိုးရှိစွာ အသုံးချနိုင်ရန်အတွက် လူငယ်ရိပ်သာများကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ သို့ရာတွင် လူငယ်ရိပ်သာများမှာ အားကစားနှင့် သက်ဆိုင်သော ပစ္စည်းများ ခက်ခဲခြင်း၊ ကြီးကြပ်မှုအပြည့်အဝ မပေးနိုင်မှုတို့ကြောင့် ရှင်သန်ဖွံ့ဖြိုးမှု နည်းပါးခဲ့ရသည်။ မြို့နယ်ပါတီ၊ ကောင်စီတို့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သော လူငယ်ရိပ်သာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ဖွင့်လှစ်နေရာ | ဖွင့်သည့်နေ့ | အဖွဲ့ဝင်ပေါင်း |
|---|---|---|---|
| ၁ | ကျောက်ဖြူပါတီယူနစ်ရုံး | ၂၁/၇/၇၀ | ၁၄၁ |
| ၂ | အရှေ့ကပိုင်းရပ်ကွက်ပကဝရုံး | ၂၁/၁/၇၃ | ၅၅ |
| ၃ | စနဲကျေးရွာစာကြည့်တိုက် | ၂၆/၁/၇၃ | ၆၆ |
| ၄ | အရှေ့ကပန်းတောပြင်ကျေးရာ | ၃/၁၂/၇၃ | ၄၄ |
| ၅ | ကညင်တော | ၉/၁/၇၄ | ၅၀ |
| ၆ | မင်းတက်တောင် | ၈/၁၀/၇၄ | ၇၂ |
| ၇ | ဂုံး | ၄/၄/၇၇ | ၇၉ |

အကြောင်းအမျိုးမျိုးကြောင့် စာမသင်နိုင်သောကလေးများ၊ မူလတန်းပညာသင်ကြားနိုင်ရန်အတွက် ကျောက်သင်ပုန်း၊ ကျောက်တန်၊ စာအုပ်၊ မြေဖြူ စသည့်ကျောင်းသုံးပစ္စည်းများ ထောက်ပံ့၍ စေတနာမူလတန်းကျောင်းတစ်ခုကို သိုင်းချောင်းကျေးရွာအုပ်စု၊ ပြားကျွိန်ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်သင်ကြားခဲ့ရာ အောင်မြင်မှုရရှိ၍ ယခုအခါ အစိုးရမူလတန်းကျောင်း ဖြစ်သွားပြီးဖြစ်ပါသည်။

မှတ်ချက်။ ဤရုံး၏ ကြီးကြပ်ဆောင်ရွက်ရာနယ်မြေဖြစ်သော မြို့နယ်(၈)ခုလုံးတွင် လူငယ်ရိတ်သာများ ဖွင့်လှစ်ခဲ့ကြပါသည်။ ရမ်းဗြဲမြို့နယ်တွင် စေတနာမူလတန်းကျောင်း(၃)ကျောင်း ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

### ၇။ ဘိုးဘွားရိပ်သာများ

### ၈။ ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေး။

လေဘေး၊ ရေဘေးဒဏ်ကို ခံကြရသော လေမုန်တိုင်းဒုက္ခသည်များအား လူမှုဝန်ထမ်းဝန်ကြီးဌာန ကိုယ်စား မြို့နယ်ပြည်သူ့ကောင်စီမှ တိုက်ရိုက်တာဝန်ယူ၍ (၁၉၆၇)ခုနှစ်နှင့် (၁၉၇၈)ခုနှစ်များ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

### ၉။ ပညာရေးသင်တန်းများ

လူမှုရေးပြဿနာ မပေါ်ပေါက်ရအောင်အတွက် ရပ်ကွက်လူမှုရေးသင်တန်းများ၊ ကျေးလက်လူမှုဝန်ထမ်းသင်တန်းများ၊ အမျိုးသမီး အိမ်တွင်းမှုသင်တန်းများနှင့် နေ့ခလေးထိန်းဆရာမ သင်တန်းများကို ဖွင့်လှစ်ခဲ့ပါသည်။ ကျောက်ဖြူမြို့နယ်အတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများမှာ ကျေးလက်လူမှုဝန်ထမ်းသင်တန်းကို အောက်ပါကျေးရွာများတွင် ဖွင့်လှစ်ခဲ့ပါသည်။

| | | |
|---|---|---|
| ၁ | စနဲကျေးရွာအုပ်စု | ၁၉၇၁ ခု |
| ၂ | အုန်းတော်ကျေးရွာအုပ်စု | ၁၉၇၁ ခု |
| ၃ | ဇင်ချောင်းကျေးရွာအုပ်စု | ၁၉၇၁ ခု |
| ၄ | ကအိုင်ချောင်းကျေးရွာအုပ်စု | ၁၉၇၄ ခု |
| ၅ | သိုင်းချောင်းကျေးရွာအုပ်စု (ပြားကျွိန်ကျေးရွာ) | ၁၉၇၄ ခု |
| ၆ | ကလန့်တဲအုပ်စု(မူရှင်းကျေးရွာ) | ၁၉၇၅ ခု |

| | | |
|---|---|---|
| ၇ | ဒုံးချိန်းကျေးရွာအုပ်စု(ဒုံချိန်းရွာ) | ၁၉၇၆ ခု |
| ၈ | ငန်းကျွန်းအုပ်စုကျေးငူရွာ | ၁၉၇၈ ခု |
| ၉ | ရွှေညိုမအုပ်စုလွန်ချောင်းရွာ | ၁၉၇၈ ခု |
| ၁၀ | လိပ်ကွဲမော်အုပ်စု စုမလွကျွန်းရွာ | ၁၉၇၈ ခု |
| ၁၁ | မင်းပြင်အုပ်စု မင်းပြင်ရွာ | ၁၉၈၀ ခု |
| ၁၂ | ရတနအုပ်စုမြုံပြင်ရွာ | ၁၉၈၁ ခု |

### အမျိုးသမီးအိမ်တွင်းမှုသင်တန်း

| | | | |
|---|---|---|---|
| ၁။ | ကျောက်ဖြူမြို့ | (ခလရ-၃၄) | ၁၉၇၁ ခု |
| ၂။ | စနဲ | | ၁၉၇၄ ခု |
| ၃။ | ကျောက်ဖြူမြို့မ | (စာကြည့်တိုက်နှင့် ပြတိုက်) | ၁၉၇၄ ခု |
| ၄။ | ကျောက်ဖြူမြို့မ | (စာကြည့်တိုက်နှင့် ပြတိုက်) | ၁၉၇၅ ခု |
| ၅။ | ကျောက်ဖြူမြို့ | (စာကြည့်တိုက်နှင့် ပြတိုက်) | ၁၉၇၆ ခု |
| ၆။ | ကျောက်ဖြူမြို့ | အလက-၂ | ၁၉၇၇ ခု |
| ၇။ | ကျောက်ဖြူမြို့မ | အလက-၂ | ၁၉၇၈ ခု |
| ၈။ | ကျောက်ဖြူမြို့မ | အလက-၂ | ၁၉၇၉ ခု |
| ၉။ | ကျောက်ဖြူမြို့မ | အလက-၂ | ၁၉၈၀ ခု |

### နေ့ကလေးထိန်းဆရာမသင်တန်း

| | | | |
|---|---|---|---|
| ၁။ | ကျောက်ဖြူမြို့မ | ပါတီယူနစ်ရုံးခန်းမ | ၁၉၇၀ ခု |
| ၂။ | ကျောက်ဖြူမြို့မ | စာကြည့်တိုက်နှင့်ပြတိုက် | ၁၉၇၆ ခု |

### ရပ်ကွက်လူမှုရေးသင်တန်း

| | | | |
|---|---|---|---|
| ၁။ | ကျောက်ဖြူမြို့မ | စာကြည့်တိုက်နှင့်ပြတိုက် | ၁၉၇၄ ခု |
| ၂။ | ကျောက်ဖြူမြို့မ | အလက-၂ | ၁၉၇၅ ခု |
| ၃။ | ကျောက်ဖြူမြို့မ | အလက-၃ | ၁၉၇၆ ခု |
| ၄။ | ကျောက်ဖြူမြို့မ | အလက-၃ | ၁၉၇၈ ခု |

**၂။ အလုပ်သမားရေးရာ**

၁၉၆၂ ခုနှစ်မတိုင်မှီ အလုပ်သမားအခြေအနေ။

၁၉၆၂-ခုမတိုင်မီ ကျောက်ဖြူမြို့နယ် အလုပ်သမားများ အခြေအနေမှာ စည်းလုံးစုစည်းမှုမရှိဘဲ ရှိခဲ့ကြပါသည်။

အလုပ်သမားထဲတွင် ကာဆ်တန်အလုပ်သမား၊ ဗတလစအလုပ်သမား၊ စသည်ဖြင့် ရှိခဲ့ပြီး ရခိုင်ခွင့်များကို ပြည့်စုံစွာ မရှိခဲ့ကြသည်ကို တွေ့ရပါသည်။

**၁၉၆၂ ခုနှစ်နောက်ပိုင်းအခြေအနေ**

၁၉၆၂-ခု နောက်ပိုင်းတွင် ယခင်ရှိနေသော အလုပ်သမားများ စုစည်းညီညွတ်ကြစေရန် ဆိပ်ကမ်းအလုပ်

သမားဟု ဖွဲ့စည်းပြီး၊ အလုပ်သမားများကို အရေးပေးလာခဲ့ပါသည်။

၁၉၆၄ ခုနှစ် ချောက်အလုပ်သမားနေ့ အခမ်းအနားသို့ ကျောက်ဖြူမြို့နယ်မှ အလုပ်သမား (၆)ဦးစေလွှတ်ခဲ့ပါသည်။ ထိုအထဲတွင် ခရိုင်ဝန် ဦးဘစိန်က အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်ပြီး ဦးရွှေအောင်က ဝန်ထမ်းကိုယ်စားလှယ်အဖြစ်လည်းကောင်း ဆိပ်ကမ်းအလုပ်သမားများအထဲမှ ဦးစိန်အောင်နှင့် ဦးအောင်ဘ၊ စပါးစက်အလုပ်သမားများအထဲ ဦးခင်မောင်ရင်နှင့် နောက်တစ်ဦးတို့ ပါဝင်ခဲ့ပါသည်။

အစည်းအဝေးညီလာခံမှ ပြန်လာကြသောအခါ အတွေ့အကြုံများကို ခရိုင်ဝန် ဦးဘစိန်နှင့် ဦးရွှေအောင်တို့က ရှင်းလင်းခဲ့ကြပါသည်။ ယင်းသို့အလုပ်သမားများ၏ကဏ္ဍကို မြှင့်တင်ပေးရုံမက အလုပ်သမားများ၏ ရပိုင်ခွင့်များကိုပါ ဆောင်ရွက်ပေးလာမှုကြောင့် စည်းရုံးမှုတိုးတက်လာခဲ့ပါသည်။ ၁၉၆၇ ခု စက်တင်ဘာလတွင် အလုပ်သမားကောင်စီ အဆင့်ဆင့်ကို စတင်ဖွဲ့စည်းပြီး မြို့နယ်အလုပ်သမားကောင်စီကို (၁၉၆၇)ခု မတ်လ(၆)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

ထိုသို့ဖွဲ့ခြင်းဆိုင်ရာ စာရင်းဇယားအရ ကျောက်ဖြူမြို့နယ်တွင်

| | | | |
|---|---|---|---|
| အလုပ်သမားပေါင်း | (၃၇၉၆) | -ဦး | |
| အခြေခံဌာနပေါင်း | (၁၃) | -ဦး | |
| ဌာနခွဲပေါင်း | (၆၁)၊ | ၊ | ဌာနကိုယ်စားလှယ်ပေါင်း(၁၆၇) |
| တော်လှန်ရေးအစိုးရခန့် | (၈၇) | | |
| အခြေခံကောင်စီဝင်ပေါင်း | (၂၈) | | |
| မြို့နယ်တော်လှန်ရေးကောင်စီခန့် | (၁၄) | | |
| မြို့နယ်အလုပ်သမားကောင်စီဝင်ပေါင်း | (၄၂) | | |
| ဗဟိုအလုပ်သမားကောင်စီဝင် | (၁) | -ဦး | |

စတင်ဖွဲ့စည်းစဉ်က အလုပ်သမားကောင်စီဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးတင်မြင့်ဖြစ်ပြီး အလုပ်သမားကောင်စီဝင်မှာ ဦးရွှေအောင်ဖြစ်ပါသည်။

ရပိုင်ခွင့်များနှင့်ပတ်သက်၍ ကျောက်ဖြူမြို့နယ် အလုပ်သမားအစည်းအရုံးသည် စတင်ဖွဲ့စည်းခဲ့သော (၁၉၇၇)ခု၊ ဇွန်လ(၃၀)ရက်နေ့မှ (၁၉၈၁)ခု အောက်တိုဘာလ(၁၅)ရက်အတွင်း အငြိမ်းစားရပိုင်ခွင့်(၅၇)ဦးအတွက် အခြေခံများမှ တင်ပြခဲ့ရာ မြို့နယ်အစည်းအရုံးသည် ဗဟိုဦးစီးအဖွဲ့ဌာနချုပ်နှင့် ညှိနှိုင်းပြီး (၅၆)ဦးအတွက် ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားပြဿနာနှင့် ပတ်သက်၍ လျော်ကြေးအမှု(၁၉)မှုအနက် (၁၅)မှုကို ပြေလည်အောင် ဆုံးဖြတ်အကောင်အထည် ဖော်နိုင်ခဲ့သဖြင့် သေဆုံးသူ၏ တရားဝင်ရပိုင်ခွင့်ရှိသူများသို့ ငွေကျပ် (၆၄၇၃၉)ကို ပေးနိုင်ခဲ့ပါသည်။

သူတပါးထိခိုက်မှု အာမခံကြေး ရပိုင်ခွင့်နှင့်ပတ်သက်၍ ပုလဲနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်သော ပုတ်ပြတ်အလုပ်သမားတစ်ဦး ကားပေါ်မှကျပြီး သေဆုံးခဲ့သဖြင့် ငွေ (၁၀၀၀၀)ကျပ်တစ်သောင်းတိကို ထုတ်ယူရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**အလုပ်အကိုင်ရရှိရေးအခြေအနေ**

ကျောက်ဖြူမြို့နယ် အလုပ်သမား အစည်းအရုံးကို အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်ရာ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးများရုံး၏ (၁၉၇၉)ခု မတ်လ(၃၀)ရက် နေ့စွဲ အမိန့်ကြော်ငြာစာအမှတ် ၃/၈/အလည(လ-၂)၇၉-(၁၂၄၄၁/၁၂၄၅၇)အရ

(၁၉၇၉)ခု မတ်လ(၃)ရက်နေ့စတင်၍ လုပ်ငန်းစတင်ခဲ့ပါသည်။ စတင်ခဲ့သည်မှ ယနေ့ထိ လုပ်ငန်းအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| ခုနှစ်သက္ကရာဇ် | မှတ်ပုံတင်သူ ဘွဲ့ရ | မှတ်ပုံတင် ၁၀-အောင် | ၁၀တန်းမအောင် | | ရေး/ဘတ် |
|---|---|---|---|---|---|
| | | | ကျား | မ | |
| ၁၉၇၉ | ၅၈ | ၂၆၉ | ၂၀၅ | ၁၃၁ | ၁၇၈ |
| ၁၉၈၀ | ၁၇ | ၇၇ | ၁၉၀ | ၁၂၃ | ၁၂၄ |
| ၁၉၈၁ | ၁၁ | ၃၅ | ၁၁၅ | ၂၅၃ | ၃၉၁ |
| | ၈၆ | ၃၈၁ | ၅၁၁ | ၅၀၇ | ၆၉၃ |

| | အလုပ်ရပြီး ဘွဲ့ရ | ၁၀-တန်းအောင် | ၁၀-တန်းမအောင် | ရေး/ဘတ် |
|---|---|---|---|---|
| ၁၉၇၉ | ၃ | ၂၁ | ၄၉ | |
| ၁၉၈၀ | ၁၁ | ၅၂ | ၉၃ | |
| ၁၉၈၁ | ၉ | ၂၀ | ၂၈ | |
| | ၂၃ | ၉၃ | ၁၇၀ | |

**အလုပ်သမား သက်သာချောင်ချိရေးအခြေအနေ**

ကျောက်ဖြူမြို့နယ်တွင် ကျောက်ဖြူမြို့နယ် အလုပ်သမားအစည်းအရုံးမှ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ စစ်တွေနှင့် ညှိနှိုင်း၍ ပြည်သူ့အလုပ်သမားများ၏ နေထိုင်စားသောက်မှုအဆင့်အတန်း မှန်မှန်တိုးတက်ရပိုင်ခွင့်၊ ယဉ်ကျေးမှုအဆင့်အတန်း မှန်မှန်တိုးတက်ရပိုင်ခွင့်၊ ကျန်းမာရေးသန့်ရှင်းမှုပြည့်စုံရေးနှင့် မတော်တဆထိခိုက်ဒါဏ်ရာရမှုများအတွက် သူနာပြုနိုင်ရေး အစရှိသည့် အလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ကြရန်အတွက် စည်းရုံးခဲ့ကြပြီး အလုပ်သမားများ၏ သာရေး၊ နာရေး၊ ကိစ္စရပ်များ၊ အားကစားနှင့် ကျန်းမာရေးကိစ္စရပ်များ သက်သာချောင်ချိရေး လဘက်ရည်ဆိုင်များကို ဆောင်ရွက်လုပ်ကိုင်လျှက် ရှိနေကြပါသည်။

| စဉ် | အခြေခံအမှတ် | အခြေခံအမည် |
|---|---|---|
| ၁ | ၈ | လျှပ်စစ်/မီးသတ်/အား/ကာ |
| ၂ | ၁၆ | မြို့နယ်ပြည်သူ့ကောင်စီ/မြို့နယ်စည်ပင်သာယာရေး |
| ၃ | ၁၇ | ကျန်းမာရေးဌာန |
| ၄ | ၉ | ဆောက်လုပ်ရေး |
| ၅ | ၁၅ | မြန်မာ့စီးပွားရေးဘဏ် |
| ၆ | ၁၂ | သမဝါယမဦးစီးဌာန |
| ၇ | ၂၀ | ကုန်သွယ်ရေး(၄)/၉/၁၀/ ၁၀/ ရေနံ |
| ၈ | ၂၅ | မြေစာရင်းဦးစီးဌာန/အခွန်ဦးစီး/တိ/ကူ/မိုးဇလ |
| ၉ | ၁ | ဆည်မြောင်း |
| ၁၀ | ၁၀ | မြို့နယ်တရားရုံး |
| ၁၁ | ၁၃ | စာတိုက်/ကြေးနန်း/တယ်လီဖုန်း/ဆိပ်ကမ်း/ အကောက်ခွန် |
| ၁၂ | ၂ | လယ်/ကိုင်း/ရှင်း |
| ၁၃ | ၄/၅/၆/၇ | ပညာရေးလုပ်သားများ |

**အလုပ်ခွင်စည်းကမ်း**

နှင့်ပတ်သက်၍ ကျောက်ဖြူမြို့နယ် အလုပ်သမားအစည်းအရုံးသည် အလုပ်ခွင် စည်းကမ်းကို လိုက်နာစေရေး အတွက် ပညာပေးဆွေးနွေးမှုများ ရှိနေသကဲ့သို့ အလုပ်ရှင်နှင့် အလုပ်သမားကြား နှစ်ဦးနှစ်ဘက် သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ပါသည်။

**လူမှုဖူလုံရေး**

မရှိသေးပါ။

**ကြက်ခြေနီလုပ်ငန်း**

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်တွင် ကြက်ခြေနီအသင်း ကို မြို့နယ်ကြက်ခြေနီအသင်းအဖြစ် (၁၉၇၁)ခုနှစ်မှစတင် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းအသင်း၌ ဦးစွာပထမ မြို့နယ် ကြက်ခြေနီဥက္ကဋ္ဌအဖြစ် စက်ရှင်တရားသူကြီးက တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ထိုအချိန်ကာလတွင် ကြက်ခြေနီအဖွဲ့ ဝင်များသည် ကြက်ခြေနီမောင်/မယ်များ ပေါ်ထွက်ရေးကို အခက်အခဲကြားမှ စည်းရုံးလှုံ့ဆော်ခဲ့ကြပါသည်။

၁၉၇၄-ခုနှစ်တွင် ကြက်ခြေနီဥက္ကဋ္ဌအဖြစ် မြို့နယ်ဆရာဝန်ကြီးအား ပါတီ၊ ကောင်စီ၊ ကြက်ခြေနီကော်မတီများ ၏ သဘောတူညီချက်အရ တင်မြှောက်ပြီး ကြက်ခြေနီမောင်/မယ်များအား အလယ်တန်း/အထက်တန်းကျောင်းများ မှ စည်းရုံးပြီး ရှေးဦးသူနာပြုသင်တန်း(၃)ကြိမ် ဖွင့်လှစ်လျှက် တပ်ဖွဲ့ဝင်အဖြစ် စည်းရုံးတည်ထောင်ခဲ့ပါသည်။

(၁၉၇၉)ခုနှစ်တွင် ဆရာဝန်ကြီးကပင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူပါသည်။ အနာကြီး အင်စပက်တော် ဦးထွန်းစိန် မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူပြီး (၁၉၇၉)မှ (၁၉၈၁)အထိ ရှေးဦးသူနာပြုသင်တန်း (၃)ကြိမ်ဖွင့်လှစ်လျှက် တပ်ဖွဲ့ဝင်ပေါင်း (၁၃၀)ကို စည်းရုံးနိုင်ခဲ့ပါသည်။

ကြက်ခြေနီလှုပ်ရှားမှုများကို ပျမ်းမျှတစ်နှစ်လျှင် (၆)ကြိမ်ထက်မနည်း လှုပ်ရှားပြီး ယခုထိ ရပ်တည်နေပါသည်။ အနာဂါတ်တွင် ယခုထက် ပိုမိုကျယ်ပြန့်၍ အရည်အချင်းပြည့်ဝသော လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် တာစူလျှက် ရှိကြောင်း သိရှိရပါသည်။

## မီးသတ်တပ်ဖွဲ့

**မြို့နယ်မီးသတ်လုပ်ငန်းအစန်းကဏ္ဍ**

**စတင်ဖြစ်ပေါ်လာပုံနှင့် မီးသတ်လုပ်ငန်းအခြေအနေများ**

၁၉၅၆-၅၇ခုနှစ်ခန့်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးမှ ကျောက်ဖြူမြို့ မြစ်နားတန်းရပ်ကွက် (မြူနီစီပါယ်ဈေးအနီး ကြများရောင်းသည့်နေရာရှိ၊ ကျောက်ဖြူမြို့ မီးသတ်အစည်းအရုံး စခန်းသို့ ရန်ကုန်မီးသတ် အစည်းအရုံး(ယခုအခေါ် မီးသတ်ဌာနချုပ်ရုံး)မှ မီးငြိမ်းသတ်ရန်အတွက် လက်နှိပ်ဒုံကင် မီးသတ်စက်များ ထုတ်ပေးခဲ့ပါ ကြောင်း လေ့လာသိရှိရပါသည်။ မီးသတ်လုပ်ငန်း စတင်ဖြစ်ပေါ်လာသည့် အခြေအနေဟု ဆိုရမည်ဖြစ်သည်။

**မြို့နယ်မီးဘေးကာကွယ်ဆောင်ရွက်မှု**

အဆိုပါလက်နှိပ်ဒုံကင် မီးသတ်စက်များဖြင့် ကျောက်ဖြူမြို့ပေါ်အတွင်း မီးလောင်ဖြစ်ပေါ်လာပါက မီးငြိမ်းသတ် ကြသည်ဟု လေ့လာသိရှိရပါသည်။

## အစိုးရမီးသတ်လုပ်ငန်းနှင့် အရံမီးသတ်(စေတနာ့ဝန်ထမ်း)

**အစိုးရမီးသတ်ဌာန စတင်ဖြစ်ပေါ်လာပုံ**

ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ ရခိုင်တိုင်း၊ ကျောက်ဖြူမြို့နယ်၊ အစိုးရမီးသတ်ဌာန၊ ခရိုင်မီးသတ်အရာရှိရုံးကို ကျောက်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်ရှိ ကုန်သည်ဦးအေးထွန်းပိုင် အိမ်အပေါ်ထပ်ကို ငှားရမ်းပြီး၊ ရခိုင်တိုင်း မီးတပ်ဆင် ရေးမှူး ခရိုင်မီးသတ်အရာရှိတာဝန်ကို ထမ်းဆောင်ခဲ့သူ ကိုယ်ပိုင်အမှတ် (မ/၀၀၄၁)ဦးမောင်သာဇံ(စစ်တွေ)မှ (၁၉၆၀) ခု စက်တင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရပါသည်။ ထိုစဉ်က မီးသတ်ကားများ မရှိခဲ့ပါ။ အစိုးရမီးသတ်ဝန်ထမ်း အနေဖြင့် ခရိုင်မီးသတ်အရာရှိ ဦးသာဇံ တစ်ယောက်သာရှိကြောင်း သိရှိရပါသည်။ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့များ

ဖွဲ့စည်းတည်ထောင်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တာရှည်မရပ်တည်နိုင်ခဲ့ပါ။ တနည်းအားဖြင့် ပြည်သူလူထု အားပေးကူညီမှုနည်းပါးသောကြောင့် အောင်မြင်မှုနည်းပါးသည်ဟု ဆိုရမည်ဖြစ်ပါသည်။

မီးသတ်လုပ်ငန်းများဖြစ်သော မီးဘေးကြိုတင်ကာကွယ်ရေး၊ တားဆီးရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းတို့မှာ လူထုကူညီအားပေးမှု မရရှိလျှင် ယင်းလုပ်ငန်းတွင် မီးသတ်စက်ကရိယာများ မည်မျှပင်ကောင်းမွန်စေကာမူ များစွာသော ဆုံးရှုံးမှုတို့နှင့် ရင်ဆိုင်ရမည်သာ ဖြစ်ပေသည်။ ထို့ကြောင့် ကျောက်ဖြူမြို့ မီးသတ်လုပ်ငန်းဆောင်တာများ ထိရောက် ရှင်သန်စေရန် ကျောက်ဖြူမြို့ စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့ အလုပ်အမှုဆောင် ကော်မီတီကို (၁၉၆၀)ခုနှစ် အောက်တိုဘာလတွင် ကျောက်ဖြူမြူနီစီပါယ် ကော်မီတီလူကြီးများ၏ အားပေးကူညီမှုကိုရယူပြီး မြူနီစီပါယ်ရုံး အဆောက် အဦးတွင် စတင်ဖွဲ့စည်းခဲ့ပါသည်။

(၁၉၆၂)ခုနှစ်၊ မတ်လ(၂)ရက်နေ့တွင် တော်လှန်ရေးကောင်စီမှ မြန်မာနိုင်ငံတော်အစိုးရ ပါလီမန်ကို ဖျက်သိမ်းပြီး နောက် နိုင်ငံတွင်းရှိ အသင်းအဖွဲ့အစည်းဟူသမျှကို ဖျက်စီးလိုက်သဖြင့် စေတနာ့ဝန်ထမ်း မီးသတ်အဖွဲ့အစည်းများမှာ လည်း အလိုအလျောက် ပျက်စီးသွားခဲ့ပါသည်။ သို့သော်လည်း စစ်ဘက်အာဏာပိုင်များအနေနှင့် မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို အားပေးကာ မီးသတ်ဝန်ထမ်းများကို ဦးဆောင်စေလျှက် စေတနာထက်သန်သူများ စစ်ဘက် ပြည်သူရဲတို့နှင့် မီးသတ်လုပ်ငန်းကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါသည်။

## မြို့နယ်မီးသတ်ကာကွယ်ရေးဆောင်ရွက်ချက်

မီးဘေးကာကွယ်ရေး ကိစ္စရပ်များကို ကျောက်ဖြူမြို့ပေါ်ရှိ ရပ်ကွက်(၁၀)ရပ်ကွက်အား လုပ်ငန်းစဉ်ကြီး(၆) ရပ်ကွက် ပါဝင်သည့် အချက်အလက်များဖြင့် ဆောင်ရွက်ပါသည်။ မီးဘေးကာကွယ်ရေးအတွက် ဇန်နဝါရီလတွင်၊ အစိုးရရပ်ကွက်ကိုလည်းကောင်း၊ ဖေဖော်ဝါရီလတွင် အနောက်ပိုင်းရပ်ကွက်ကိုလည်းကောင်း၊ မတ်လတွင် အရှေ့ပိုင်းရပ်ကွက်ကိုလည်းကောင်း၊ ဧပြီလတွင် အနောက်ပိုင်း ပိုက်ဆိပ်ရပ်ကွက်ကိုလည်းကောင်း၊ မေလတွင် အရှေ့ပိုင်း ပိုက်ဆိပ်ကိုလည်းကောင်း၊ ဩဂုတ်လတွင် အလယ်ပိုင်းရပ်ကွက်ကိုလည်းကောင်း၊ စက်တင်ဘာလတွင် မြစ်နားတန်း ရပ်ကွက်ကိုလည်းကောင်း၊ အောက်တိုဘာလတွင် အရာရှိရပ်ကွက်ကိုလည်းကောင်း၊ နိုဝင်ဘာလတွင် တောင်ရင်းကျေးရွာ အုပ်စုကိုလည်းကောင်း၊ ဒီဇင်ဘာလတွင် ပြင်ဖြူမော်ကျေးရွာအုပ်စုကိုလည်းကောင်း၊ စီမံကိန်းများ ချမှတ်ကာ အကောင် အထည်ဖော် ဆောင်ရွက်လျှက်ရှိပါသည်။

## အစိုးရမီးသတ်ဌာနလုပ်ငန်းနှင့် အရံမီးသတ်(စေတနာ့ဝန်ထမ်း)

ကျောက်ဖြူမြို့နယ်အနေဖြင့် အစိုးရမီးသတ်ဌာနသည် (၁၉၆၃)ခုနှစ်တွင် စတင်ပေါ်ပေါက်လာခဲ့ပါသည်။ ထိုအချိန်ကာလမှစ၍ အစိုးရမီးသတ်တပ်ဖွဲ့ဝင်အင်အားအခြေအနေကို လေ့လာပါက အလွန်အင်အားနည်းသော တပ်ဖွဲ့ တဖွဲ့ဖြစ်ကြောင်း သိရှိရပါသည်။ ယနေ့ လက်ရှိဆောင်ရွက်နေသော တပ်ဖွဲ့ဝင်အင်အားမှာ စုစုပေါင်း(၁၄)ဦးသာ ရှိပါ သည်။ ဌာနဆိုင်ရာအကြီးအကဲမှာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်သိန်း(မ/၀၆၉၇)ဖြစ်ပါသည်။ အရန်မီးသတ်တပ်ဖွဲ့ အင်အားအခြေအနေမှာ ကျောက်ဖြူမြို့ပေါ်တွင် (၁၂၀)ဦးခန့်ရှိပါသည်။

<u>မှုခင်းအခြေအနေ</u>

ကျောက်ဖြူမြို့နယ်အတွင်း (၁၉၇၈)ခုနှစ်မှ (၁၉၈၀)ခုနှစ်အထိ ဖြစ်ပွားခဲ့သော တရားဝင်အမှု(၈)မျိုးနှင့် မူးယစ်ဆေးဝါးအမှုများကို၊ အမှုမျိုးအစားအလိုက် နှစ်အလိုက် ဖော်ပြသည့် မှုခင်းအခြေအနေစာရင်းဇယားကို အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်။

ကျောက်ဖြူမြို့နယ်အတွင်းဖြစ်ပွားခဲ့သော ဇယားဝင်အမှု (၈)မျိုးနှင့်

| စဉ် | ခုနှစ် | လူသတ်မှု | ဓားပြမှု | လုယက်မှုကြီး | ရိုးရိုးလုယက်မှု | ပြန်ပေးမှု | မုဒိန်းမှု | ဖောက်ထွင်းမှု | တိရိစ္ဆာန်ခိုးမှု | ပေါင်း | မူးယစ်ဆေးဝါး | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၁၉၇၀ | ၁၆ | ၉ | ၄ | ၃ | - | ၂ | ၁ | ၃ | ၃၈ | ၄ | ၄၂ |
| ၂ | ၁၉၇၁ | ၁၆ | ၁၃ | ၈ | ၁၁ | - | ၂ | ၄ | ၄ | ၅၈ | ၄ | ၆၂ |
| ၃ | ၁၉၇၂ | ၁၄ | ၁၅ | ၇ | ၅ | - | ၅ | ၄ | ၆ | ၅၆ | ၂ | ၅၈ |
| ၄ | ၁၉၇၃ | ၁၉ | ၆ | ၄ | ၁ | - | ၃ | - | ၅ | ၃၈ | ၁၈ | ၅၆ |
| ၅ | ၁၉၇၄ | ၁၇ | ၄ | ၂ | ၁ | - | ၄ | ၈ | ၇ | ၄၃ | ၇ | ၅၀ |
| ၆ | ၁၉၇၅ | ၁၇ | ၄ | ၁ | ၂ | ၁ | ၃ | ၃ | ၁၀ | ၄၁ | ၃ | ၄၄ |
| ၇ | ၁၉၇၆ | ၂၀ | ၈ | ၈ | ၉ | ၁ | ၂ | ၈ | ၁၆ | ၇၂ | ၈ | ၈၀ |
| ၈ | ၁၉၇၇ | ၂၉ | ၅ | ၇ | ၅ | - | ၄ | ၄ | ၁၁ | ၆၅ | ၁၁ | ၇၆ |
| ၉ | ၁၉၇၈ | ၂၇ | ၁ | ၈ | - | - | ၆ | ၁ | ၂ | ၄၅ | ၃၆ | ၃၁ |
| ၁၀ | ၁၉၇၉ | ၁၁ | ၁ | - | - | - | ၃ | - | - | ၁၅ | ၉ | ၂၄ |
| ၁၁ | ၁၉၈၀ | ၁၄ | - | ၁ | - | - | ၂ | - | - | ၁၇ | ၁ | ၁၈ |
| | စုစုပေါင်း | ၂၀၀ | ၆၆ | ၅၀ | ၃၇ | ၂ | ၃၆ | ၃၃ | ၆၄ | ၄၈၈ | ၁၀၃ | ၅၄၁ |

## အားကစားနှင့် ပြေးစုန်ပစ်

**စစ်ကြိုခေတ် အားကစားလှုပ်ရှားမှု**

စစ်ကြိုခေတ်တွင် အားကစားလှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် တိုးတက်အောင် ဆောင်ရွက်ခဲ့ကြောင်း မတွေ့ရပေ။ ရခိုင်ပြည်နယ်ကို ဗြိတိသျှသိမ်းပိုက်ပြီးနောက် ဗြိတိသျှစစ်တပ်နှင့်အတူ အနောက်တိုင်း အားကစားလှုပ်ရှားမှုများဖြစ်သော ဘော်လုံး၊ ဘော်လီဘောတို့ တပါတည်းပါလာခဲ့သည်။ အထူးသဖြင့် အင်္ဂလိပ်စစ်တပ်မှ စစ်သားများသာ အားကစားကို လှုပ်ရှားကြပါသည်။ မြို့ပေါ်မှ အားကစားကို ဝါသနာပါသောသူများ စစ်တပ်ထဲတွင် သွားရောက်ကစားကြကြောင်း သိရပါသည်။

ကျောက်ဖြူမြို့နယ်သည် ခရိုင်မြို့ကြီး ဖြစ်လာသောအခါ အင်္ဂလိပ်အရေးပိုင်တို့သည် အားကစားကို ဦးစားပေးကြောင်း တွေ့ရပါသည်။ အထူးသဖြင့် ဘောလုံးအာကစားနည်းတွင် ထူးချွန်သောကျောင်းသားများကို သင့်တော်သော ရာထူးများ ခန့်ထားကြောင်း တွေ့ရပါသည်။ မြို့နယ်အတွင်းပြိုင်ပွဲများ၊ ခရိုင်လိုက်ပြိုင်ပွဲများတွင် အရေးပိုင်တို့ကိုယ်တိုင် ဦးဆောင်ကြီးကြပ်ပြိုင်ပွဲများကို အားပေးခဲ့ကြပါသည်။ ဘော်လုံးအားကစားနည်းကို အဓိကထားလှုပ်ရှားကြပါသည်။

ကိုလိုနီလက်အောက်ခံဖြစ်သောကြောင့် အရင်းရှင်စနစ်အောက်တွင် ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံကိုယ်စားပြု အဆင့်သို့ တက်ရောက်ရန် မလွယ်ကူခဲ့ပေ။ ထိုအချိန်က အားကစားသည် လူတစုအားကစားသာ ဖြစ်နေကြောင်း

တွေ့ရပါသည်။ တမျိုးသားလုံး ကြံ့ခိုင်ရေး ဦးတည်ချက်မရှိဘဲ ကိုလိုနီခေတ် အားကစားသာဖြစ်သည်။

**လွတ်လပ်ရေးရပြီး အားကစားလှုပ်ရှားမှု**

လွတ်လပ်ရေးရပြီးနောက် အားကစားကို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်လမ်းညွှန်ချက် အတိုင်း အားကစားလှုပ်ရှားမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ (၁၉၄၇)ခုနှစ် ဇွန်လ(၇)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သော ပြန်လည်ထူထောင်ရေး မိန့်ခွန်းတွင် ကာယဖွံ့ထွားရေး၊ သန့်ရှင်းကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်ရေးအတွက် စီမံကိန်းများ ထုတ်ဖော်ရမည်။ ဆရာဝန်၊ သူနာပြုဆရာမ၊ ကိုယ်လက်လှုပ်ရှားရေ/း ဆရာများ သင်တန်းဖွင့်ရန်ကိုလည်း ဆောင်ရွက်ရလိမ့်မည်လို့ မိန့်ကြားခဲ့ပါသည်။

(၁၉၅၂)ခုနှစ်မှ စတင်ပြီး အမျိုးသားကိုယ်လက် ကြံ့ခိုင်ရေးကောင်စီကို ဖွဲ့စည်းပြီး ခရိုင်ကိုယ်လက်ကြံ့ခိုင်ရေးမှူးများကို သင်တန်းပေးပြီး ခရိုင်မြို့နယ်များတွင် ခန့်ထားပါသည်။ ခရိုင်ကိုယ်လက်ကြံ့ခိုင်ရေးမှူးများသည် အားကစားလှုပ်ရှားမှုများကို ဆောင်ရွက်ပါသည်။ ကျောက်ဖြူခရိုင်တွင် ခရိုင်ကိုယ်လက်ကြံ့ခိုင်ရေးမှူး တစ်ဦးခန့်ထားပြီး ခရိုင်ကလ်အောက်ခံ မြေပုံ၊ အမ်း၊ ရမ်းဗြဲ၊ မာန်အောင်မြို့နယ်များကိုပါ ပူးတွဲတာဝန်ယူရပါသည်။

ခရိုင်လက်ရွေးစင်များကို ကျောက်ဖြူတွင် ပြိုင်ပွဲပြုလုပ်ကာ ရွေးချယ်ပြီးတိုင်း လူရွေးပွဲတွင် ယှဉ်ပြိုင်ခဲ့ကြပါသည်။

(၁၉၇၂)ခုနှစ်မှ စတင်ပြီး စနစ်သစ်အုပ်ချုပ်ရေးအရ ခရိုင်များကို ဖျက်သိမ်းလိုက်သောကြောင့် မြို့နယ်အလိုက် ပြိုင်ပွဲများကို ကျင်းပပြီးနောက် ပြည်နယ်လက်ရွေးစင်များကို ရွေးချယ်ခဲ့ကြပါသည်။ ဘော်လုံး၊ ဘော်လီဘောကိုသာ ဇုံအလိုက်၊ မြို့နယ်အလိုက် ပြိုင်ပွဲများ ကျင်းပလျှက်ရှိပါသည်။ မြို့နယ်တိုင်းတွင် အားကစားမှူးများကို ခန့်ထားကာ လူထုအားကစားလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြပါသည်။

**ကျောင်းတွင်းအားကစားနှင့် ကာယပညာ**

ကျောင်းတွင်း အားကစားလှုပ်ရှားမှုနှင့် ပတ်သက်ပြီး၊ ကျောင်းတွင်းအားကစားနှင့် ကာယပညာကော်မတီမှ ဦးဆောင်ပြီး ပြိုင်ပွဲများကို ကျင်းပခဲ့ကြပါသည်။ ကျောင်းပေါင်းစုံပြိုင်ပွဲများ၊ ပညာတံခွန်နေ့ပြိုင်ပွဲများ၊ ကျောင်းတွင်းပြိုင်ပွဲများကို ကျင်းပခဲ့ကြပါသည်။ ကျောင်းသူကျောင်းသားများ၏ ကာယအင်အား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ခဲ့ကြပါသည်။

တော်လှန်ရေးအစိုးရတက်လာပြီးနောက် ကျောင်းများတွင် ကျောင်းကောင်စီ ဖွဲ့စည်းလိုက်သောအခါ အားကစားလှုပ်ရှားမှုများ ပိုမိုတိုးတက်လာပါသည်။ ကျောင်းသားကျောင်းသူများ၏ ကာယ၊ ဉာဏ၊ စာရိတ္တတိုးတက်ဖွံ့ဖြိုးရေးအတွက် ကျောင်းကောင်စီမှ ဦးဆောင်လှုပ်ရှားမှု ပြုလုပ်ခဲ့ကြပါသည်။

(၁၉၆၅)ခုမှ စတင်ပြီး ကျောင်းသားပွဲတော် အားကစားပြိုင်ပွဲကို စတင်ကျင်းပခဲ့ခြင်းကြောင့် အားကစားလှုပ်ရှားမှုအချိန်အဟုန်သည် ပိုမိုကျယ်ပြန့်လာပါသည်။ ရန်ကုန်တွင်ကျင်းပမည့် ကျောင်းသားပွဲတော်အတွက် အခြေခံအဆင့်မှ စတင်ပြီး ကျောင်းတွင်းပြိုင်ပွဲ၊ လူရွေးပွဲ၊ ကျောင်းအလိုက်ပြိုင်ပွဲ လူရွေးပွဲတို့ကို ကျင်းပပြုလုပ်ခဲ့ကြပါသည်။ မြို့နယ်အလိုက်ပြိုင်ပွဲ၊ ဇုံအလိုက်ပြိုင်ပွဲတို့ကို ကျင်းပပြီး တိုင်းလက်ရွေးစင်အဖြစ် ရွေးချယ်ကြပါသည်။ ကျောင်းသား ကျောင်းသူများ၏ ကာယဉာဏ၊ စာရိတ္တ ဖွံ့ဖြိုးပြီး အတွေ့အကြုံ ဗဟုသုတရရှိကာ တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မြဲစေခဲ့ပါသည်။

ကျောင်းသားပွဲတော် အားကစားပြိုင်ပွဲကြီးကို ၁၉၆၅-၆၆-၆၈-၇၀ ခုနှစ်တို့တွင် ကျင်းပပြုလုပ်ခဲ့သောကြောင့် တိုင်းပြည်အတွက် အားကစားလူရည်ချွန်များကို မွေးထုတ်ပေးခဲ့ပါသည်။ တိုင်းရင်းသားများ၏ သွေးစည်းညီညွတ်ရေးသည်လည်း ပိုမိုရှင်သန်တိုးပွားလာခဲ့ရပါသည်။ ကျောင်းသားပွဲတော် ကျင်းပခဲ့သော နှစ်များတွင် တိုင်းလူရွေးပွဲကို ခရိုင်အလိုက်ပြိုင်ပွဲ ပြုလုပ်ပြီး ရွေးချယ်ခဲ့ပါသည်။ ကျောက်ဖြူခရိုင်အနေဖြင့် ဘော်လုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ကြက်တောင်တို့တွင် ဒိုင်းဆုကြီးများကို ရရှိခဲ့ပြီး ကျောက်ဖြူမြို့နယ်မှ လက်ရွေးစင်များ အများဆုံး ရွေးချယ်ခံရပြီး၊ ရန်ကုန်တွင်လည်း ဆုတံဆိပ်များကို ရရှိခဲ့ပါသည်။

(၁၉၇၀) ခုနှစ်မှစ၍ ကျောင်းသားပွဲတော် အားကစားပြိုင်ပွဲကို မကျင်းပခဲ့ခြင်းကြောင့် ကျောင်းတွင်းအားကစားလှုပ်ရှားမှု အရှန်အဟုန်သည် ရပ်တန့်သွားခဲ့ပါသည်။ ထို့အတူ ကျောင်းသူကျောင်းသားများ၏ အားကစားလိုက်စားမှုသည် ရပ်တန့်သွားခဲ့ပါသည်။ ကျောင်းသားပွဲတော် အားကစားပြိုင်ပွဲ ရန်ကုန်တွင် ပြိုင်ပွဲမရှိသောကြောင့် ကျောင်းသားများ

အားကစားကို လိုက်စားမှုနည်းပါးလာပါသည်။ နိုင်ငံအတွက် အားကစားလူရည်ချွန် ပေါ်ထွက်မှုနည်းပါးခဲ့ရပါသည်။

ကျောင်းသားပွဲတော် အားကစားပြိုင်ပွဲကို (၁၉၇၉)ခုနှစ်မှစတင်၍ ကျင်းပခဲ့ခြင်းကြောင့်၊ ကျောင်းတွင်းအားကစား လှုပ်ရှားမှုအရှိန်အဟုန်သည် ပြန်လည်၍ အသက်ဝင်လာခဲ့ပါသည်။ ကျောင်းသားကျောင်းသူများ အားကစားကို ပြန်လည် လိုက်စားလာကြပြီး ကျောင်းတွင်းအားကစားလှုပ်ရှားမှုသည်လည်း တိုးတက်လာခဲ့ပါသည်။

## မြို့နယ်အဆင့် ပြေးခုန်ပစ်နှင့် အားကစားလှုပ်ရှားမှု

ကျောက်ဖြူမြို့နယ်အနေဖြင့် ပြေးခုန်ပစ် အားကစားနည်းသည် အတိုးတက်ဆုံးသော အားကစားနည်းဖြစ်ပါသည်။ ကျင်းပပြီးစီးခဲ့သော ပြည်နယ်နှင့်တိုင်းပြိုင်ပွဲများတွင် ထူးချွန်သော အားကစားသမားများ ပေါ်ထွက်ခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်း စံချိန်၊ မြန်မာ့စံချိန်ကိုပါ ချိုးခဲ့ကြပါသည်။ အားကစားသမား အဆင့်အတန်းမှီ တိုးတက်လာရေးအတွက် အထောက်အကူသည် အလွန်ပင်အရေးကြီးပါသည်။ အားကစားသည် ကိုယ်ကာယကို အရင်းတည်ပြီး လှုပ်ရှားရသောကြောင့် အားကစားသမားများကို စည်းရုံးရာတွင် အထောက်အကူပစ္စည်းများသည် လိုအပ်နေပါသည်။

မြို့နယ်အတွင်း အားကစားလှုပ်ရှားမှုများကို မြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ ဆောင်ရွက်ခဲ့ပါသည်။ ရပ်ကွက်/ကျေးရွာအဆင့် ကျောင်းသားလူငယ်အဆင့်ပြိုင်ပွဲ၊ တိုက်နယ်အဆင့်ပြိုင်ပွဲ စသည်ဖြင့် တိုးချဲ့ကာ စည်းရုံးပြီးလေ့ကျင့်ခြင်း၊ ပြိုင်ပွဲပြုလုပ်ခြင်း၊ လက်ရွေးစင်ရွေးချယ်ခြင်းကို ပြုလုပ်ခဲ့ပါသည်။ မြို့နယ်အဆင့် ပြိုင်ပွဲများကို သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများဖြစ်သော (ဗဟိုအား/ကာ၊ ပြည်နယ်အားကာ)တို့၏ ညွှန်ကြားချက်အတိုင်း ပြိုင်ပွဲများ ကျင်းပပြုလုပ်ကာ စည်းရုံးခဲ့ပါသည်။ မြို့နယ်အဆင့်တွင် ဘောလုံး၊ ဘော်လီဘော၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ တင်းနစ်၊ ဘတ်စကက်ဘော၊ ခြင်းလုံး စသည့်အားကစားနည်းများကို အဓိကထားပြီး ပြိုင်ပွဲကျင်းပခဲ့ပါသည်။

အထက်ဖော်ပြပါ အားကစားနည်းများကို ဒီဇင်ဘာလူထုအားကစားလနှင့် ရခိုင်ပြည်နယ်နေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့များတွင် အားကစားနည်းများကို ကျင်းပပြုလုပ်ခဲ့ပါသည်။ မြို့နယ်ပေါင်းစုံ ပြိုင်ပွဲရှိသော အားကစားနည်းများကိုကြိုတင်ပြီး ပြိုင်ပွဲများ ပြုလုပ်ခဲ့ပါသည်။ လူရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်းများကို ပြုလုပ်ရန်အတွက် ရန်ပုံငွေလိုအပ်ပါသည်။ မြို့နယ်အဆင့်အားကစားလှုပ်ရှားမှုအတွက် ရန်ပုံငွေလိုအပ်ပြီး၊ ရန်ပုံငွေသည် အလွန်ပင် အရေးကြီးပါသည်။

## အားကစားနှင့် ပြေးခုန်ပစ်အောင်မြင်မှု/နိမ့်ကျမှု

အားကစားနှင့်ပြေးခုန်ပြစ်လှုပ်ရှားမှုများ၏ အောင်မြင်မှုနှင့် နိမ့်ကျမှုတို့မှာ ဒွန်တွဲလျက် ရှိနေပါသည်။ အားကစားတွင် တစ်ဦးချင်း ကြိုးစားဆောင်ရွက်ရသော အားကစားနည်းနှင့် အသင်းအဖွဲ့အလိုက် ကစားရသော အားကစားနည်းများလည်း ရှိပါသည်။ တစ်ဦးချင်းကြိုးစားပြီး လှုပ်ရှားရသော ပြေးခုန်ပစ်တွင် အောင်မြင်မှုရှိသည်ကို တွေ့ရပါသည်။ ကျောက်ဖြူမြို့နယ်အနေဖြင့် ပြေးခုန်ပစ်တွင် ထူးချွန်သော အားကစားသမားများ ပေါ်ထွက်ခဲ့ကြောင်း တွေ့ရပါသည်။ တိုင်းနှင့်ပြည်နယ် ပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိသည်သာမက နိုင်ငံအတွက် ကိုယ်စားပြုသော ကျွန်းဆွယ်ရွှေတံဆိပ်ဆုရှင်များပါ ပေါ်ထွန်းခဲ့ပါသည်။ (မခင်ပု-၁၉၆၇၊ ကျွန်းဆွယ်လှံတံပစ် တတိယ၊ ၁၉၆၉ ကျွန်းဆွယ်မီတာ ၁၀၀/၂၀၀၊ လှံတံပစ်၊ လက်ဆင့်ကမ်းတို့တွင် ရွှေတံဆိပ်လေးခုရကာ စံချိန်သစ်တင်နိုင်ခဲ့ပါသည်။)

လမ်းလျှောက်ပြိုင်ပွဲတွင် ကျော်မြင့်သည် (၁၉၇၁)ခုနှစ် (၁၉၇၃)ခုနှစ် ကျွန်းဆွယ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး (၁၉၇၃)ခုနှစ်တွင် ကီလိုမီတာ(၅၀)လမ်းလျှောက်ပြိုင်ပွဲ၌ စံချိန်သစ်တင်ကာ နိုင်ငံအတွက် ရွှေတံဆိပ်နှင့်၊ ကီလိုမီတာ(၂၀) လမ်းလျှောက်ပြိုင်ပွဲတွင် တတိယဆု ရရှိခဲ့ပါသည်။

အခြားအားကစားနည်းများတွင် ပြည်နယ်ကိုယ်စားပြု လက်ရွေးစင် အားကစားသမားများ ပေါ်ထွက်ခဲ့ပါသည်။ ဘော်လီဘောတွင် မြန်မာ့လက်ရွေးစင်၊ ပမာဏလက်ရွေးစင်အဖြစ် တစ်ဦးရွေးချယ်ခံခဲ့ရပါသည်။ နိုင်ငံအတွက် ကိုယ်စားပြု အားကစားသမားများ ပေါ်ထွက်လာခြင်း မရှိခဲ့ပါသည်။ (၁၉၅၂)ခုနှစ် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီကို ဖွဲ့စည်းပြီး အားကစားလှုပ်ရှားမှုများ ပြုလုပ်ခဲ့ရာ ယခုအားကစားဦးစီးဌာနအဖြစ် ဆောင်ရွက်နေသော (၂၉)နှစ်တာကာလအထိ ကြာမြင့်ခဲ့ပါသည်။

အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားအဖွဲ့ချုပ်များကို ဖွဲ့စည်းကာ စည်းရုံးခြင်း၊ လေ့ကျင့်ခြင်း၊ ပြိုင်ပွဲများ ပြုလုပ်ခြင်းနှင့် လက်ရွေးစင်များ ရွေးချယ်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ကျောက်ဖြူမြို့နယ်အနေဖြင့် ၂၉နှစ်တာ

ကာလအတွင်း အားကစားလှုပ်ရှားမှုများတွင် ထူးချွန်သော အားကစားသမားများ ပေါ်ထွက်မှုမှာ ပြေးခုန်ပစ်အားကစား နည်းတစ်ခုတွင်သာ နိုင်ငံအတွက် ကိုယ်စားပြုနိုင်ခဲ့ပါသည်။

အခြားအားကစားနည်းများမှာ တိုးတက်မှုမရှိဘဲ ရာသီအလိုက် ပြိုင်ပွဲပုံသဏ္ဌာန်ရှိပါသည်။

**အနာဂါတ်စီမံကိန်း**

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်ရာတွင် လုပ်သားပြည်သူတစ်ရပ်လုံး ကျန်းမာ ကြံ့ခိုင်ရန် လိုအပ်ပါသည်။ လုပ်သားပြည်သူ ကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ကျန်းမာရေး မူဝါဒတွင် ပါရှိသော လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အားကစားလုပ်ငန်းများကို အကောင်အထည်ဖော်လျှက် ရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်၏အားကစားလုပ်ငန်း တိုးတက်ရေးအတွက် အောက်ခြေအဆင့်ဖြစ်သော ရပ်ကွက်/ကျေးရွာမြို့နယ် များမှ စီမံချက်များ ရေးဆွဲကာ သက်ဆိုင်ရာ ပါတီမှ ဦးအောင်လမ်းညွှန်မှုပေးပြီး ပြည်သူ့ကောင်စီအဆင့်ဆင့်တို့မှ ကြီးကြပ်ကွတ်ကဲကာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်၍ အားကစားကို စိတ်ပါဝင်စားသူများနှင့် လှုပ်ရှားရခြင်း ဖြစ်ပါသည်။ မြို့နယ်အတွင်း အားကစားလှုပ်ရှားမှုများ ကျယ်ပြန့်စွာ လှုပ်ရှားနိုင်ရေးအတွက် လုပ်သားပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရန် လိုအပ်ပါသည်။ ရေရှည်အကျိုးစီးပွားအတွက် အားကစားလှုပ်ရှားမှုများကို ကဏ္ဍအလိုက် ခွဲခြားကာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အနာဂတ်စီမံချက်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရန်**

၁။ အားကစားလုပ်ငန်းများကို တစ်မျိုးသားလုံး လှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၂။ တစ်မျိုးသားလုံး ကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် အားကစားလှုပ်ရှားမှုအတွက် ကျေးရွာ အရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ရန်။

၃။ မြို့နယ်အတွင်း အကောင်အထည်ဖော်နိုင်မည့် အားကစားနည်းများကို ဦးစားပေးအလိုက် ဆောင်ရွက်ရန်။ (က) ဘော်လုံး (ခ) ပြေးခုန်ပစ် (ဂ) ဘော်လီဘော (ဃ) ကြက်တောင် (င) တင်းနစ် (စ) လက်ဝှေ့ (ဆ) အလေးမ

၄။ ဦးစားပေးအားကစားနည်းများ လှုပ်ရှားနိုင်ရေးအတွက် ဆပ်ကော်မတီများကို ပြန်လည်ဖွဲ့စည်းကာ ရံပုံငွေရှာဖွေ ရန် စည်းရုံးလေ့ကျင့်ကာ ပြိုင်ပွဲများ ပြုလုပ်ပြီး လက်ရွေးစဉ်များ ရွေးချယ်ရန်။

၅။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် တောရောမြို့ပါ ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားနိုင်သော စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး အစီအစဉ် အတွဲအမှတ်(၁)နှင့် (၂)တို့အား ဒီဇင်ဘာလူထုအားကစားလတွင် လှုပ်ရှားမှု ပြုလုပ်ရန်။

၆။ လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်နိုင်ရေးအတွက် ပညာရေးဌာန၊ ဆရာအတတ်သင်၊ အထက များ၊ အလကများ၊ အမကများ၊ ညှိနှိုင်းပြီး လှုပ်ရှားမှုပြုလုပ်ရန်၊ ဌာနဆိုင်ရာများ ရပ်ကွက်ကောင်စီတို့နှင့် ပူးပေါင်း ဆောင်ရွက်ရန်။

၇။ နိုင်ငံနှင့်လူမျိုးအတွက် အားကစားလူရည်ချွန်များ ပေါ်ထွက်လာရေးအတွက် အားကစားနည်းအလိုက် ဗဟိုမှ အားကစားနည်းပြများ အကူအညီဖြင့် နည်းစနစ်များကို စာတွေ့လက်တွေ့ပို့ချရန်။

၈။ အားကစားနည်းအလိုက် စည်းရုံးခြင်း၊ လေ့ကျင့်ခြင်း ပြိုင်ပွဲများ ကျင်းပပြီး လက်ရွေးစင်များကို ရွေးချယ်ရန်။

၉။ မြို့နယ်လက်ရွေးစင်များကို မြို့နယ်ပေါင်းစုံပြိုင်ပွဲအတွက် ကြိုတင်ရွေးချယ်၍ လေ့ကျင့်မှုများ ပြုလုပ်ရန်၊ ပြည်နယ် လူရွေးပွဲအတွက် အားကစားနည်းအလိုက် အားကစားသမားများကို ကြိုတင်ရွေးချယ် လေ့ကျင့်ရန်။

၁၀။ အားကစားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် လှုပ်ရှားမှုများ ပြုလုပ်ရာတွင် ရံပုံငွေသည် အဓိကဖြစ်ပါသည်။ ထို့ကြောင့် ရံပုံငွေကို အားကစားနည်းအလိုက် ကုန်ကျစရိတ်ကို လျာထားသတ်မှတ်ပြီး တနှစ်ပတ်လုံး လှုပ်ရှားမှု အတွက် ရံပုံငွေရှာဖွေရန်။

၁၁။ ထူးချွန်သော အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းများတင်ပြီး သင့်တော်သောရာထူးများတွင် ခန့်ထားနိုင် ရေးအတွက် စီစဉ်ဆောင်ရွက်ရန်။

* * *

## ၇။ လူထုပညာပေးလုပ်ငန်းများ

**စာကြည့်တိုက်နှင့်ပြတိုက်**

၁၉၅၄-၅၅ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယခုပါတီယူနစ်ရုံး၌ စာကြည့်တိုက်နှင့် ပြတိုက်ကို ဖွင့်လှစ်ပါသည်။ ဤစာကြည့်တိုက်နှင့် ပြတိုက်ဖြစ်မြောက်ရေးအတွက် ဝန်ကြီးဟောင်း ဦးဘစောမှ ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ကြီးကြပ်ရေးအဖွဲ့မှ စာဖတ်ရုံများမဟုတ်ပဲ ရှေးဟောင်းသမိုင်းဝင် ပစ္စည်းအဆောင်အယောင်များ ရရှိရေးအတွက် ဟောပြောပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးခဲ့ပါသည်။

**ဝန်ထမ်းအင်အား**

စာကြည့်တိုက်မှူးတစ်ဦး စာရေးဝန်ထမ်းနှစ်ဦး ရုံးအကူတစ်ဦး၊ ညစောင့်တစ်ဦး သန့်ရှင်းရေးတစ်ဦး စုစုပေါင်း ခြောက်ဦးရှိပါသည်။ စာကြည့်တိုက်မှူးများမှာ (၁) ဒေါ်နှင်း (၂) ဒေါ်သန်းခင် (၃) ဦးအုန်းမောင်တို့ ဖြစ်ပါသည်။

**ထားရှိသော စာအုပ်အမျိုးအစား**

အင်္ဂလိပ်စာအုပ်မျိုးစုံ အုပ်ရေ(၆၀၀၀)ကျော် မြန်မာစာအုပ်များတွင် ဗုဒ္ဓဝင်ကျမ်းစာများမှအစ သိမှတ်ဖတ်ရှုဘွယ်ရာ စာအုပ်မျိုးစုံ(၅၀၀၀)ငါးထောင်ကျော် လစဉ်ထုတ်မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ နေ့စဉ်ထုတ် အင်္ဂလိပ်မြန်မာသတင်းစာမျိုးစုံ တို့ကို ထားရှိပါသည်။

**ပြတိုက်တွင်ထားရှိသော ပစ္စည်းများ**

ရှေးဟောင်းသမိုင်းဝင် ပစ္စည်းအသုံးအဆောင်များကို လေ့လာနိုင်ရန်အတွက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရခိုင်ဒင်္ဂါးများ၊ ဝတ်စုံများ၊ ချင်းရိုးရာဝတ်စုံများ၊ ပေစာများ၊ ရှေးခေတ်ရုပ်ပွားတော်များ လင်ဘန်း၊ မြေအင်တုံ၊ သရော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ငွေစက္ကူများ၊ ငွေသားများ၊ ပိုက်ဆံအကြွေများ ပြသထားလျှက် ရှိပါသည်။

**စာကြည့်တိုက်ဦးရေ**

စာကြည့်တိုက်နှင့် ပြတိုက်သို့ လာရောက်လေ့လာသူ၊ စာဖတ်သူများကို လက်မှတ်ရေးထိုးစေသော မှတ်တမ်းအရ တစ်နေ့ပျမ်းမျှ တစ်ရာခန့်ရှိပါသည်။ စာကြည့်တိုက်ရှိ စာအုပ်များကို ရက်ပိုင်းဖြင့် ငှါးဖတ်နိုင်ရန် စာကြည့်တိုက်တွင် အသင်းသားများ မှတ်ပုံတင်စာရင်းအရ တသောင်းခန့်ရှိပါသည်။

(၁၉၇၈)ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ အဆောက်အဦးမှလွှဲ၍၊ စာကြည့်တိုက်နှင့် ပြတိုက်ဆိုင်ရာများကို ပြောင်းရွှေ့လိုက်ပါသည်။

**ရေဒီယို**

ရေဒီယိုသည် စစ်မဖြစ်မီက ကျောက်ဖြူမြို့နယ်တွင် နှစ်ခု သုံးခုမျှသာ ရှိပါသည်။ ဒုတိယကမ္ဘာစစ် ဖြစ်လာသောအခါ အရေးကြီးသော စစ်သတင်းများကို လူထုများ ဝိုင်းဝန်းနားထောင်လေ့ရှိကြသည်။ စစ်ပြီးသောအခါတွင်လည်း ရေဒီယိုပိုင်ဆိုင်သူ အလွန်နည်းပါးသဖြင့် ပြန်ကြားရေးဌာန စာကြည့်တိုက်တွင် ရေဒီယိုကို အချိန်နှင့်ဖွင့်လှစ်ပေးလေ့ရှိပါသည်။ ပြည်တော်သာစီမံကိန်းအရ ကြံ့ခိုင်ရေး ရေဒီယိုများကို သူကြီးများက ဝယ်ယူနိုင်ရန် ဖြန့်ဖြူးသောအခါမှ ရေဒီယို ပေါ်များလာလေသည်။

**ရုပ်ရှင်၊ ဇာတ်သဘင်၊ တေးသံသွင်းအဖွဲ့များ**

ကျောက်ဖြူမြို့တွင် ဒုတိယကမ္ဘာစစ်မဖြစ်မီ (၁၉၂၇)ခုနှစ်ခန့်မှစ၍ မီးလောင်ကျင်းကွင်းတွင် ယာယီရွက်ထည်ရုံဖြင့် အသံတိတ်ကားများကို ပြသခဲ့ပါသည်။ (၁၉၃၁)ခုနှစ်တွင် ဦးကျော်လှဦး ဦးစီး၍ အနောက်ပိုင်း ရပ်ကွက်တွင်လည်းကောင်း၊ ဦးညဏ်သိမ်း ဦးစီး၍ ဆီဆုံပြင်ကွင်းတွင်လည်းကောင်း၊ ယာယီရုံဖြင့် အသံတိတ် အသံထွက် ကားများကို ပြသခဲ့သည်။ စစ်ကြိုခေတ်ထိ အမြဲတမ်း ရုပ်ရှင်ရုံမရှိခဲ့ပါ။ စစ်ပြီး၍ ကျောက်ဖြူမြို့ ပြန်လည်ထူထောင်သောအခါမှ

ယခုအောင်ရုပ်ရှင်ရုံ အနောက်ဖက်နားတွင် ဓနိမိုး တက္ကသိုလ်ရုံ စတင်တည်ထောင်ခဲ့သည်။ ၎င်းပြင် ဘုရင့်ရုံကို တည်ထောင်ခဲ့ကြသည်။ (၁၉၅၈)ခုနှစ်တွင် ဦးအောင်ကြီးလှ ယခု အောင်စီနီမာရုံကို တည်ထောင်ခဲ့ပါသည်။ (၁၉၆၄)ခုနှစ် တွင် ပြည်သူပိုင်သိမ်းယူပြီး ယခုထိတိုင် ပြသလျှက်ရှိပါသည်။

ကျောက်ဖြူမြို့သည် ဇတ်သဘင်များ တည်ထောင်လျက်ရှိသော မြို့ဖြစ်ရာ ဇာတ်ဆရာကြီးများအဖြစ် ဦးချက်တောင်၊ ဦးကျော်နုဖြူ ဦးကျော်ရှိန်၊ ဦးမောင်ဖြူ ဦးမောင်ဖြူထွန်း၊ ဦးဘတူ၊ ဦးစိန်အောင်တင်တို့ ဖြစ်ကြပါသည်။

ဆရာကြီးဦးလုံး ဦးစီးသော ယဉ်ကျေးမှုတီးဝိုင်း၊ ကိုလှသောင်း ဦးစီးသော လှရိပ်မြုံတီးဝိုင်း၊ ကိုသန်းရွှေ ဦးစီးသော လှိုင်းခေတ်ပေါ်တီးဝိုင်း၊ ကိုဝင်းဖေ၏ ငြိမ်းချမ်းရေးငှက်ငယ်တီးဝိုင်း၊ ဦးကျော် **ဖတ်မရ** ဗလတေးအဖွဲ့နှင့် ရပ်ကွက်အလိုက် ကာလသားများတို့၏ အိုးစည်ဒိုးပတ်ဝိုင်းများ ရှိကြပါသည်။

တေးသံသွင်းလုပ်ငန်းများအဖြစ် ပဥ္စသိခ်ဦးဘိုးမြဦး၊ ကိုသန်းရွှေ တေးသံသွင်း၊ ကိုအောင်သန်းတေးသံသွင်းနှင့် ကိုညီတင်တေးသံသွင်းများ ရှိပါသည်။ ယခုအခါ ရေဒီယို ကက်ဆက်များ အိမ်တိုင်းနားဆင်လာကြသဖြင့် တေးသံသွင်း လုပ်ငန်းများမှာ ကက်ဆက်ခွေများကို ငှါးရမ်းကြပါသည်။ ကက်ဆက်တခွေလျှင် တနေ့တာအတွက် ၁ကျပ် ၅၀ပြားနှုန်းနှင့် ငှါးရမ်းနားဆင်နိုင်ကြပါသည်။

လူထုအပန်းဖြေရေးအဖြစ် ကျောက်ဖြူမြို့ ပင်လယ်ကမ်းစပ်နားတွင် ပန်းခြံသတ်မှတ်၍ အပန်းဖြေရန် စီမံထားရှိပါသည်။ ကျောက်ဖြူမြို့မှ ၂၆မိုင် တွင်ရှိသော ပဇင်ချောင်းရွာအနီး ပင်လယ်ကွေ့သည် ကျောက်ဖြူမြို့၏ အနောက်ဖက် ဘင်္ဂလားပင်လယ်အော်နှင့် တိုက်ရိုက်မျက်နှာမူလျက် ရှိသဖြင့် အလွန်သာယာ လှပသော ရှုခင်းရှိသည့် နေရာ ဖြစ်ပါသည်။ ဇင်ချောင်းတည်းခိုရိပ်သာသည် အဆိုပါကမ်းစပ်နှင့် ကပ်လျှက်ရှိသဖြင့် ကျောက်ဖြူ ရမ်းဗြဲ ခရီးသွားတိုင်း ၎င်းနေရာသို့ရောက်ကြရာ အနားယူအပန်းဖြေလျှက် ရှိကြပါသည်။

၎င်းပြင် ပြန်ကြားရေးဌာနမှ ပြန်ကြားရေးစာဖတ်ခန်းကို (၁၉၄၉)ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ ဖြစ်ပါသည်။ နေ့စဉ်သတင်းစာ လစဉ်ထုတ် မဂ္ဂဇင်းများကို ဖတ်ရှုနိုင်ကြသည်။ စစ်ကြိုခေတ်တွင် ဦးအောင်နက်(ယခု အငြိမ်းစား) ဦးကျော်ရင်(ယခုမြို့နယ်တရားသူကြီးအဖွဲ့ဝင်) တို့ ဦးစီးပြီး ခေတ်သစ်လူငယ် စာဖတ်အသင်းကို စတင် ထူထောင်ပြီး နဂါးနီခေတ်တွင် နဂါးနီစာဖတ်အသင်း အာရှလူငယ်စာဖတ်အသင်းတို့ကို ထူထောင်ခဲ့ပြီး ကျောက်ဖြူမြို့မှ သတင်းစာကိုယ်စားလှယ်အဖြစ် ဒေါ်အေးစောက စတင်ဆောင်ရွက်ခဲ့သည်။ စစ်ပြီးခေတ်တွင် ဒေါ်သိန်းမျှင်က သတင်းစာ ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ခဲ့ကြပါသည်။

## ယဉ်ကျေးမှု

## ယဉ်ကျေးမှုနှင့် အနုပညာ

## (က) ထင်ရှားသောဘုရားပုထိုးများ

### ကျောက်ဖြူမြို့နယ်ရှိ ထင်ရှားသောဘုရားပုထိုးများမှာ၊

**(က) ကျောက်တလုံးဘုရား**

ထိုဘုရားသည် ကျောက်ဖြူ ရမ်းဗြဲသွား ကားလမ်းပေါ်တွင် ကုမ္ပဏီဈေးရွာနှင့် ဂုံးချိန်ရွာအကြား ကျောက်ဖြူမြို့မှ သုံးမိုင်သုံးဖာလုံအကွာတွင် ကျောက်တန်းကြီးများအနေဖြင့် အရှေ့နှင့်အနောက် သွယ်တန်းပြီး ပင်လယ်နှင့်နီးကပ်စွာ တည်ရှိပါသည်။ ကောဇာသက္ကရာဇ် (၇၉၃)ခုနှစ်တွင် အမတ်ကြီးအနန္တသူရိယအမတ်နှင့် ပညာရှိ မြင်းစိုင်းမင်းသားတို့က စတင်တည်ထားကိုးကွယ်ခဲ့သည့် မင်းဘာကြီးလက်ထက်တွင် တဖန်ဆက်လက်၍ စေတီတစ်ဆူ ထပ်တည်ပြန်ခဲ့သည်။ (၁၂၄၈)ခုနှစ်တွင် ရေနံစလ်ပန်းလှ၊ ကုန်သည်ဦးအောင်လှ၊ ပညာဝန်ဦးကုလား၊ ရှေ့နေကြီးဦးစံထွန်းတို့က ဘုရားဂူပေါက်များနှင့် ရုပ်ပွားတော်များကို စတင်ပြုလုပ်ပြီး တည်ထားကိုးကွယ်ခဲ့ပါသည်။ ကျောက်တလုံးဘုရားတွင် ယခုအချိန်ထိ ဂူပေါက်ပေါင်း ၃၀ ပေါက်ရှိပါသည်။ ဘုရားစောင်းတန်းလှေကားရှေ့၌ ဘီလူးရုပ်ကြီးနှစ်ရုပ်နှင့် ယင်းနောက်ခြသေ့်ကြီးနှစ်ကောင်ရှိပါသည်။ ကျောက်တလုံးဘုရားတွင် ရပ်တော်မူ (၁၆)ဆူ၊ ထိုင်တော်မူ (၁၆၀)ဆူ၊ လျောင်းတော်မူ(၈)ဆူ၊ စုစုပေါင်း(၁၈၂)ဆူရှိပါသည်။ ဓာတ်တော်စေတီတစ်ဆူနှင့် ခြေတော်ရာခြောက်ဆူလည်း ရှိပါသည်။ ကျောက်တလုံးဘုရား ကျောက်တန်းကြီး အရှည်မှာ (၃၉၄)ပေရှိပါသည်။ ကျောက်တလုံးဘုရားပွဲတော်ကို နှစ်စဉ်နှစ်ဆန်းတစ်ရက်နေ့တွင် ကျင်းပလျက်ပင်ရှိပါသည်။

**(ခ) ဂန့်ဂေါ်တောဘုရား**

ဂန့်ဂေါ်တောဘုရားသည် ကျောက်ဖြူမြို့မှ ၅မိုင်အကွာ ဂုံးချိန်ကျေးရွာ တဘက်ရှိ ဂန့်ဂေါ်မြိုင်တွင် တည်ရှိပါသည်။ ကောဇာသက္ကရာဇ် (၁၄၇)ခုနှစ်တွင် ဂန့်ဂေါ်တောဘုရားနှင့် ပေါ်တော်မူတစ်ဆူပေါင်း နှစ်ဆူသောဘုရားတို့သည် အထက်ဖော်ပြပါ ဂန့်ဂေါ်မြိုင်တွင် သီတင်းသုံးတော်မူသဖြင့် သိမ်ဆောက်လုပ်၍ တည်ထားကိုးကွယ်ကြပါသည်။ ထိုဘုရား၏ အံ့ဖွယ်များမှာ ဘုရားပွဲတော်အတွက် ဖိတ်ကြားမထားဘဲ တစုတဝေးလာရောက်ကြည်ညိုကြခြင်း၊ ပွဲတော်အခါသမယတွင် ပိန်းပင်ဟင်း မယားဘဲ စားသုံး၍ကောင်းခြင်း၊ ခါချဉ်ကောင်များမကိုက်ခြင်း၊ တမှုတ်စာရှိ ရေတွင်းမှရေသည် သောက်သုံး၍မကုန်ခြင်း၊ ဆွမ်းနီးကပ်ရသူဟူ၍ မရှိခြင်း၊ ဘုရားအား မထိမဲ့မြင်ပြုလျှင် လေကြီးမိုးကြီးကျခြင်း၊ ဝန်းကျင်ရှိ ဂန့်ဂေါ်ပင်များသည် ဘုရားသီတင်းသုံးတော်မူရာဘက်သို့သာ ဦးညွှတ်နေကြခြင်း၊ ရေကြီးမိုးကြီးကျသော်လည်း ဘုရားရင်ပြင်ပေါ်သို့ ရေမလွှမ်းမိုးနိုင်ခြင်းတို့ ဖြစ်ကြပါသည်။ ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း နှစ်ဆန်း(၁)ရက်နေ့တွင် ကျင်းပလေ့ရှိပါသည်။ သို့နှင့် ဘုရားပွဲတော်ကို နှစ်ဆန်းဘုရားပွဲတော်ဟူ၍ ခေါ်ဝေါ်သမုတ်ကြပါသည်။

**(ဂ) စေတီတောင်ဘုရား**

စေတီတောင်ဘုရားကို ဘုရားခြေရာတော်နှင့် ဓာတ်တော်များရှိသည်ဟူသော အတိတ်နိမိတ်ကြောင့် (၁၂၉၁)ခုနှစ်၊ တန်းခူးလတွင် (ဆရာတော် ဦးတေဇဝန္တ)က တည်ထားကိုးကွယ်ခဲ့ပါသည်။ စေတီတောင်ဘုရားသည် ဥာဏ်တော်(၃၇)တောင် အမြင့်ရှိသော လျောင်းတော်မူဘုရားကြီး ဖြစ်ပါသည်။

### ၂။ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအနုပညာ

ရှေးအခါက ကျောက်ဖြူမြို့နယ်တွင် အမျိုးသားများအနေဖြင့် တောင်ရှေ၊ ထိုင်မသိမ်း၊ ခေါင်းပေါင်း(ပတ်ပေါင်း)တို့ကို ဝတ်ဆင်ကြပြီး၊ အမျိုးသမီးများမှာမူကား ပေါင်စပ်ရင်ရှားထမီ(လုံချည်)နှင့် နို့တပ်ထိုင်မသိမ်းအင်္ကျီတို့ကို ဝတ်ဆင်ကြပါသည်။ အမျိုးသားများတွင် ရောင်ထုံးထားပြီး၊ အမျိုးသမီးများတွင် ရခိုင်ဆံထုံး (၆၃)မျိုးကို ဆင်ယင်ထုံးဖွဲ့ကြပါသည်။ အမျိုးသမီးများသည် ငွေထည်စားကြိုးများကို အလှသဘောအဖြစ် ဝတ်ဆင်ကြပြီး၊ ယောကျ်ားများသည် မှင်နီမှင်မဲကွက်များကို ပေါင်တံတစ်ဖက်တစ်ချက်တွင် ဝတ်ဆင်ကြပါသည်။ လူပျိုဘော်မဝင်သေးသည့် ယောကျ်ားလေးများသည် နားကွင်း များကို ဝတ်ဆင်ကြပြီး မိန်းကလေးများတွင် ငွေ/ရွှေခြေကျင်းများ ဝတ်ဆင်ကြပါသည်။ ခေတ်သစ်ကာလတွင်

အမျိုးသား ရော အမျိုးသမီးပါ သမရိုးကျ မိမိကြိုက်နှစ်သက်သကဲ့သို့ ဝတ်ဆင်ကြပြီး တရားပွဲပြုလုပ်သော အခမ်းအနားများတွင် ရခိုင်ရိုးရာဝတ်စုံများကို ဝတ်ဆင်ကြပါသည်။ ကျောက်ဖြူမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသူများမှာ ရမ်းဗြဲစကားကို ပြောဆိုကြပြီး မြန်မာပြက္ခဒိန်ကို အသုံးပြု၍ မြန်မာ့ဗေဒင်ပညာ နှစ်သစ်ကူးကို အသုံးပြုကြပါသည်။

ကျောက်ဖြူမြို့နယ်တွင် ရှေးခေတ်က သမက်တက်ရာ၌ နေ့သား၊ နံသားရွေးချယ်ခြင်း၊ မင်္ဂလာအခါရွေးချယ်ခြင်း တို့ကို ပြုလုပ်ကြပါသည်။ သမက်တက်သည့်အခါ သတိုးသားကို နေ့သင့်နံသင့် လူပျိုရံနှစ်ဦး ခြံရံလျက် ကြက်သရေရှိသော ငွေဓားများကို ကိုင်ဆောင်စေပြီး သတိုးသမီးရှိရာနေအိမ်သို့ စည်ကားသိုက်မြိုက်စွာ ပို့ဆောင်ပေးရပါသည်။ ပို့ဆောင်ရာ လမ်းတစ်လျှောက်တွင် မင်္ဂလာရှိသော ရွှေကြိုး/ငွေကြိုးများဖြင့် ဆီးတား၍ သာယာပျော်ရွှင်မှု ပြည့်ဝစေရေးအတွက် မင်္ဂလာလမ်းဆီးကူးတို့ ပေးကမ်းကြရပါသည်။ သတိုးသမီးတွင်လည်း နေ့သင့်နံသင့် အပျိုရံများ ခြံရံလျှက်သာနေရပါသည်။ နှစ်ဘက်မိဘများက လက်ထပ်ပေးပြီးနောက် ထမင်းလက်ဆုံစားကြရပါသည်။ လက်ထပ်ပြီးနောက် သတိုးသမီး ရပ်ခံရွာခံ လူပျိုကာလသားများက အိမ်ကိုခဲပေါက်၍ ရွာဝင်ခ(ခဲဘိုး)တောင်းကြပါသည်။ ရွာဝင်ခကို တစ်ရပ်တည်းသားဆိုလျှင် သတ်မှတ်နှုန်းထားကို ပေးကြရပြီး၊ အခြားတစ်ရပ်တည်းသားချင်းဆိုလျှင် စီးပွားရေးတောင့်တင်းမှုအပေါ်တွင် အခြေခံပြီး တောင်းဆိုပေးကမ်းကြရပါသည်။ စစ်ပြီးခေတ်တွင် သမက်တက်ရာ၌ သတိုးသား သတိုးသမီး တနေ့တည်းတွင် စုပေါင်း ဧည့်ခံသည့် သဘောမျိုးဖြင့်သာ ပြုလုပ်လျက်ရှိကြသည်။ တချို့မှာလည်း ရုံးများတွင် သွားရောက်ကာ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးခြင်းများကို ပြုလုပ်ကြပါသည်။

ရှေးခေတ်အခါက ကျောက်ဖြူမြို့နယ်တွင် ရှင်ပြုပုံ ရှင်ပြုနည်း(၂)မျိုး (၂)စားရှိပါသည်။ ငွေကြေးတတ်နိုင်သူများ က အိမ်တွင်မဏ္ဍာပ်မိုး၍ မဏ္ဍာပ်ဝင် ရှင်ပြုခြင်းကို ပြုလုပ်ကြပြီး၊ ငွေကြေးမတတ်နိုင်သူများက ဘုန်းကြီးကျောင်းတက် ရှင်ပြုပွဲကို ပြုလုပ်ကြပါသည်။ ရှင်ပြုပွဲမတိုင်မီ တစ်လကိုးသီတင်းလောက်ကပင် ရှင်လောင်းများအား ရှင်ကျင့်ဝတ်နှင့် ဘုန်းတော်ကြီးကျောင်းများ၌ အပ်နှံထားကြရပါသည်။ မဏ္ဍာပ်ဝင်ရှင်ပြုတွင် ပထမနေ့ ရှင်လောင်းလှည့်ရာ၌ မြင်းနှင့်သော် လည်းကောင်း လူရွက်၍သော်လည်းကောင်း၊ ကားများပေါ်တွင် တင်၍သော်လည်းကောင်း၊ စက်ခန်းကားများပေါ်တွင် တင်၍သော်လည်းကောင်း၊ ရှင်လောင်းလှည့်ကြရပါသည်။ မဏ္ဍာပ်ဝင်ရှင်ပြုရာတွင် ရှင်လောင်းလှည့်ပြီး မဏ္ဍာပ်၌ပင် ဆန်ချကာ သင်္ကန်းဝတ်ပါသည်။ ကျောင်းတက်ချိန်တွင် အိမ်မှကျောင်းသို့ ရှင်လောင်းကို ခေါ်ဆောင်သွားပြီး ကျောင်းတွင် ဆန်ချ၍ ရှင်ပြုကြပါသည်။ အကျွေးအမွေးလည်း တပါတည်းပြုလုပ်ကြပါသည်။ တစ်ရက်တည်းနှင့် ပြီးစီးပါသည်။ ရှင်လောင်းဝှက်ခြင်း၊ သင်္ကန်းဝတ်ခြင်း၊ မာရ်နတ်ကပ်ခြင်း၊ အလေ့အထများ ရှိပါသည်။ ယခုအခါတွင် ကျောင်းအပ်နှံသည့် အလေ့အထများ ပြောပလောက်အောင် မရှိတော့ဘဲ ကျောင်း၌သာရှင်ပြုခြင်းကို အများအားဖြင့် ပြုလုပ်လျှက် ရှိကြပါ သည်။

ကျောက်ဖြူမြို့နယ်တွင် သားချော့တေး၊ ကျေးလက်တေး၊ ဇမ်း၊ ယိမ်း၊ ဟန်သီချင်းစသည့် **ဖတ်မရ** များ သီဆို တီးမှုတ်လျှက်ရှိကြပါသည်။ ယင်းတို့မှ စနဲအငြိမ်းစား ဆရာကြီးဦးဘိုးစော (ကွယ်လွန်)ကိုယ်တိုင် ပြုစုထားသော ကျေးလက် နှင့် သားချော့တေးများ အပိုဒ်(၁၁၈)ကျော် ရှိခဲ့ပါသည်။ ထုတ်ဖော်ပြပါလျှင် (က) <u>သားချော့တေး၊</u> "အိမ်မှာမျက်ရှု၊ လွယ်လို့မွီး၊ မငြိမ်းချစ်စု၊ သားမောင်ပု၊ သားမောင်ပုအား၊ ကျိုးရှိမွန်စွာ၊ ကြောင်းခြင်းရာကို၊ သောချာနေမှာ ကြားပါစေ"

## (ခ) ကျေးလက်တေး ။ (ပြည်သူ့နှင့်လယ်သမား)

"ရိုးတိုင်း ရိုးပြေ၊ ဇာနှင့်တေ၊ မောင်ရို့စဉ်းစားလေ၊ မောင်ချေပြည်သား၊ မှတ်လို့ထား၊ တောနယ်လယ်သမား"။

ကျောက်ဖြူမြို့နယ်တွင် ရှေးဟောင်းရိုးရာပတ်ကို အသုံးများပါသည်။ ရိုးရာနတ်ပွဲများတွင် သူမပါလျှင် မပြီးပါ။ ပတ်ကို ပါးလွှာသောသားရေတစ်ထပ်ဖြင့် ဘယ်သံညာသံဖြစ်အောင် ကျက်ရပါသည်။ ပတ်စာကို မြေနီကျောက်ဖြင့် အမြဲတမ်းပြုလုပ်ထားပါသည်။ ရှေးအခါက ခြောက်ပေါက်ပုလွေ၊ တုံးတယောတို့ဖြင့် ဇမ်းခြင်း၊ သာခြင်း၊ တို့ကို တီးမှုတ်အသုံးပြုခဲ့ကြသည်။ ယခုအခါတွင် ခေတ်ပေါ်တူရိယာများကို အသုံးပြုကြသည်။

ကျောက်ဖြူမြို့နယ်တွင် ရိုးရာအကတစ်ခု ဖြစ်သည့် ၄/စေအကလည်း ရှိပါသည်။ ယင်းအကကို စင်ပေါ်တွင် မကဘဲ မြေဝိုင်းအဖြစ်သာ ကပြကြရပါသည်။ ကပြရာတွင် လက်ဖျောက်တီး၍ ကပြကြရပါသည်။ ကွက်စိပ်နှင့်အလားတူ သော့ အကမျိုးဖြစ်ပါသည်။ ရခိုင်ရာဇဝင်သမိုင်းကို ဖော်ကြူးရုံသာမက ရခိုင်သမိုင်း၏ အနာဂတ်ဖြစ်စဉ်ကို ကြိုတင် ရည်ညွှန်းသည့် သဘောကိုလည်းဆောင်ပါသည်။ ကျောက်ဖြူမြို့နယ်တွင် အထောက်တတ်နှင့် သာချင်းတတ် အကများ

လည်း ရှိပါသည်။ အထောက်တတ်သည် ယောကျ်ားဖြစ်ပြီး၊ သာခြင်းတတ်သည် မိန်းမဖြစ်သည်။ (၁၉၆၈)ခုနှစ် ပြည်ထောင်စုပွဲ၌ နိုင်ငံတော်စင်မြင့်တွင် ကျောက်ဖြူမြို့နယ်မှ"ရထားပန်းယိုင်" ယိမ်းကို တင်ဆက်ခဲ့ပါသည်။ ပြည်ထောင်စုနေ့အကြိမ်တိုင်း ကျောက်ဖြူမြို့နယ်မှ တင်ဆက်ကပြခဲ့သော ယိမ်းများမှာ။ ပန်းအယိုင်၊ နှစ်ဆန်းဘုရားပွဲ၊ သင်္ကြန်၊ ရခိုင်ကျင်၊ ဇီသျှင်ယိမ်းများလည်း ရှိပါသည်။

- ရထားပန်းယိုင် (ရခိုင်ရိုးရာအားကစားတမျိုးကို သရုပ်ဖော်သောအက-တပို့တွဲလ)
- ပန်းအယိုင် (ကျောက်ဖြူမြို့နယ်၏ ပန်းဥယျာဉ်ကို သရုပ်ဖော်သောအက)
- နှစ်ဆန်းဘုရားပွဲ (ဂန့်ဂေါ်တောဘုရားပွဲကို ဖူးမျှော်ကြသည့် သရုပ်ဖော်သောအက)
- သင်္ကြန် (ရခိုင်သင်္ကြန်ကို သရုပ်ဖော်သောအက)
- ဇီသျှင် (အခါကြီးနေ့ ရက်ကြီးများတွင် ဘုန်းတော်ကြီးများ၊ သက်ကြီးရွယ်အိုများကို ရှိခိုးပူဇော်သည့်အက)

ရိုးရာပွဲလန်းသဘင်များအဖြစ်၊ ကျင်ပွဲ၊ ရထားပွဲ၊ ဆွမ်းကြီးလောင်းပွဲ၊ ဝက်ဘာပွဲ၊ သင်္ကြန်းရေလောင်းပွဲ၊ ဆရာကန်တော့ပွဲ စသည်တို့ရှိပါသည်။

### ရိုးရာအားကစားများ

ကျင်ပွဲသည် ကျောက်ဖြူမြို့နယ်အတွင်း အမျိုးသားအားကစားပွဲဖြစ်သည့် ပွဲကြီးလမ်းကြီးတိုင်းတွင် မပါမဖြစ်သည့် အားကစားနည်းဖြစ်ပါသည်။ ဖမ်းသူ/ခံသူဟူ၍ ခွဲခြားထားပါသည်။ ဖမ်းသူမှစရသည်။ စဖမ်းခြင်းကို ခေါင်းပန်းလှန်၍ အဆုံးအဖြတ်ပေးသည်။ တယောက်က လှဲ့ဖမ်းသည်။ ကျင်ကစားနည်း (၂၇)မျိုးရှိပါသည်။ ကြောင်လိန်၊ တဖက်လျှော့၊ ကြက်တောင်စည်းစသည်များ။

လှေပြိုင်ပွဲများကို ကျောက်ဖြူမြို့ ငလပွေ့ချောင်းထဲတွင် (၁၉၅၂)ခုနှစ်မတိုင်မီ နှစ်စဉ်ကျင်းပခဲ့ပါသည်။ လှေအရှုံးအနိုင်ကို ပန်းဆွဲစနစ်ဖြင့် ဆုံးဖြတ်ပါသည်။ ယင်းလှေပြိုင်ပွဲသို့ မြို့ပေါ်ရပ်ကွက်များနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပါဝင်ယှဉ်ပြိုင်ကြပါသည်။

ဂလီဆန်ရိုက်ခြင်း၊ ဒိုးကစားခြင်း၊ အောင်တိုင်တုတ်ကစားခြင်း၊ အတုတ်လိုက်တန်းကစားခြင်း၊ ဒီဒိုးခြင်း၊ သူလာထုတ်စီးကစားခြင်း၊ မြင်းစီးတမ်းကစားခြင်း၊ လိပ်ဥဝှက်တမ်းကစားခြင်း၊ ခြေရာမလိုက်တမ်းကစားခြင်း၊ ဒေါင်တက်မခုန်တမ်းကစားခြင်း။ ရွှေတံခါးဖွင့်တမ်းကစားခြင်။ ညောင်ပင်တစ္ဆေကစားခြင်း ကြပ်ထုတ်ရိုက်တမ်းကစားခြင်း၊

## (ဆ) ပန်းချီပန်းပုအနုပညာလက်ရာများ

ရှေးဟောင်းဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ ဇရပ်၊ အရိုးတိုက်များ ပိဋ္ဋကတ်တိုက်များတို့တွင် ပန်းချီ၊ ပန်းပု၊ ပန်းရံ၊ ရုပ်လုံး၊ ဇာတ်နိပါတ်တော်များကို ထွင်းထုရေးဆွဲလေ့ရှိပါသည်။ အဆိုပါလက်ရာများမှာ ရမ်းဗြဲကျွန်းသားများကိုယ်တိုင် ကျွမ်းကျင်စွာထုတ်လုပ်တတ်ပြီး ရခိုင်တစ်ပြည်လုံးသို့ သွားရောက်ထွင်းထုကြပါသည်။

### ဘာသာရေးယုံကြည်ကိုးကွယ်မှု

ရခိုင်ပြည်သို့ ဗုဒ္ဓဘာသာရောက်ရှိလာသည်နှင့်တဆက်တည်း ရမ်းဗြဲကျွန်းသို့ ဗုဒ္ဓဘာသာ ပြန့်နှံ့လာရာမှ ကျောက်ဖြူမြို့နယ် ဖြစ်ပေါ်သည့်ဒေသများသို့ ဗုဒ္ဓဘာသာရောက်ရှိထွန်းကား နေပေမည်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို ဦးဆောင်သည့် သံဃာတော်များသည် ဂိုဏ်းများထူထောင်၍ သာသနာ့ဝန် ထမ်းဆောင်နေခဲ့ကြရာ၊ ရမ်းဗြဲမြို့တောင်ကျောင်းဆရာတော်သည် မူလပခန်းသာသနာပိုင်၏ ဂိုဏ်းအုပ်အဖြစ် ခန့်အပ်ခြင်း ခံရပေသည်။ ကျောက်ဖြူမြို့ ယပ်လှဲ့ဂိုဏ်းကို ထူထောင်ခဲ့သော ဦးသာဂရဆရာတော်သည် ပခန်းသာသနာ၏ ဂိုဏ်းထောက်ဆရာတော်အဖြစ် ခန့်အပ်ခံခဲ့ရပါသည်။ ယခုအချိန် ကျောက်ဖြူမြို့နယ်တွင် ထင်ရှားသောဂိုဏ်းများမှာ ကံဂိုဏ်း၊ ဒွါရဂိုဏ်းဟု အဓိကနှစ်ဂိုဏ်းရှိရာ ဒေသဂိုဏ်းများဖြစ်သော၊ ယပ်လှဲ့ဂိုဏ်း၊ နဂါးဂိုဏ်း၊ ကျွန်းစဉ်ဂိုဏ်းများ ဖြစ်ကြပါသည်။ ကျောက်ဖြူမြို့နယ် ဘုန်းတော်ကြီးကျောင်းများအဖြစ် ကျေးရွာအလိုက် (၂၀၀)ကျော် ရှိပါသည်။ ယခုသာသနာတော်သန့်ရှင်းရေးနှင့် တည်နည့်ခိုင်မြဲရေးတွင် ဗဟိုသံဃာဝန်ဆောင် ဆရာတော်များအဖြစ် ကျောက်ဖြူမြို့ နဝါးကျောင်းဆရာတော်ကြီး ဦးဝဏ္ဏနှင့် ဘုရားကြီးကျောင်းတိုက်ဆရာတော်ဦးပဏ္ဏဝတို့ ဖြစ်ပါသည်။

**စာပေ**

ကျောက်ဖြူမြို့နယ်သည် ဗြိတိသျှလက်အောက် ရောက်ရှိသည့်အချိန်၌သာ ဖွဲ့စည်းတည်ထောင်ခဲ့သော မြို့နယ်ခရိုင်ဖြစ်သဖြင့် ရှေးမင်းများလက်ထက်တွင် ထင်ရှားခဲ့သော စာဆိုတော်များ စာပေကျမ်းဂန်များ မရှိခဲ့ပါ။

သို့သော် ဒေသအလိုက်၊ ကျေးလက်အလိုက် ရိုးရာစာပေလင်္ကာအဖြစ် စပ်ဆိုသီဖွဲ့ခဲ့သော ဇမ်းသီချင်း ရှိပေသည်။ ၎င်းပြင်သီချင်းနှင့် အထောက်တတ်ခြင်းများကို ကျောက်ဖြူမြို့နယ် ဇင်ချောင်းကုန်းဘွေဆရာတော် စပ်ဆိုရာ၌ ထင်ရှားခဲ့ပေသည်။ ကျောက်ဖြူမြို့နယ် ငအုပ်ဆရာတော် ဦးကေသရသည် ဇမ်းခြင်းလင်္ကာအဖြစ် စန္ဒကုမ္မာဇမ်းခြင်း၊ စန္ဒကိန္နရာဇမ်းခြင်း၊ သုမ္ဘမိကုလင်္ကာတို့ကို ရေးစပ်ခဲ့ကြောင်း သိရှိရပါသည်။

ကျောက်ဖြူမြို့နယ်အတွင်း ဒေသရိုးရာပုံပြင်များအဖြစ် ရထားပွဲပုံပြင်၊ ဇမ်းပုံပြင်၊ နှစ်ဆန်းဘုရားပွဲပုံပြင်များ ရှိပါသည်။

(၁၉၆၂)-ခုတော်လှန်ရေးကောင်စီ၏ ဆောင်ရွက်ချက်အရ ပြည်ထောင်စုနေ့များကို စတင်၍ အနှစ်သာရပြည့်ဝစွာဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပလာခဲ့ရာ တိုင်းရင်းသားလူမျိုးများသည် မိမိတို့ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်မွမ်းမံ၍ နိုင်ငံတော်သို့ တင်ပြခွင့်ရရှိလာကြသည်။ ရခိုင်ပြည်နယ်မှ တင်ဆက်ခဲ့သော ယဉ်ကျေးမှုယိမ်းအဖွဲ့များတွင် ကျောက်ဖြူမြို့နယ်မှ ဇမ်းယိမ်း၊ ရထားပန်းယိုင်ယိမ်း၊ ကျင်ယိမ်း၊ သင်္ကြန်ယိမ်း၊ စသည်များဖြစ်ကြသည်။ အဆိုပါယိမ်းများကို ဆရာကြီးဦးလုံးမှ ဖော်ထုတ်မွမ်းမံပြင်ဆင် စပ်ဆိုခဲ့သည်။ ရထားပန်းယိုင်ယိမ်းသည် တစ်နိုင်ငံလုံးမှ အနှစ်သက်ဆုံးဖြစ်ပြီး ရခိုင်ယဉ်ကျေးမှုပြယုဒ်အဖြစ် ယနေ့ထက်တိုင် ထင်ရှားလျှက်ရှိပါသည်။

ရခိုင်ပြည်နယ်တွင် မြောက်ပိုင်းရခိုင်တို့ပြောဆိုသော အသံစကားနှင့် ရမ်းဗြဲရခိုင်တို့ပြောဆိုသော အသံစကားဟူ၍ အထင်အရှားရှိရာ ရမ်းဗြဲရခိုင်စကားသည် နေရာအနှံ့နှင့်အများဆုံး ပြောဆိုကြသောစကား ဖြစ်ပါသည်။ ကျောက်ဖြူမြို့နယ်တွင် ရမ်းဗြဲရခိုင်စကားကို ပြောဆိုကြသည်။ စာပေအရေးအသားတွင်လည်း စကားသံကို အတုပြု၍ ရေးသားရွက်ဆိုကြရာ ဇမ်းများ၊ သာခြင်းများ၊ ပျို့လင်္ကာများသည် ယခုထက်တိုင် ရှေးရမ်းဗြဲရခိုင်စကားများနှင့် မှတ်သားရွတ်ဆိုလျှက် ရှိကြပါသည်။ ယခုခေတ်တွင်ကား ကျောင်းစာအလိုက် စာကို မြန်မာအသုံးအနှုန်းအတိုင်းရေးပြီး၊ စကားကိုသာ မိမိဘာသာစကားအတိုင်း ပြောဆိုကြပါသည်။

## နိဂုံး

ယနေ့ဖြစ်ပျက်တတ်သော အဖြစ်အပျက်ကိစ္စတစ်ရပ်သည် မနက်ဖန်တွင် သမိုင်းတစ်ခု ဖြစ်လာပေသည်။ ထိုနည်းတူစွာ၊ လွန်ခဲ့သောနှစ်ပေါင်း(၁၅၀)ခန့် ဖြစ်ပျက်ပေါ်ပေါက်ခဲ့သော ကျောက်ဖြူမြို့၏ဖြစ်ရပ်များကိုလည်း စုစည်းပြုစုသောအခါ ကျောက်ဖြူမြို့နယ်၏ သမိုင်းမှတ်တမ်းတစ်ခု ဖြစ်လာပေသည်။

ရမ်းဗြဲကျွန်း၏ ကျွန်းဦးတွင်ရှိသော ကျောက်ဖြူမြို့နယ်သည်၊ ရှေးပဒေသရာဇ်မင်းများ၏ အုပ်ချုပ်မှုကို မခံရသော်လည်း အစီအစဉ်တကျ ဖိနှိပ်ချုပ်ချယ်သွေးစုပ်ယူတတ်သော ဗြိတိသျှကိုလိုနီအစိုးရလက်အောက်တွင်၊ ကျွန်သဘောက်အဖြစ် မွေးဖွားကြီးပြင်းလာခဲ့ရသည်။ ပါးရိုက်၍ အုပ်ချုပ်တတ်သော ဖက်ဆစ်ဂျပန်အစိုးရနှင့်လည်း ဆုံဆည်းခဲ့ရပြန်ပါသည်။ သုံးနေ့နှင့် သုံးညတိုင်တိုင် မီးလောင်ဗုံးကြဲ၍ ပြာအတိသာကျန်ခဲ့ရသော မြို့ကျောက်ဖြူဘဝနှင့်လည်း ကြုံခဲ့ရသည်။ ရွှေပြဿဒ်၊ ငွေပြဿဒ်များတင်၍ လွတ်လပ်ရေးသဘင်ကို ဆင်ယင်ကျင်းပနိုင်သောအခါတွင်မူကား ပျော်ရွှင်မဆုံး တပြုံးပြုံးဖြစ်ခဲ့ရပြန်သည်။

ထိုမှတဖန် နိုင်ငံရေးပါတီစုံတို့၏ အပြန်အလှန် စကားစစ် ထိုးနှက်ပြီး ဝါဒပြိုင်ခဲ့ကြသော ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ပါဝင်ခဲ့ရသည်။ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးကို ဆင်နွှဲရင်း၊ ပြည်သူများကိုယ်တိုင် ကျယ်ပြန့်စွာ ပါဝင်စီမံကြရသော ဆိုရှယ်လစ်ဒီမိုကရေစီ စီမံခန့်ခွဲမှုကိုလည်း ကိုယ်တိုင်ပါဝင်ဆောင်ရွက် လာကြရပြန်ပါသည်။

ဤသို့လျှင် ကျွန်ုပ်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံ သမိုင်းရေစီးကြောင်းထဲတွင် ကျောက်ဖြူမြို့နယ်၏သမိုင်းသည်လည်း ဒွန်တွဲ၍ဖြစ်ပျက် ပါဝင်ခဲ့ရပေသည်။ တခါတခါကျောက်ဖြူမြို့နယ်၏ သီးခြားဖြစ်ရပ်များသည်လည်း သူ့သမိုင်းထဲတွင်၊ သူ့အသွင်နှင့်သူ ပေါ်လွင်ခဲ့သည်ကို တွေ့ရှိရပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ သမိုင်းအဓွန့်ရှည်စေရန် ကြိုးပမ်းရင်းဖြင့်၊ ကျောက်ဖြူမြို့နယ်၏သမိုင်းဖြစ်စဉ် သက်တမ်းသည်လည်း တဆက်တည်း အဓွန့်ရှည်ပါစေသတည်း။